၁။လေးစားရတဲ့သောတရှင်များရှင့်

၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်အကျဉ်းထောင်ထဲမှာကဗျာတွေအများကြီးစပ်ခဲ့ဘူးပါတယ်။ထောင်ထဲမှာကဗျာဆရာကကဗျာကိုပါးစပ်နဲ့ရေးပြီးပရိတ်သပ်ကနားနဲ့ဖတ်ပါတယ်။ဒီတော့ကဗျာကိုအပြည့်အစုံမဟုတ်တော့ဘဲမှတ်မိသလောက်ကိုဘဲပြန်ပြောနိုင်ကြတော့တယ်။အဲဒီကဗျာတွေထဲကမောင်ရုပ်ဆိုးဆိုတဲ့ကဗျာလေးကကရုဏာသက်စရာ။ခေတ်နဲ့ယှဉ်တဲ့လူ့ဘဝကိုပေါ် လွင်တဲ့ကဗျာလေးပါပဲ။ကဗျာထဲမှာမိခင်နမတွေသားနဲ့မောင်အတွက်သတိုးသမီးရှာသတဲ့။မိန်းကလေးမိဘတွေကယောက်ျားလေးရှင်ကိုမေးပါတယ်။

”သတိုးသားလောင်းကရုပ်ချောရဲ့လား။ပညာတတ်ရဲ့လား။အလုပ်ကောင်းကောင်းရှိရဲ့လား။ငွေရှာကောင်းရဲ့လားတဲ့။ဒီတော့အမေနဲ့နမတွေကသတိုးသားကရုပ်ရည်ကရွက်ကြမ်းရေကျို၊ကျောင်းပြီးအောင်တောင်မတက်ခဲ့ရဘူး။အလုပ်လက်မယ့်ထောင်ထွက်ဆိုတော့သတိုးသမီးဘက်ကခါးခါးသီးသီးငြင်းလိုက်တဲ့အကြောင်းပါ။

၂၀၀၅ခုနစ်မှာကိုမင်းကိုနိုင်ထောင်ကပြန်လွတ်လာတော့အဲဒ့ီကဗျာအကြောင်းကျမမေးခဲ့ပါတယ်။”ဒီကဗျာကနိုင်ငံရေးသမားလူငယ်တွေကိုကိုယ်စားပြုတာပါအမရယ်လို့သူ့ဟန်အတိုင်းပြုံးစစနဲ့အရွှန်းဖောက်တယ်။နိုင်ငံရေးသမားလူငယ်တွေရဲ့အချစ်ရေးကလဲတိုင်းပြည်ရေးနဲ့ဆက်စပ်နေတာမို့လား။နိုင်ငံရေးသမားတွေကိုနားလည်ပေးနိုင်တဲ့ဇနီးမယားတွေအများကြီးရှိသလိုဇနီးမယားတွေရဲ့အငြင်းပယ်ခံရပြီးသံတိုင်တွေနောက်ကွာရှင်းစာချုပ်တွေရောက်ခဲ့တာလည်းရှိပါတယ်။ထောင်ထဲကနိုင်ငံရေးအကျဉ်းသမားဘယ့်လောက်ကြေကွဲခဲ့ရတယ်ဆိုတဲ့အဖြစ်အပျက်တွေလည်းကျမတို့နာနာကျင်ကျင်နားထောင်ခဲ့ရဘူးပါတယ်။

မွန်သူရဲကောင်းလဂွန်းအိမ်ကရှေ့တန်းထွက်မှသူရဲကောင်းမဟုတ်ပါဘူး။နောက်တန်းကနေပြီးသူရဲကောင်းအတွက်ပါရမီဖြည့်နေတဲ့သူကလည်းသူရဲကောင်းပါလို့ပြောခဲ့တဲ့စကားကျမဖတ်ခဲ့ဘူးပါတယ်။ခင်ပွန်းသည်ကိုအရိပ်လိုအတူလိုက်၊နောက်တန်းကနေအင်အားဖြည့်မေတ္တာအပြည့်နဲ့ကူညီသူအမျိုးသမီးတွေကိုပြောတာဖြစ်ပါလိမ့်မယ်။အိမ်

ထောင်ဖက်ဇနီးမောင်နှံဆိုတာဘဝခရီးဖော်ပါပဲ။လူ့ဘဝခရီးရှည်ကြီးကိုအတူတကွဖြတ်သန်းရတဲ့ရဲဘော်ရဲဘက်နှစ်ဦးပါ။သေအတူရှင်မကွာလောကဓံကိုရင်ဆိုင်မယ်။ဆင်းရဲအတူချမ်းသာအတူအေးအတူပူအမျှလို့စဉ်းစားဆုံးဖြတ်ပြီးဘဝခရီးကိုအတူလျှောက်ခဲ့ကြတာပါ။ဒီထဲကမှအုပ်ချုပ်သူရဲ့ဖိနှိပ်မှုကြောင့်မိမိတိုင်းပြည်ပြည်သူလူထုအတွက်တိုက်ပွဲဝင်ကြတဲ့နိုင်ငံရေးသမားလောကဓံလှိုင်းကမိသားစုကိုပါရိုက်ခတ်ပါတော့တယ်။လှိုင်းဆိုတာဂယက်ထတတ်ပါတယ်။လှိုင်းရဲ့အားပေါ် မူတည်ပြီးဂယက်အရှိန်ဆိုတာပါလာပြီ။ဒီလှိုင်းဂယက်ကိုမျှဝေခံစားနိုင်သူဇနီးသည်ကြောင့်သေတပန်သက်တဆုံးမြဲသူမြဲသလို၊မျှဝေမခံစားနိုင်သူဇနီးသည်ကြောင့်ကွဲသူတွေကွဲသွားဘူးပါတယ်။

ထောင်ဝင်စာမှာကွာရှင်းစာချုပ်ပေါ် လက်မှတ်ထိုးပေးခဲ့ပြီးအခန်းအပြန်မှာသက်ပြင်းချသူချ၊တောက်ခေါက်လို့ငိုကြွေးသူကငိုကြွေး၊အပြစ်မမြင်ဘဲဒါစနစ်ရဲ့သားကောင်လို့ကြုံးဝါးသူတွေရဲ့ကြေကွဲနာကျင်ခံစားရတဲ့ထောင်တွင်းပုံပြင်တွေလဲအများကြီးပါ။ဒီထဲကမှယနေ့ကျမတို့မြန်မာနိုင်ငံမှာနိုင်ငံရေးသမားတွေကိုမတရားဖမ်းဆီး။နှစ်ရှည်ထောင်ဒဏ်တွေချမှတ်၊နယ်စွန်နယ်ဖျားထောင်တွေဆီပို့နေတဲ့ကြားကအမိန့်ချမယ့်နေ့တရားခွင်မှာနိုင်ငံရေးသမားကိုခင်မောင်ဝင်းနဲ့သူ့ချစ်သူမပန်းဝါတို့ရုံးတော်မှာလက်မှတ်ထိုးသတဲ့။တရားရုံးတော်ကအမိန့်ချမယ့်နေ့တရားခွင်မှာဒီအဖြစ်ကကြားမကောင်းပါဘူးလို့တောင်းပန်ရတဲ့အထိ။ဒီအဖြစ်ကိုကြားလို့ရုံးတော်နားရောက်လာတဲ့လူထုကိုသတို့သားကတရားခွင်ကနေလှမ်းဧည့်ခံတယ်။အသစ်စက်စက်ဇနီးသည်ကိုအခုလက်မှတ်ထိုးအခုခွဲပြီးအချုပ်ကားနဲ့ပဲခူးထောင်ပြန်သွားရတဲ့အဖြစ်ကစိတ်ကူးမြင်ကွင်းထဲမှာပြန်ကြည့်ရင်တောင်သိပ်ကိုကြေကွဲစရာကောင်းလှပါတယ်။

မျက်ရည်စနဲ့အချုပ်ကားကိုလှမ်းကြည့်ပြီးကျန်ခဲ့တဲ့ဇနီးသည်အသစ်စက်စက်က"ဘယ်နေရောက်ရောက်ထောင်ဝင်စာလိုက်တွေ့မယ်"လို့ခင်ပွန်းသည်ကိုမှာလိုက်တဲ့အသံကအားမာန်အပြည့်နဲ့အုပ်စိုးသူကိုစိမ်ခေါ် လိုက်သလိုပါပဲ။ဒီလိုမျိုးအမျိုးသမီးငယ်တွေရှိတဲ့နိုင်ငံမှာဒီမိုကရေစီရေးအင်အားတရပ်အဖြစ်တည်ရှိနေခြင်းဟာလဲဝမ်းမြောက်စရာပါ။ပြည်သူလူထုကအားသူတို့ဇနီးမောင်နှံကိုမင်္ဂလာလက်ဖွဲ့အဖြစ်ချီးမြှောက်လိုက်တဲ့လက်ခုတ်သံတွေတော်တော်နဲ့စဲမသွားတော့ပါဘူး။

အချုပ်ကားပေါ် ကသတိုးသားကပြည်သူလူထုကိုနုတ်ဆက်သွားပါတယ်။ကိုမင်းကိုနိုင်ရဲ့ကဗျာတပုဒ်နဲ့ပါ။ကျောင်းနံရံတဝိုက်ဒေါင်းအလံစိုက်တဲ့နေ့ငါပြန်လာမယ်တဲ့။သူရဲကေ ာင်းတွေရှိတဲ့တိုင်းပြည်မှာအမှောင်လှိုင်းတွေဘယ်လောက့်ထန်ထန်ရိုက်ချိုးမှောက်လှ န့်အောင်ပွဲခံနိုင်ကြမှာပါ။

အမှန်တရားကိုသတ္တိနဲ့ရှာဖွေဖော်ထုတ်မှုကိုတန်ဖိုးထားတတ်တဲ့လူသားတိုင်းခံစားနိုင်ကြပါစေ။

ကျေးဇူးတင်ပါတယ်။

ကျမနှင်းပန်းအိမ်ပါ

၂။လေးစားရတဲ့သောတရှင်များရှင်

၁၉၉၅-၉၆ဝန်းကျင်လောက်ကကျမတို့နိုင်ငံရေးလောကအသိုင်းအဝန်းကြားထဲမှနိုင်ငံရေးသမားတွေကိုစစ်အစိုးရကနိုပ်ကွပ်ဖို့ဝေးလံခေါင်သီတဲ့အကျဉ်းစခန်းတွေဆောက်နေပြီဆိုတဲ့အကြောင်းကျမကြားခဲ့ရပါတယ်။တကယ်လားကောလဟာလားဆိုတာကျမတို့မသိခဲ့ပါဘူး။သတင်းလွတ်လပ်ခွင့်မရှိတဲ့ကျမတို့နိုင်ငံမှာကောလဟာလကနေတကယ်ဖြစ်ခဲ့တာတွေရှိခဲ့သလိုလေထဲကလာပြီးလေထဲမှာဘဲပျောက်ခဲ့တာတွေလဲရှိပါတယ်၊နိုင်ငံရေးသမားတွေကိုခြောက်လှန့်ချင်တဲ့သဘောနဲ့ဝါဒဖြန့်ချီတာလားလို့တွေးထင်ခဲ့ပေမယ့်၁၉၉၈ခုရောက်မှဒီအဖြစ်အပျက်ဟာတကယ်ပါလားလို့အထင်အရှားအံ့သြထိတ်လန့်တွေ့ကြုံရင်ဆိုင်ခဲ့ရပါတယ်။၁၉၉၈ဖေဖေါ် ဝါရီ၁၈ရက်နေ့မှာနိုင်ငံရေးမှုနဲ့အဖမ်းခံရတဲ့ခင်ပွန်းသည်ကိုပြစ်ဒဏ်၁၄နှစ်နဲ့စစ်ကိုင်းတိုင်းကလေးမြို့နယ်မော်လိုက်လေးရွာအကျဉ်းထောင်ကိုအင်းစိန်ထောင်ကနေရွှေ့ပြောင်းခံခဲ့ရပါတယ်။ကလေးအကျဉ်းထောင်၊ခန္တီးအကျဉ်းထောင်၊ဘူးသီးတောင်အကျဉ်းထောင်အစရှိတဲ့ထောင်သုံးထောင်ကိုတစ်ပြိုက်နက်ဆောက်တဲ့နေရာမှာစစ်ကိုင်းတိုင်းကလေးအကျဉ်းထောင်ကအရင်ပြီးတဲ့အတွက်ဦးဆောင်ပြီးဆောက်တဲ့ထောင်ပိုင်ဦးသာဦးကိုစစ်အစိုးရကရာထူးအဆင့်မြှင့်ပြီးချီးမြှောက်ခဲ့ပါတယ်။ဒုတိယခန္တီးထောင်၊တတိယဘူးသီးတောင်ထောင်တို့ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ဒေသသားပစ်မှုကျူးလွန်သူတွေအတွက်ထောင်တွေဆောက်လုပ်ခဲ့တာ

ပါလို့ပြောပေမယ့်တကယ်ကတော့ဒေသသားမဟုတ်တဲ့စစ်အစိုးရဆန့်ကျင်သူနိုင်ငံရေးသမားတွေကိုညှဉ်းပန်းနှိပ်စက်ဖို့အတွက်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ကလေးမြို့ကနိုင်ငံရေးအကျဉ်းသမားများကိုတော့ကလေးမြို့နဲ့ဝေးတဲ့မန္တလေးထောင်၊မြစ်ကြီးနားထောင်တွေကိုပို့ခဲ့ပြီးမြစ်ဝကျွန်းပေါ် ရန်ကုန်မှအကျဉ်းသမားများကိုတော့ကလေး၊ခန္တီး၊ဘူးသီးတောင်၊ပူတာအို၊မိုင်းဆတ်အကျဉ်းထောင်တွေကိုပို့ဆောင်ချုပ်နှောင်ခဲ့တာပါ။အဲဒီအထဲကကလေးအကျဉ်းထောင်ကိုနိုင်ငံရေးအကျဉ်းသမား၁၅ဦးနဲ့၁၉၉၈မေလမှာစတင်ဖွင့်လှစ်ခဲ့ပါတယ်။တောရိုင်းမြေသချိုင်းဟောင်းကြီးပေါ် မှာကလေးထောင်ကိုတည်ဆောက်ထားတာပါ။ဂျွန်လမှာကျမထောင်ဝင်စာသွားတွေ့တော့လေးထောင့်ပတ်လည်ထောင်အုတ်ရိုးနဲ့ဘူးတံခါးသာတည်ဆောက်ပြီးပါသေးတယ်။ထောင်အတွင်းကသစ်သားအဆောင်နှစ်ခုကိုထောင်ဝင်စာအခန်းကနေလှမ်းမြင်ရပါတယ်။အဆောက်အဦးဆိုလို့ထမင်းချက်တဲ့ဖိုနဲ့သစ်သားအဆောင်နှစ်ခုပဲရှိပါသေးတယ်။မိန်းမဆောင်မဆောက်ရသေးပါဘူး။ယခုလက်ရှိဘူးတံခါးအထက်မှာရှိတဲ့ထောင်ပိုင်အိမ်လဲမရှိသေးပါဘူး။ဆောက်လက်စအင်္ဂတေတွေဖွာလန်ကျဲနေတဲ့နေရာကိုသန့်ရှင်းရေးမလုပ်ပဲနိုင်ငံရေးအကျဉ်းသမားတွေကိုထားပါတယ်။အားချင်းတည်ဆောက်ပြီးတော့ဗိုလ်ခင်ညွှန့်အမိန့်နဲ့ပို့ဆောင်ခြင်းဖြစ်တယ်လို့သိရပါတယ်။အင်းစိန်ထောင်ကနေမန္တလေးထောင်၊မန္တလေးထောင်ကနေမုံရွာထောင်၊မုံရွာထောင်ကနေကလေးအကျဉ်းထောင်အထိသံခြေကျင်းခတ်ပြီးခေါ် ဆောင်လာခြင်းခံရတဲ့နိုင်ငံရေးအကျဉ်းသမားတွေကလေးထောင်ရောက်တော့သိပ်ကိုပင်ပန်းနွမ်းနယ်နေကြပါပြီ။သံခြေကျင်းနဲ့ထောင်မှာမှတ်ပုံတင်ပြီးအခန်းထဲကိုသွင်းလိုက်ပါတယ်။အခန်းထဲကအမှိုက်ပုံတွေကိုရှင်းပြီးကိုယ့်တစ်နေရာစာနေရာလေးကိုလှဲကျင်းပြီးနေခဲ့ရပါတယ်။သံခြေကျင်းကြောင့်ရခဲ့တဲ့အနာတွေလဲတော်တော်နဲ့မပျောက်ခဲ့ပါဘူး။မနက်ကို၁၅မိနစ်ကိုယ်လက်အကြောဖြေရေချိုးခွင့်ပေးပါတယ်။ရေကလဲရှားပါးကိုယ်တာစနစ်နဲ့သောက်ရေသုံးရေရရှိပါတယ်။မလုံလောက်တဲ့အတွက်ခဏခဏထောင်အာဏာပိုင်နဲ့အကျဉ်းသမားများပြဿနာပေါ် ခဲ့ရပါတယ်။တနေ့လုံး၁၅မိနစ်ပဲအခန်းအပြင်ထွက်ရတာပါ။

ညဆိုရင်ညကိုးနာရီအထိပဲမီးစက်မောင်းပြီးမီးအလင်းရောင်ပေးပါတယ်။၉နာရီကျော်ရင်တော့ထောင်တစ်ခုလုံးတိတ်ဆိတ်မဲမှောင်သွားပြီးထောင်ဝန်ထမ်းရဲ့သံချောင်းခေါက်သံ၊ဘာယာအော်သံ၊တောတောင်တွေထဲကခွေးအအူသံ၊ငှက်ဆိုးထိုးသံတွေကအသဲငယ်သူများအဖို့သွေးပျက်ချင်စရာပါပဲ။အိပ်ယာထဲလှဲလိုက်တာနဲ့ပိုးမွှားတွေရဲ့နှိပ်စက်မှု၊ကင်းမြီးကောက်အဖြူအနက်အမျိုးမျိုး၊လူပေါ်ဖြတ်ဖြတ်ပြေးတဲ့မြေကြွက်ကြီးတွေကြောင့်ညဘက်တွေမှာမအိပ်နိုင်ပဲသံတိုင်ကိုကိုင်ပြီးငုတ်တုတ်ထိုင်နေရပါတယ်။ရာသီဥတုရဲ့ဒဏ်၊အာဟာရပြတ်လပ်တဲ့ဒဏ်၊အနောပလီလို့ခေါ်တဲ့ငှက်ဖျားခြင်တွေရဲ့ဒဏ်ကြောင့်မေလကုန်မှာရောက်တဲ့နိုင်ငံရေးအကျဉ်းသမားတွေဇူလိုင်လမှာငှက်ဖျားဖြစ်ကုန်ကြပါတယ်။ထောင်ကမနက်စာထမင်းစွန်တာနီပဲဟင်းရေကျဲတစ်ခွက်နဲ့ငပိတစ်ကော်ပဲကျွေးပါတယ်။ထောင်ကပေးတဲ့ငပိကိုယင်ကောင်လဲမနားပါဘူး။ကြွက်လဲမစားပါဘူး။ထောင်ပိုင်ပြဟင်းခွက်နဲ့လုံးဝတူညီမှုမရှိတဲ့ဟင်းခွက်နဲ့အသက်ဆက်ခဲ့ရတဲ့နိုင်ငံရေးအကျဉ်းသမားတွေငှက်ဖျားရောဂါရဲ့နှိပ်စက်မှုကိုအလူးအလဲခံကြရပါတော့တယ်။ငှက်ဖျားရဲ့သဘာဝကအားနည်းရင်ဖြစ်တတ်ပါတယ်။လုံလောက်တဲ့ဆေးဝါးကုသမှု၊လုံလောက်တဲ့အာဟာရမရှိမှုကြောင့်ငှက်ဖျားရောဂါဟာနာတာရှည်ဖြစ်လာပါတယ်။

ခြင်ထောင်မရှိဂုံနီအိတ်အခင်းပေါ်မှာအိပ်စက်ကြရတဲ့သူတွေဟာငှက်ဖျားအွန္တရယ်ကိုဘယ်လိုမှမကာကွယ်မခုခံနိုင်ကြပါဘူး။နိုင်ငံရေးအကျဉ်းသားတွေရဲ့အဆောင်ကဆေးရုံလူနာဆောင်အဖြစ်ပြောင်းလဲသွားပါတော့တယ်။နိုင်ငံရေးအကျဉ်းသမားတွေအသက်ရှင်တည်ရှိရေးအတွက်ငြင်းပါယ်ခံရတဲ့အချိန်မှာထောင်အာဏာပိုင်များနဲ့ပဋိပက္ခအပြင်းအထန်ဖြစ်ပါတယ်။အနည်းငယ်ကျန်းမာရေးကောင်းတဲ့သူတွေကပုံသဏ္ဍာန်မျိုးစုံနဲ့တိုက်ပွဲဆင်ကြပါတယ်။ဖွင့်ချတိုက်ခိုက်ခြင်း၊အစာငတ်ခံတိုက်ပွဲဝင်ခြင်းများပြုလုပ်ခဲ့ပါတယ်။တောင်းဆိုချက်တွေကတော့ငှက်ဖျားကင်းလွတ်တဲ့မိသားစုနဲ့အနီးဆုံးအကျဉ်းထောင်တွေကိုပြောင်းရွှေ့ပေးရေး၊နောက်ထပ်ဒေသသားမဟုတ်တဲ့နိုင်ငံရေးအကျဉ်းသမားများမပို့ရေးတို့ပါပဲ။ဒီအခါကျမှအာဏာပိုင်တွေဘက်ကအလျှော့အတင်းလုပ်ညှိနှိုင်းပြီးဆေးဝါးကုသပေးပါတယ်။ထောင်ပြောင်းရွှေ့မှုကိစ္စကိုတော့အထက်ကိုတင်ပြမယ်ပြောပြီး၁၅မိနစ်သာဖွင့်တဲ့တံခါးကိုနာရီဝက်တိုးပြီးဖွင့်လှစ်ပေးခဲ့ပါတယ်။

ဒီလိုဒုက္ခဆိုးတွေနဲ့ရင်ဆိုင်ပြီးမြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက်ကိုယ့်အတ္တတွေကို စွန့်လွှတ်ရင်ဆိုင်နေကြတဲ့နိုင်ငံရေးအကျဉ်းသမားတွေမြန်မာပြည်မှာယုတ်လျော့သွား ခြင်းမရှိပါဘူး။ထောင်တွေတိုးပွားခဲ့သလိုစစ်အစိုးရဆန့်ကျင်ရေးနိုင်ငံရေးအကျဉ်းသမာ းတွေလဲတိုးပွားလျှက်ရှိပါတယ်။စစ်အစိုးရမပြောင်းလဲသမျှစစ်အာဏာရှင်မချုပ်ငြိမ်းသ မျှပြည်သူ့ဘက်သားတော်လှန်ရေးသမားအထောင်အသောင်းတွေလဲပေါ် ပေါက်လျှက် ရှိနေဦးမှာပဲလိုကျမယုံကြည်မိပါတယ်။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ...ကျမ...နှင်းပန်းအိမ်ပါ...။

၃။လေးစားရတဲ့သောတရှင်များရှင်

လူ့ဘဝခရီးတွေထဲမှာအကြောင်းအရာမျိုးစုံရှိပါတယ်။ဒီခရီးတွေထဲကထောင်ဝင်စာဆို တဲ့ခရီးမျိုးတခြားနိုင်ငံတွေမှာရှိမယ်မထင်ပါဘူး။ကျမတို့မြန်မာနိုင်ငံမှာတော့ဝေးလံခေါ င်သီတဲ့အကျဉ်းစခန်းတွေမှာရှိတဲ့ကိုယ့်မိသားစုဝင်တွေကိုထောင်ဝင်စာတွေ့နိုင်ဖို့သွား နေကြရပါတယ်။မြန်မာပြည်ရဲ့အစွန်အဖျားနေရာတွေမှာထောင်တွေဆောက်ပြီးအကျဉ် းကျသူကိုရောအကျဉ်းကျမိသားစုကိုပါဒုက္ခရောက်အောင်စစ်အာဏာရှင်ကစနစ်တကျ ပြင်ဆင်ခဲ့တာပါ။အကျဉ်းကျနေသူကလဲထောင်ရဲ့အခက်အခဲ၊ဒေသရဲ့ကြမ်းတမ်းတဲ့ရာ သီဉတုကိုယုံကြည်ချက်နဲ့ကြံ့ကြံ့ခံပြီးအကျဉ်းထောင်ထဲမှာတိုက်ပွဲဝင်ကြပါတယ်။အ ကျဉ်းကျမိသားစုကလဲကိုယ့်မိသားစုအပေါ် မှာထားတဲ့ချစ်ခြင်းမေတ္တာနဲ့ထောင်ဝင်စာ တွေ့နိုင်ဖို့အပြင်မှာရုန်းကန်တိုက်ပွဲဝင်ကြပါတယ်။

နိုင်ငံရေးသမားတွေကို၁၉၉၈မှာဝေးလံခေါင်သီတဲ့အကျဉ်းစခန်းတွေဆီကိုပြစ်ဒဏ်တွေ အများကြီးနဲ့ပို့လိုက်တော့အပြင်မှာကျန်တဲ့မိသားစုတွေကိုကြည့်ပြီးကဗျားဆရာကြီး ဦးတင်မိုးကရဲဘော်တွေကအကျဉ်းထောင်မှာနေရသလိုကျန်တဲ့မိသားစုတွေကမိတ် ဆွေပိုများတော့အကျယ်ထောင်ပေ့ါသမီးရယ်လို့မချိတင်ကဲအားပေးပါတယ်။ကျမတို့ ကလဲလူချင်းဘယ်လောက်ဝေးဝေးစိတ်ချင်းနီးဖို့ကအဓိကလို့ကြွေးကြော်ပြီးထောင်ဝင်

စာတွေ့ဖို့ကြိုးစားကြပါတယ်။ကျမတို့ကိုကြည့်ပြီးမလိုသူတွေကခြေညောင်းကြွေးတင်လို့ကွယ်ရာမှာစကားတင်းဆိုကြပါတယ်။

သထုံမြို့နယ်ပြည်သူ့လွှတ်တော်အမတ်ကိုခွန်မြင့်ထွန်းရဲ့မိခင်အသက်၇၀ကျော်အမေအိုကသထုံမြို့ကနေစစ်တွေမြို့ဘူးသီးတောင်အထိသွားတွေ့ရတဲ့အကြောင်းကျမပြောပါရစေ။ဗမာအိုကျောင်းကြိုကျောင်းကြားလို့စကားပုံရှိပေမယ့်အမေကြီးကတော့စစ်အာဏာရှင်စနစ်ကြောင့်ပင်လယ်မြစ်ချောင်း၊တောတောင်အသွယ်သွယ်ကိုဖြတ်သန်းပြီးထောင်ဝင်စာတွေ့နေရပါတယ်။သားဆိုတဲ့အင်အားနဲ့အမေအိုကခရီးကြမ်းကိုကျော်ဖြတ်ခဲ့တယ်။မိခင်တစ်ယောက်ရဲ့အားမာန်၊မိခင်တစ်ယောက်ရဲ့ချစ်ခြင်း၊မိခင်တစ်ယောက်ရဲ့မေတ္တာဇောကကြီးမားလေတော့ခရီးမိုင်အများကြီးကိုကျော်လွှားနိုင်ခဲ့ပါတယ်။အမေကြီးကသထုံကနေသားဖြစ်သူကိုတွေ့နိုင်ဖို့မွန္တလေး၊ကလေးထောင်တွေဆီ ကိုသွားခဲ့ဖူးပါပြီ။ကလေးအကျဉ်းထောင်ကနေဘူးသီးတောင်အကျဉ်းထောင်ကိုပို့လိုက်တော့အမေကြီးသိပ်ကိုစိုးရိမ်သွားပါတယ်။ကျမကိုသူနဲ့အဖော်အဖြစ်လိုက်ခဲ့ဖို့ခေါ် ခဲ့တာပါ။”ငါ့သားတော့ဒုက္ခရောက်ပြီ။မြင့်ထွန်းတော့ဒုက္ခရောက်နေပြီ”လို့ပြောပြီးဘူးသီးတောင်ထောင်ကိုသွားဖို့ကြိုးစားပါတယ်။ရန်ကုန်ကနေစစ်တွေကိုဘယ်လောက်ကြာကြာကားစီးရမယ်ဆိုတာစစ်တွေကနေဘူးသီးတောင်အကျဉ်းထောင်ကိုဘယ်လိုသွားရမယ်ဆိုတာခန့်မှန်းခြေတောင်ကျမတို့သိတာမဟုတ်ပါဘူး။

ကမ္ဘာ့ကြက်ခြေနီကလဲဘူးသီးတောင်ထောင်ဆိုတာရှိလို့လားလို့ပြန်မေးရတဲ့အထိပါ။ဘူးသီးတောင်အကျဉ်းထောင်ကိုနိုင်ငံရေးအကျဉ်းသမားအနေနဲ့ကိုခွန်မြင့်ထွန်းကိုအရင်ဆုံးပို့ခဲ့တာပါ။ထောင်ဝင်စာအနေနဲ့လဲပထမဆုံးအမေကြီးနဲ့ကျမထောင်ဝင်စာတွေ့ခဲ့ရတာပါ။စော်ဘွားကြီးကုန်းကနေစစ်တွေကားကိုပထမဦးဆုံးစီးရတာပါ။ကားခကတစ်ယောက်ကို၆၀၀၀ကျပ်ပေးရပါတယ်။ကျမတို့ကားကနေ့လည်တစ်နာရီမှာစထွက်ပါတယ်။မှတ်မှတ်ရရ(၂၈၊၉၊၂၀၀၂)နေ့ကစသွားတာပါ။ရန်ကုန်ပြည်လမ်းကားလမ်းကောင်းပေမယ့်ကားဒိုင်နမိုမကောင်းလို့ဥသျှစ်ပင်လမ်းခွဲမှာတစ်ညအိပ်ရပါတယ်။တောင်ကုတ်၊ဘက်ရဲ့မင်းတုန်းလမ်းသုံးခွဆုံတဲ့နေရာမှာအိပ်ရတာပါ။အိပ်ရတော့လဲယောကျ်ားလေးတွေကကတ္တရာလမ်းပေါ် မှာပုဆိုးခင်းအိပ်ပြီးကျမတို့အမျိုးသမီးတွေကကားပေါ် ငုတ်တု

တ်ငိုက်ရပါတယ်။လမ်းခရီးမှာကားပျက်တာလမ်းပျက်တာကိုပြန်တွေးမိရင်အသည်းတထိတ်ထိတ်ရင်တဖိုဖို။တူသံဂွသံကိုလဲမကြားရဲသလောက်ပါ။တောတောင်တွေကိုကားရှေ့မီးတလုံးထဲနဲ့ဖြတ်ခဲ့ရသလိုဘက်ထရီဒေါင်းသွားလို့ရှေ့ဆက်မသွားရဲဘဲတောထဲအိပ်ရတာ၊ဗွက်တွေထနေတဲ့လမ်းကိုကားကရုန်းတော့ကားစက်သံကတတောလုံးဆူညံသွားပါတယ်။ဗွက်ထနေတဲ့"အမ်း"လေယာဉ်ကွင်းကိုလဲကားနဲ့ခက်ခက်ခဲခဲဖြတ်ခဲ့ရတယ်။ကားပျက်လို့လမ်းပျက်လို့ထမင်းခုနပ်ငတ်ခဲ့ရတယ်။

တောတောင်ထဲမှာမီးရောင်နီနီလေးကိုမြင်ရင်အားရှိသွားရတဲ့အဖြစ်ကလည်းတကယ့်ကိုအမှတ်ရစရာ။လူတွေရပ်ရွာတွေကိုတွေ့ရင်ဝမ်းသာအားရဖြစ်ရတဲ့အဖြစ်အပျက်မျိုးကြုံဖူးသူမှသိလိမ့်မယ်။လမ်းပျက်။ကားပျက်အအိပ်ပျက်အစားပျက်နဲ့စိတ်အားငယ်ပြီးကြောက်စိတ်စိုးရိမ်စိတ်တွေများသွားတာလဲဖြစ်ပါလိမ့်မယ်။တောထဲတောင်ထဲတခုခုဖြစ်ရင်ကယ်သူဝေးရတဲ့အဖြစ်မျိုး။ဆေးရုံမပြောနဲ့ဆေးခန်းတောင်မရှိတဲ့ကျေးလက်ရွာတွေကိုဖြတ်တော့ဒေသခံတွေရဲ့ကျန်းမာရေးကိုထိတ်လန့်အံ့ဩခဲ့ရပါတယ်။တနေရာမှာတော့လူနာကိုပခက်နဲ့ထမ်းပြီးဆေးကုဖို့သွားနေတဲ့လူမမာနဲ့လိုက်ပို့သူတွေရဲ့သောကအပူကိုကြည့်ပြီးကျမတို့ရဲ့တဒင်္ဂအပူကိုမေ့သွားရပါတယ်။ကျမတို့ပုသိမ်မုံရွာလမ်းမကြီးကိုခက်ခက်ခဲခဲဖြတ်ပြီးမှစစ်တွေကိုခက်ခက်ခဲခဲလေးရက်မြောက်နေ့မှရောက်ပါတော့တယ်။စစ်တွေရောက်ပြီးနောက်နေ့မနက်ရှစ်နာရီမှာဘူးသီးတောင်ကိုသင်္ဘောစီးပြီးသွားရပါတယ်။လမ်းခရီးပင်ပန်းမှုကြောင့်အမေကြီးဆိုနွမ်းကျသွားပါတယ်။သားဇောနဲ့စိတ်ဆောင်နေလို့သာရှေ့ခရီးကိုဆက်နိုင်ခဲ့တာပါ။

လေးစားရတဲ့သောတရှင်များရှင်

ကျမတို့ကရေစိမ်းမြေစိမ်းဒေသစိမ်းမို့မြင်သမျှအသစ်အဆန်းဖြစ်နေရပါတော့တယ်။ကျမတို့မြန်မာနိုင်ငံရဲ့သယံဇာတတွေကပေါမှပေါကိုး။ပင်လယ်ကထွက်တဲ့ရေထွက်ပစ္စည်းတွေကလဲများမှများပါ။ဒီကြားထဲကကျမတို့ပြည်သူလူတွေရဲ့ဆင်းရဲတွင်းနက်နေရပါတယ်။မနက်ရှစ်နာရီကတည်းကသင်္ဘောနဲ့"မဲစေးမြစ်"ကိုသင်္ဘောနဲ့ဖြတ်ပြီးသွားခဲ့ရ

တာဘူးသီးတောင်မြို့ရဲ့ကုလားပန်ဆေးချောင်းထဲကိုညနေလေးနာရီမှာရောက်ပါတော့တယ်။ဘူးသီးတောင်ဆိပ်ကမ်းတစ်ခုလုံးအိမ်ခြေအားလုံးမှာကုလားသီချင်းသံတွေလွှမ်းနေပါတော့တယ်။ဘူးသီးတောင်ထောက်လှမ်းရေးစခန်းကိုသွားပြီးထောင်ဝင်စာတွေ့ဖို့ထောင်ကိုလမ်းညွှန်ပေးဖို့ကျမတို့ပြောရပါတယ်။ဘူးသီးတောင်အကျဉ်းထောင်က "မောင်တော"သွားတဲ့လမ်းပေါ်မှာထောင်ကိုဆောက်ထားတာပါ။ဘူးသီးတောင်ကိုရောက်တော့ကျမတို့ဘယ်ထောင်မှာမှမတွေ့ဖူးတဲ့မြင်ကွင်းကိုပြောပြချင်ပါသေးတယ်။

ဘင်္ဂါလီအမျိုးသမီးတွေထောင်ဝင်စာတွေ့ဖို့စောင့်နေတဲ့မြင်ကွင်းပါ။သူတို့ရဲ့ရိုးရာအဝတ်အစားတွေဖြစ်တဲ့စကပ်အရှည်ကြီးကိုဝတ်ထားကြပါတယ်။ခြေထောက်မှာဖိနပ်မပါပါဘူး။သူတို့လက်ထဲမှာဆားထုတ်လေး၊ငရုတ်သီးတောင့်ထုတ်လေး၊ပွတ်ချွန်းဆေးလိပ်လေးတွေကိုင်ထားပါတယ်။မြန်မာလူမျိုးဆိုလို့အမေကြီးနဲ့ကျမပဲရှိပါတယ်။ဘင်္ဂါလီအမျိုးသမီးတွေကိုထောင်ဝင်စာတွေ့ဖို့ခေါ် လိုက်တာနဲ့သူတို့တွေရပ်နေတဲ့နေရာတွင်ပျာပျာသလဲနဲ့စကပ်တွေချွတ်ပစ်ပါတယ်။သူတို့နာမည်ခေါ် ပြီးမတွေ့ရသေးရင်စကပ်ပြန်ဝတ်နာမည်ခေါ် သံကြားရင်စကပ်ပြန်ချွတ်နဲ့သူတို့ကိုကြည့်ပြီးကျမတို့စိတ်မကောင်းစွာနဲ့ဂရုဏာသက်ခဲ့ရပါတယ်။ထောင်ထဲကိုလုံချည်ဝတ်နဲ့ပဲဝင်ရတယ်လို့ပြောပါတယ်။လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်၊လူ့ဂုဏ်သိက္ခာညှိုးနွမ်းရတဲ့ဒီထောင်ဝင်စာမြင်ကွင်းကကျမရင်ထဲထိထိခိုက်ခိုက်ဖြစ်ခဲ့ရပါတယ်။

အမေကြီးနဲ့ကျမတို့ထောင်မှာတနေကုန်စောင့်ပြီးထောင်ဝင်စာမတွေ့ခဲ့ရပါဘူး။ထောက်လှမ်းရေးကမောင်တောဘက်သွားတာပြန်မရောက်လို့နောက်နေ့မှလာတွေ့ပါလို့ပြောလိုက်ပါတယ်။နောက်နေ့ထောင်ကိုရောက်တော့ထောင်ကဝန်ထမ်းကကျမတို့ကိုကြည့်ပြီးဝေဠုကျော်ကိုတွေ့မှာလားကျော်ဟိန်းကိုတွေ့မှာလားလို့မေးပါတယ်။ကိုခွန်မြင့်ထွန်းကအရပ်သိပ်မမြင့်လို့ကျော်ဟိန်းနဲ့တွေ့မှာလို့ကျမရမ်းပြောလိုက်ပါတယ်။တကယ်ပဲကိုခွန်မြင့်ထွန်းကိုကျော်ဟိန်းလို့နာမည်ပေးထားတာပါ။သားအကြိုက်တွေကိုသထုံမြို့ကနေတကူးတကသယ်လာတဲ့အမေကြီးထောင်ဝင်စာမှာပစ္စည်းတွေအကုန်မပေးခဲ့ရပါဘူး။တစ်ခေါက်နဲ့တစ်ခေါက်တော်တော်နဲ့လာနိုင်မှာမဟုတ်ဘူး။ဒီပစ္စည်းတွေထားခဲ့ပါရစေလို့ဘယ်လိုပဲပြောပြောမရပါဘူး။ပစ္စည်းရဲ့သုံးပုံတစ်ပုံပဲပေးခဲ့ရပါတယ်။

ကျမတို့ဘူးသီးတောင်ကနေစစ်တွေကိုပြန်ရောက်တော့စစ်တွေ၊အမ်းကားလမ်းပိတ်သွားပါပြီ။ကျမတို့လဲကားလမ်းပိတ်သွားပြီပြောတော့အတော့ကိုပဲစိတ်ပျက်သွားရပါတယ်။ဘယ်လိုပြန်ရမလဲလို့စစ်တွေကမ်းနားတစ်လျှောက်လေ့လာကြည့်တော့စစ်တွေကနေတောင်ကုတ်အထိသင်္ဘောစီးသွားတောင်ကုတ်ကနေရန်ကုန်အထိကားစီးသွားလို့အကြံပေးကြပါတယ်။စစ်တွေတောင်ကုတ်သင်္ဘောကိုနှစ်ရက်ကြာစီးပြီးမှတောင်ကုတ်ကိုရောက်ပါတယ်။မြစ်ပြင်ကနေပင်လယ်ဝဖြတ်ပြီးလာရတဲ့ခရီးကိုကျမတသက်ဘယ်လိုမှမေ့ရနိုင်မယ်မထင်ပါဘူး။

၁၉၉၁မှာစတင်ဖွင့်လှစ်တဲ့စစ်တွေမြို့နယ်ဘူးသီးတောင်ထောင်ကို၁၅မိနစ်ကြာထောင်ဝင်စာတွေ့နိုင်ဖို့မွန်ပြည်နယ်သထုံမြို့ကနေအသက်၇၀ကျော်ကိုစွန်မြင့်ထွန်းရဲ့မိခင်ကြီး၁၂ရက်လုံးလုံးမနားမနေခရီးတွေသွားခဲ့ရပါတယ်။သထုံပြန်မယ့်နေမှာအမေကြီးကကျမကိုပြောသွားပါတယ်။”ငါ့သားကိုငါမွေးရကျိုးနပ်တယ်အေ့။ငါ့သားကလောကကောင်းကျိုးလုပ်တာပဲ။လိပ်ပြာလုံတယ်။ငါကတော့ငါ့သားဘယ်ရောက်ရောက်လိုက်တွေ့မယ်။ဒီနှစ်ဒူးရင်းပေါ် ချိန်စျေးရောင်းပြီးပိုက်ဆံစုလိုက်ဦးမယ်”လို့အားမွေးသွားပါတယ်။

ကျမတို့ခရီးတွေသွားနေကြပါတယ်။ထောင်ဝင်စာတွေ့ဖို့သွားနေကြတဲ့မေတ္တာခရီးသည်တွေမြန်မာနိုင်ငံမှာအများကြီးပါပဲ။ယနေ့မြန်မာပြည်ထဲမှာနိုင်ငံရေးအကျဉ်းကျမိသားစုတွေကိုထောင်ဝင်စာဆိုတဲ့အသံတွေနဲ့မိုးခြိမ်းသလိုအခြိမ်းခံနေကြရပါတယ်။ဒီလိုမိုးခြိမ်းသံတွေကိုမိသားစုတွေကယုံကြည်မှုတွေချစ်ခြင်းမေတ္တာတွေနဲ့ကာကွယ်နေကြရပါတယ်။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ…ကျေးဇူးတင်ပါတယ်

ကျမ…နင်းပန်းအိမ်ပါ။

၄။လေးစားရတဲ့သောတရှင်များရှင့်

လူ့လောကသမိုင်းတွေထဲမှာကြီးမားတဲ့ဖြစ်ရပ်တွေရှိပါတယ်။အဲဒီဖြစ်ရပ်တွေထဲမှာပါဝင်ခဲ့သူများကကိုယ်နိုင်ရာအခန်းကနေတာဝန်ကျေအောင်ကိုယ့်အစွမ်းအစရှိသလောက်ထမ်းရွက်ခဲ့ကြပါတယ်။သူတို့ရဲ့ဘဝတွေကိုစတေးပြီးမြန်မာပြည်ဒီမိုကရေစီတော်လှန်ရေးအတွက်ခန္ဓာကိုယ်တွေကိုတံတားထိုးခဲ့ကြပါတယ်။စစ်ကြောရေးစခန်းတွေထဲမှာတိုက်ပိတ်အမှောင်ခန်းတွေထဲမှာသူတို့ရဲ့ယုံကြည်ချက်၊နိုင်ငံနဲ့ပြည်သူအတွက်ဘဝတွေကိုစတေးပြီးအကြောက်အရွံ့ကင်းကင်းတိုက်ပွဲဝင်ခဲ့ကြပါတယ်။

၁၉၈၈ရှစ်လေးလုံးအရေးတော်ပုံဟာမြန်မာ့သမိုင်းရဲ့အကြီးမားဆုံးအချိုးအကွေ့တခုပါ။ရှစ်လေးလုံးအရေးတော်ပုံမှာအသက်အရွယ်မရွေးလူတန်းစားမရွေးပါဝင်ခဲ့ကြပါတယ်။အဲဒီ့ထဲမှာအ.ထ.ကကျောင်းသားတွေကအဖြူအစိမ်းဝတ်ကျောင်းသားကျောင်းသူတွေပါ။သူတို့တွေစစ်အာဏာရှင်ရဲ့သေနတ်ပြောင်းဝမှာအသက်တွေစတေးခဲ့ရပါတယ်။ကျောင်းသားမိဘတွေရဲ့ငိုကြွေးသံပြည်သူလူထုရဲ့ကြုံးဝါးတောက်ခေါက်သံတွေကမ္ဘာအနှံ့ပြန့်နှံ့သွားရပါတယ်။သေနတ်ဒဏ်ရာကြောင့်ရှစ်လေးလုံးအရေးတော်ပုံမှာကျဆုံးသွားတဲ့သူငယ်ချင်းအလောင်းကိုရအောင်သယ်ပြီးရပ်ကွက်ထဲအရောက်ပြန်ခဲ့တဲ့ကိုစိုးမြင့်အောင်စစ်အာဏာရှင်စနစ်နောင်လာမယ့်အနာဂတ်မှာမရှိစေရဘူးလို့နက်နက်ရှိုင်းရှိုင်းသံမဏိဌာန်ချခဲ့ပါတယ်။အရေးအခင်းပြီးနောက်ပိုင်းသွေးစွန်းနေတဲ့မြန်မာပြည်ကိုစစ်အာဏာရှင်ကနေရာအနှံ့ထုံးတွေသုတ်ဖို့အမိန့်ထုတ်ခဲ့ပါတယ်။ကိုမိုးသီးဇွန်ရေးတဲ့”တို့ကျောင်းသားသွေးထုံးဖြူဆေးသုံးဖျောက်ဖျက်ဖုံးလဲမဆုံးကမ္ဘာတည်လိမ့်မည်”ဆိုတဲ့အတိုင်းခွတ်ဒေါင်းတောင်ပံခတ်လို့ရှစ်လေးလုံးတနစ်ပြည့်ကိုကိုစိုးမြင့်အောင်ဦးဆောင်လုပ်ခဲ့ပါတယ်။ဒါကြောင့်စစ်အာဏာရှင်ကသူ့ကိုမတရာဖမ်းဆီးခဲ့ပါတယ်။အသက်၁၇နှစ်အရွယ်ကျောင်းသားလူငယ်လေးစာသင်ခန်းကိုကျောခိုင်းခဲ့ရပါတယ်။၂၄.၁၀.၁၉၈၉ခုနှစ်အင်းစိန်အကျဉ်းထောင်စစ်ခုံရုံးအဖွဲ့၅မှာအရေးပေါ် စီမံချက်ပုဒ်မ၅ညနဲ့ထောင်၃နှစ်ချမှတ်ခံခဲ့ရပါတယ်။အသက်၁၇နှစ်အရွယ်နဲ့သူတို့ကျောင်းသားတွေထောင်တွင်းတိုက်ပွဲတွေကိုဘယ်လိုဖြတ်သန်းခဲ့ရတယ်ဆိုတာနားထောင်ကြည့်ပါဦး။

"အင်းစိန်အကျဉ်းထောင်ထဲမှာ၁၉၉၈တုန်းကအနယ်နယ်အရပ်ရပ်ကကျောင်းသားလူငယ်တွေအများကြီးပဲ။ကျနော်တို့ကိုနိုင်ငံရေးအရဦးချိုးချင်တဲ့စိတ်နဲ့ရိုးရိုးပုံစံထိုင်ခိုင်းရာကနေထောင်အရာရှိဝင်လာရင်ခေါင်းငုံ့ဆက်ဆံရမယ်လို့ထောင်ပိုင်ဦးဘိုကြည်ကအမိန့်ထုတ်ပါတယ်။အဲဒီခေါင်းငုံ့ပုံစံကိုကျနော်တို့အားလုံးဆန့်ကျင်ခဲ့တယ်။ဒါကြောင့်သာယာဝတီထောင်ကိုနိုင်ငံရေးအကျဉ်းသမား၂၀၀ပြောင်းပစ်လိုက်တယ်။

သာယာဝတီပြောင်းတော့ကျနော်တို့ကိုသံခြေကျင်းခတ်ပြီးပြောင်းခဲ့တာ။ဟိုရောက်တော့ခြေကျင်းမဖြုတ်ဘဲထားတာ၁လကြာတယ်။နိုင်ငံရေးသမားတွေထားတဲ့နေရာမထားဘဲလက်ပါးတိုက်မှာထားတယ်။လက်ပါးတိုက်ဆိုတာကိုယ်ရေပြားရောဂါသည်တွေထားတဲ့တိုက်ပါ။လက်ပါးတိုက်မှာထားပြီး၁လကြာတော့ကျနော်တို့အုပ်စုကိုလူခွဲပြီး၁ဆောင်၂ဆောင်၃ဆောင်ပို့လိုက်တယ်။ပို့ပြီးလပိုင်းအကြာမှာအာဏာပိုင်ကကျနော်တို့နိုင်ငံရေးသမားတွေထောင်ထဲမှာရှိတဲ့ဝက်မွေးမြူရေးစီမံကိန်းမှာအလုပ်လုပ်ခိုင်းတယ်။ထောင်ထဲမှာနိုင်ငံရေးသမားမဂျိုဘူးဆိုတာပြချင်လို့အတင်းအဓမ္မအလုပ်ခိုင်းတာ။အဲဒါကိုဆန့်ကျင်တဲ့ကျနော်တို့၉၄ယောက်ကိုထောင်ဝန်ထမ်းအယောက်၃၀ကဝိုင်းရိုက်တာမျက်လုံးနဲ့နားတွေထိခိုက်ဒဏ်ရာအပြင်းအထန်ရတာအနည်းဆုံးရယောက်ရှိတယ်။ရိုက်တဲ့တုတ်ကိုလဲမေးဦး။လုံထိန်းတွေကိုင်တဲ့နံပါတ်တုတ်တွေမဒမတိုင်တွေနဲ့ရိုက်တာ။ထူးထူးဟာန်ကအဆုတ်ထိပြီးသွေးပါအန်တယ်။သူအပါဝင်၅ယောက်သွေးအန်တာ။ကျနော်ဆိုမေ့မျောနေတာ၃ရက်ကြာတယ်။ကျောကုန်းတခုလုံးအရိုက်ခံထားရတဲ့ဒဏ်ရာတွေကြောင့်ပက်လက်လှန်အိပ်လို့မရဘူး။တိုက်ထဲကသံမံတလင်းမှာဘာအခင်းမှမရှိပါဘူး။ဖျာစုတ်တောင်မရှိပါဘူးဆို။သံမံတလင်းပေါ်မှာဘဲအိပ်ရတယ်။ဘယ်လောက်လူစိတ်ကင်းလဲဆိုတာဒဏ်ရာတွကြောင့်အနာတွေကရင်းသင်န်ရည်တွေကျလို့ထိုင်လို့မရအိပ်လို့မရဖြစ်နေတာကိုအခန်းအပြင်ကနေညဘက်ရေနဲ့ပက်ပြီးထပ်ညှင်းပန်းသေးတယ်။

စားရတဲ့ပုံစံထမင်းကမဝရေစာကြွေးပြီးနေ့ဘက်ညဘက်ရေမချိုးရဘူး။မလွှာမချတော့လောက်တွေတက်လာတယ်။အဲဒီလောက်ကညဆိုကိုက်ရော။မျက်စိထဲနားထဲမဝင်အောင်ငုတ်တုပ်ထိုင်နေရတယ်။ငုတ်တုပ်ငိုက်နေရင်းလောက်ကခြေထောက်ပေါ်တက်

လာလိုက်ခါချလိုက်၊ဒဏ်ရာမကျက်သေးတဲ့အနာတွေကိုလောက်အကိုက်ခံရရင်မျက်ရည်တောင်စို့တယ်။လောက်ကိုက်တာခါချဉ်ကိုက်သလိုပဲ။စူးခနဲစူးခနဲနဲ့သိအခံရခက်တယ်။နေ့ခင်းဘက်လောက်မကိုက်အောင်ကိုယ်စားတဲ့ထမင်းထဲကထမင်းတဆုပ်လောက်ကိုတန်းစီချထားရတယ်။တန်းစီချထားတဲ့ထမင်းလုံးကိုလောက်စားမှကိုယ့်စီမလာမှာ။ညဘက်ဆိုရင်တော့လောက်ကင်းချထားရတယ်။အခန်းဖော်ကလောက်ကင်းစောင့်ကိုယ်ကတလှည့်ငိုက်တစ်ယောက်တစ်လှည့်အိပ်ငိုက်ကြရတယ်။အဲဒီလိုအဖြစ်အပျက်ကိုဘယ်လိုပေါက်ကြားသွားလဲမသိဘူး။ပြင်ပမီဒီယာဘီဘီစီ၊ဗွီအိုအေမှာပါတော့အာဏာပိုင်နဲ့ဆရာဝန်တွေလာကြည့်ပြီးဆေးကုသခွင့်ပေးတယ်။ပြည်တွေသင်နံရည်တွေကပ်နေတဲ့ပုဆိုး၊အင်္ကျီဆိုတာမနဲကိုယ်ကနေခွာယူရတယ်။အဲဒီအချိန်အထိသံခြေကျင်းဖြုတ်မပေးသေးဘူး။မိလ္လာတော့ချပေးတယ်။နောက်ထပ်ဆိုးတာတစ်ခုကညဘက်သောက်ရေအိုးထဲကိုကြွက်သေတွေလာထည့်ထားတာပါပဲ။သံတိုင်ရဲ့အပြင်မှာသောက်ရေအိုးထားတာဆိုတော့ရေသောက်ပြီးမှအနံ့ထွက်လာလို့သိရပါတယ်။သိလို့ဒီရေလဲပေးပါဆိုလည်းလဲမပေးပါဘူး။ကျနော်တို့ကိုထောင်ဝင်စာတွေခွင့်ပိတ်ထားတယ်။နှစ်လကျော်ကြာမှပါဆယ်ပို့ခွင့်ပေးပါတယ်။လူတစ်ရာနီးပါးအရိုက်ခံရပြီးဒီလိုဒုက္ခဆိုးကိုကျော်ဖြတ်နိုင်လို့သာယာဝတီထောင်ထဲမှာနိုင်ငံရေးသမားနိုင်ငံရေးအကျဉ်းသမားကိုအလုပ်မခိုင်းတော့တာပါ။

ကျနော်တို့ကိုအကျဉ်းထောင်ကလွတ်ရင်နိုင်ငံရေးထပ်မလုပ်ရဲအောင်လုပ်တာလို့အားလုံးကမှတ်ချက်ချပါတယ်။ထောင်စကားနဲ့ပြောရရင်ကျနော်တို့အားလုံးကြောနဲ့ရင်းလိုက်တယ်။ဒီမိုကရေစီဆိုတဲ့အနာဂတ်တံခါးဟာကျနော်တို့ယုံကြည်ချက်တွေနဲ့ပွင့်ထွက်ရမယ်ဆိုတဲ့အသိနဲ့စစ်အာဏာရှင်တံတိုင်းကိုဘဝနဲ့ရိုက်ချိုးပြခဲ့ကြတာပါ။”

လေးစားရတဲ့သောတရှင်များရှင်

နိုင်ငံရေးသမားရဲ့ဘဝကိုသူနဲ့သူမိသားစုကမပိုင်တော့ပါဘူး။ပြည်သူလူထုကပိုင်သွားပါပြီ။ဘာ့ကြောင့်ပါလဲ။တကယ့်နိုင်ငံရေးကိုအသွေးအသားလိုတန်ဖိုးထားသူများကသူတို့ယုံကြည်ချက်အတိုင်းတိုင်းပြည်မအေးသရွေ့သူတို့မအေးနိုင်ပါဘူး။တိုင်းပြည်မငြိမ်းချမ်

းသရွေ့သူတို့မငြိမ်းချမ်းနိုင်ပါဘူး။ဒါ့ကြောင့်သူတို့ခန္ဓာကိုယ်ပေါ်ကဒဏ်ရာတွေရင်ထဲက ဒဏ်ရာတွေမပျောက်သေးလဲနဲ့ဒီမိုကရေစီတိုက်ပွဲဆက်လက်ဆင်နွှဲရပြန်ပါတယ်။ ကဗျာဆရာဆရာတစ်ဦးထောင်ကလွတ်လာစဉ်ကသတင်းသမားတစ်ယောက်နဲ့ဗျူးခဲ့ တာကိုမီဒီယာပေါ်မှာကြားခဲ့ရပါတယ်။သတင်းသမားကကဗျာဆရာကိုနိုင်ငံရေးဆက် လုပ်ဦးမှာလားတဲ့။အကျဉ်းထောင်ထဲကပူပူနွေးနွေးလွတ်လာတဲ့ကဗျာဆရာကစာပေစီ စစ်ရေးကိုအမြဲကျော်ဖြတ်နေရသူမို့သူ့ရင်ထဲကဆန္ဒကိုခပ်ပါးပါးလေးပြောခဲ့တယ်။ ”ဟုတ်ကဲ့ခင်ဗျကျနော်တို့ဘဝက်အမှုးပြေရင်ထန်းပင်ပေါ်မော့ကြည့်တတ်တဲ့လူမျိုး”တဲ့ ။အခုလဲကိုစိုးမြင့်အောင်တစ်ယောက်သူ့လူငယ်ဘဝကိုထောင်ထဲမှာပေးဆပ်ပြီးထန်း ပင်ပေါ်မော့ကြည့်ပြန်ပါတယ်။

”ကျနော်ထောင်ထဲမှာသုံးနှစ်တိတိနေခဲ့ရပါတယ်။ခုချိန်ထိကျနော်နဲ့အတူနေခဲ့ရတဲ့ရဲ ဘော်တွေကျန်ခဲ့သေးတယ်။ကိုမာဘီကထောင်တွင်းဒဏ်ရာတွေနဲ့ဥကြိမ်မြောက်အကျ ဉ်းထောင်ထဲမှာရှိနေဆဲပါ။သာယာဝတီထောင်ထဲမှာကိုဂျော်နီထွန်းရှိသေးတယ်။သူက နှစ်၆ဝကျော်ပြစ်ဒဏ်ခံရတယ်။ကိုဂျော်နီထွန်းကကျနော်တို့ကျောင်းသားလူငယ်တွေ ကိုကူညီတယ်။စောင့်ရှောက်တယ်။အဲဒီအကူအညီကိုကျနော့်တစ်သက်တယ်တော့မှ မမေ့ပါဘူး။ကျနော်တို့အကျဉ်းကျမိသားစုတွေတည်းခိုနေထိုင်ဖို့သူ့အိမ်ကိုပြောပြီးကူညီ ပေးတယ်။

၈၈မျိုးဆက်ကျောင်းသားအဖွဲ့ထဲကိုဘဝတူနိုင်ငံရေးအကျဉ်းသမားဟောင်းတွေနဲ့အတူ ကျနော်ပူပေါင်းဆောင်ရွက်ခဲ့တယ်။အဲဒီထဲမှာမှတ်မှတ်ရရလူထုနဲ့အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေနဲ့၈၈မျိုးဆက်ကျောင်းသားတွေနဲ့ပူးပေါင်းပြီး၂ဝဝ၇မေ၁၇ရက်အဖွဲ့ချုပ် နှစ်ပတ်လည်နေ့မှာရွှေတိဂုံဘုရားပေါ်တက်မယ့်အစီအစဉ်ပါ။အဖွဲ့ချုပ်နှစ်ပတ်လည်က တကယ့်ကိုစည်စည်ကားကားပါ။၈၈မျိုးဆက်ရဲ့လှုပ်ရှားမှုတွေကိုတကယ်ဝန်းရံလှုပ်ရှား ပေးတာအဖွဲ့ချုပ်ဝင်တွေပါ။ကိုမင်းကိုနိုင်ပြောတဲ့စကားရှိပါတယ်။”ကျနော်တို့ဒေသအ သီးသီးကိုဆက်သွယ်ဆောင်ရွက်နိုင်တာကျနော်တို့အရင်စည်းရုံးလှုံ့ဆော်ထားတဲ့အမျိ ုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကြောင့်ပါပဲတဲ့။ဒါကြောင့်လဲအဖွဲ့ချုပ်ပါတီနှစ်ပတ်လည် နေ့မှာကျနော်တို့စုပေါင်းပြီးဒေါ်အောင်ဆန်းစုကြည်နဲ့အတူနိုင်ငံရေးအကျဉ်းသမားအား

လုံးလွတ်မြောက်ဖို့ဆုတောင်းမယ်ပေါ့။ဒါပေမယ့်ကျနော်တို့ဘုရားပေါ် အထိမရောက်ခဲ့ရပါဘူး။အဖွဲ့ချုပ်ရုံးရှေ့ကနေ၅ယောက်တတွဲလူတန်းနဲ့ရေတာရှည်လမ်းဟောင်းအတိုင်းရွှေတိဂုံဘုရားပေါ် ကိုကြေးသွန်းဘုရားဘက်ကနေတက်ဖို့အသွားအာဏာပိုင်ကလမ်းပေါ် ကိုဒိုင်နာကားသုံးစီးနဲ့ပိတ်ပစ်လိုက်တယ်။ကားပေါ် မှာစစ်အာဏာရှင်ရဲ့လက်ကိုင်တုတ်စွမ်းအားရှင်တွေကြံ့ခိုင်ရေးတွေကကျနော်တို့ကိုညစ်ညစ်ညမ်းညမ်းဆဲရေးတိုင်းထွာတော့တာပဲ။ဝါးဆစ်တုတ်တွေကိုင်ပြီးရိုက်ဖို့ကြိုးစားတယ်။သတ္တိရှိရင်ရှေ့တိုးစမ်းရိုက်မယ်တဲ့။အဲဒီ့အချိန်မှာကိုကိုကြီးကမင်းတို့ဒီလိုမပြောရဘူး။တာဝန်ရှိတဲ့အာဏာပိုင်နဲ့စကားပြောမယ်လို့ပြောပါတယ်။ဒါပေမယ့်သူတို့ထဲကလူတွေက `"မင်းကဘာကောင်လဲနောက်လိုက်ခွေး။အမျိုးသစ္စာဖောက်မင်းတို့လုပ်လို့တိုင်းပြည်ဆင်းရဲနေတာ `"တဲ့။သူခိုးကလူဟစ်နေတာလေ။

ကျနော်တို့အားလုံးခံစားရတဲ့ခံစားမှုတွေ၊မခံချင်မှုတွေအမျက်ဒေါသတွေကိုဖြေဖျောက်ပြီးလမ်းပေါ် ကိုငါးယောက်တွဲလူတန်းကြီးထိုင်ချလိုက်တယ်။စကားပြောစက်ကိုင်ထားတဲ့အာဏာပိုင်တွေရဲ့မျက်နာကခက်ထန်လို့။စွမ်းအားရှင်တွေကလည်းရိုက်မယ်လို့လက်တပြင်ပြင်နဲ့။သံရုံးအသီးသီးကတာဝန်ရှိသူတွေ၊သတင်းမီဒီယာသမားတွေကလည်းတထိတ်ထိတ်နဲ့။ယုဇနဟော်တယ်ကသံတခါးတွေလည်းဝေါကနဲဝေါကနဲပိတ်ကုန်ပြီ။ကားလမ်းလဲပိတ်သွားပြီ။ကျနော်တို့အားလုံးကိုအာဏာပိုင်နဲ့စွမ်းအားရှင်ကြံ့ဖွံ့ကဝိုင်းထားလိုက်ပြီ။ကျနော့်စိတ်ထဲဒုတိယဒီပဲယင်းလိုဖြစ်မှာလားဆိုတဲ့စိုးရိမ်စိတ်နဲ့အပစ်မယ့်ပြည်သူတွေကိုလက်နက်အားကိုးအနိုင်လိုချင်တဲ့စစ်အာဏာရှင်ကိုမုန်းတီးစိတ်ကကျနော်တို့အချင်းချင်းကိုပိုပြီးညီညွတ်စေခဲ့တာပါ။ဒိုင်နာသုံးစီးအပြည့်နဲ့စွမ်းအားရှင်ကြံ့ဖွံ့တွေကမိန်းကလေးတွေကိုမဖွယ်မရာလုပ်ပြတယ်။ဆဲဆိုတယ်။ကြာရင်လူထုအခြင်းခြင်းခိုက်ရန်ဖြစ်ပွားရင်သားတို့သမီးတို့ဘဲနစ်နာမယ်လို့ရပ်မိရပ်ဖတွေကနေပူထဲမှာငြိမ်သက်စွာထိုင်နေတဲ့ကျနော်တို့ကိုလာရောက်မေတ္တာရပ်ခံပါတယ်။ကျနော်တို့ခေါင်းဆောင်တွေကလည်းပြည်သူလူထုဂုဲစေတနာစိုးရိမ်စိတ်ကိုလေးစားတန်ဖိုးထားပြီးကျနော်တို့အဖွဲ့ချုပ်ရုံးရှေ့ကိုပြန်လည့်ခဲ့ပါတယ်။ဒါပေမယ့်ကျနော်တို့ဒီတိုင်းမပြန်ခဲ့ပါဘူး။စစ်ရေးအရဆိုဆုတ်ပြစ်လို့ပြောရမှာဘဲ။ယုဇနဟိုတယ်အပေါ် ထပ်ပြတင်းဝကရပ်ကြည့်

နေတဲ့လူတွေ၊ရေတာရှည်လမ်းဟောင်းအဆင့်မြင့်အိမ်ယာအပေါ် ထပ်ကလူတွေ၊လက်ကိုင်ပုဝါမြှောက်လက်ခုတ်တီးပြီးကျနော်တို့ကိုထောက်ခံခဲ့တယ်။လူထုကအများကြီးမို့သိပ်ကိုတက်ကြွစရာကောင်းပါတယ်။

အဖွဲ့ချုပ်ရုံးရှေ့ရေတာမာပင်အောက်မှာကိုမင်းကိုနိုင်မိန့်ခွန်းပြောပါတယ်။ကြေငြာချက်ရောင်းတဲ့စားပွဲခုံလေးဟာမထင်မှတ်ဘဲစတိတ်စင်ဖြစ်သွားပါတယ်။အဏာရှင်ရဲ့ရက်စက်ယုတ်မာမှုကိုကိုမင်းကိုနိုင်ကထိပ်တိုက်ဖွင့်ချခဲ့တယ်။ ``ဘယ်အာဏာပိုင်ကခွင့်ပြုပြုမပြုပြုရွှေတိဂုံဘုရားခြေတော်ရင်းမှာသစ္စာပြုဆုတောင်းမယ်။အာဏာပိုင်တွေသိအောင်လဲကျနော်တို့ပြောမယ်။ကျနော်တို့ရဲ့ဆန္ဒအမှန်တွေကိုလမ်းတွေပေါ် မှာအသက်တွေနဲ့ရင်းပြခဲ့ပြီးပြီ။ထောင်တွေထဲမှာဘဝတွေနဲ့ရင်းပြီးပြခဲ့ပြီးပြီ။ဒီလိုပြောခြင်းအားဖြင့်အာဏာပိုင်တွေအရေးယူယူမယူယူဒီနေရာကကျနော်ပြောလိုက်မယ်။

ဒေါ် အောင်ဆန်းစုကြည်နှင့်တကွနိုင်ငံရေးအကျဉ်းသားအားလုံးကြားပါစေသားသိပါစေသား။အများအတွက်တိုင်းပြည်အတွက်ကိုယ်ကျိုးစွန့်၍အနစ်နာခံ၍နိုင်ငံရေးလုပ်ခြင်းမိမိယုံကြည်ချက်အတွက်အကျဉ်းထောင်များနေအိမ်များမှာမတရားဖမ်းဆီးခံနေရသောသူရဲကောင်းအပေါင်းအားငါတို့ပြည်သူလူထုကြီးကဦးညွတ်လိုက်ပါတယ်။ဂုဏ်ပြုလိုက်ပါတယ်။သင်တိုပရဲ့စွန့်လွှတ်မှုအပေါင်းကိုအတုယူရင်းသင်တို့ရဲ့လုပ်ဆောင်မှုအတွက်ပေးဆပ်ဖို့အသင့်ဖြစ်နေပါပြီ”။

ကိုမင်းကိုနိုင်ရဲ့မိန့်ခွန်းကျနော်တို့အားလုံးရဲ့သစ္စာဆိုဆုတောင်းသံတွေကိုအာဏာပိုင်တွေရှေ့မှာရဲရဲဝံ့ဝံ့ပြည်သူလူထုနဲ့အတူကြွေးကြော်နိုင်ခဲ့တဲ့အဖြစ်ကိုအမြဲအမှတ်ရဂုဏ်ယူနေမှာပါ။ဒါဟာပြည်သူလူထုရဲ့ဆန္ဒအစစ်အမှန်ပါပဲ။

လေးစားရတဲ့သောတရှင်များရှင်

လူဆိုတာမိခင်ဝမ်းကကျွတ်တာနဲ့သဘာဝတိုက်ပွဲကိုအရင်ကြုံရပါတယ်။တွေးခေါ် သိမြင်လာတဲ့အချိန်မှာတော့မိခင်တိုင်းပြည်ရဲ့လိုအပ်ချက်အတွက်တိုက်ပွဲဝင်ကြရပြန်ပါတယ်။လူဟာသစ္စာတရားအတွက်ဆောင်ရွက်နိုင်တဲ့စွမ်းအားတွေခန့်မှန်းလို့မကုန်နိုင်ဘူးဆိုတာမြန်မာပြည်ကသူရဲကောင်းတွေကသက်သေပြခဲ့ပါပြီ။

သောတရှင်များအားလုံးမျှဝေခံစားနိုင်ကြပါစေ

ကျေးဇူးတင်ပါတယ်။ကျမနှင်းပန်းအိမ်ပါ။

၅။လေးစားရတဲ့သောတရှင်များရှင်

သဘာဝဘေးအန္တရယ်ကိုကျမတို့လူသားတွေမကာကွယ်နိုင်ပေမယ့်သဘာဝဘေးအန္တရယ်ကိုတော့စုပေါင်းခုခံခဲ့ကြတယ်ဆိုတာနာဂစ်မှာသက်သေပြခဲ့ပါပြီ။

ကျမတို့နိုင်ငံကထေရဝါဒဗုဒ္ဓဘာသာမြန်မာနိုင်ငံပါ။ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကိုချစ်ခင်တွယ်တာတတ်လွန်းတဲ့မြန်မာလူမျိုးတွေယဉ်ကျေးပြီးအားနာသနားတတ်တဲ့မြန်မာလူမျိုးတွေနာဂစ်လေမုန်တိုင်းကြောင့်ဒုက္ခရောက်နေသူတွေကိုကိုယ်တတ်နိုင်တဲ့အားနဲ့ဝိုင်းဝန်းကူညီကြတော့သူ့ခွန်အားကိုယ့်ခွန်အားမခွဲခြားနိုင်တော့ဘူး။တစ်ယောက်ကိုတစ်ယောက်မှီတွယ်ပေါင်းစည်းလျက်ရှိတဲ့ခွန်အားကမြစ်ကြီးတခုထဲရေပေါင်းများစွာပေါင်းစပ်စီးဆင်းနေသလိုပါပဲ။အထက်ဗမာပြည်ကသူတွေ၊မြေလတ်ကသူတွေ၊နာဂစ်ဒဏ်ကိုအတူခံစားရတဲ့ရန်ကုန်မြို့ပြကသူတွေဧရာဝတီနဲ့ဝန်မြစ်ထဲပေါင်းစည်းသွားပါတော့တယ်။

ကိုယ့်တိုင်းသူပြည်သားရဲ့ဘေးဒုက္ခအန္တရယ်ကိုကိုယ်ကိုယ်တိုင်လည်းထိထိရောက်ရောက်အကူအညီမပေး။အကူအညီပေးမယ့်တခြားတိုင်းပြည်များကိုလည်းလက်မခံ။ကိုယ့်တိုင်းသူပြည်သားတွေကိုလည်းဖမ်းဆီးထောင်ချတဲ့စစ်အာဏာရှင်ရဲ့မတရားလုပ်ရပ်ကိုတကမ္ဘာလုံးကအံ့သြတုန်လှုပ်ကြရပါတယ်။

နာဂစ်အလှုကြောင့်အဖမ်းခံရပြီးထောင်ဒဏ်၁၂နှစ်နဲ့အကျဉ်းကျခံနေရတဲ့မနီမိုလှိုင်အကြောင်းကျမပြောပြချင်ပါတယ်။မနီမိုလှိုင်က၁၉၈၈အရေးအခင်းမှာပါဝင်ခဲ့သလို၁၉၉၀ပြည့်ရွေးကောက်ပွဲကစလို့သဃ်္ာန်းကျွန်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အဖြစ်တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့သူပါ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုလူ

ငယ်အဖြစ်တာဝန်ထမ်းဆောင်ရင်းမဂ္ဂဇင်း၊ဂျာနယ်တွေမှာသတင်းဆောင်းပါးလဲရေးပါတယ်။မနီမိုလှိုင်ကဂျာနယ်လစ်တစ်ယောက်လည်းဖြစ်ပါတယ်။

လောင်စာဆီကုန်ဈေးနှုန်းတွေရုတ်တရက်မြင့်တက်သွားလို့ကိုအောင်ထွန်း၊ကိုမျိုးခင်တို့နဲ့အတူလမ်းလျှောက်ဆန္ဒပြခဲ့ပါတယ်။ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြတဲ့မနီမိုလှိုင်တို့ကိုရွှေဂုံတိုင်မီးပွိုင့်လမ်းဆုံမှာစစ်အာဏာရှင်ရဲ့လက်ကိုင်တုတ်စွမ်းအားရှင်အဖွဲ့ကဖမ်းဆီးရိုက်နက်ပါတော့တယ်။မနီမိုလှိုင်ကိုပါးရိုက်၊ဆံပင်ဆောင့်ဆွဲ၊အင်္ကျီတွေဆွဲဖြဲတဲ့အထိရမ်းရမ်းကားကားလုပ်တော့ဘေးမှာရှိတဲ့ပြည်သူလူထုနဲ့အတူတူပါဝင်တဲ့ရဲဘော်တွေကပါမနီမိုလှိုင်ကိုစွမ်းအားရှင်လက်ထဲကပြန်လည်လုယူခဲ့ကြပါတယ်။မိန်းကလေးတစ်ယောက်ရဲ့အိန္ဒြေပျက်ပြားအောင်လူမြင်ကွင်းမှာအတင့်ရဲစွာပြုလုပ်ရဲတဲ့စွမ်းအားရှင်တွေနဲ့စစ်အာဏာရှင်တွေအကြောင်းသတင်းမီဒီယာတွေမှာရဲရဲဝံ့ဝံ့မနီမိုလှိုင်ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။နာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့ပြည်သူလူထုရဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးဖို့နယ်ပယ်အသီးသီးအလွှာအသီးသီးကလူတွေချက်ချင်းဆိုသလိုလေဘေးသင့်ပြည်သူတွေအတွက်စိတ်ရောကိုယ်ပါကူညီကြပါတယ်။ဒီအထဲမှာမနီမိုလှိုင်လဲပါဝင်ခဲ့ပါတယ်။

နာဂစ်ဒဏ်မခံရစဉ်ကတည်းကထမင်းနှစ်နပ်ကိုတစ်နပ်ပဲပေါင်းစားနေရတဲ့ရန်ကုန်မြို့သစ်တွေဆီကပြည်သူလူထုတွေဆီကိုမနီမိုလှိုင်တို့အရင်သွားခဲ့ပါတယ်။မနီမိုလှိုင်တို့သူငယ်ချင်းတွေစုပေါင်းပြီးဆန်ဆီလူသုံးကုန်ပစ္စည်းတွေကိုလှူဒါန်းခဲ့ကြပါတယ်။အလှူပစ္စည်းတွေကိုတကယ့်ဒုက္ခသည်လက်ထဲရောက်ချင်ကြတာအလှူရှင်တိုင်းပါ။အလှူကိုပေါ်ပေါ်ထင်ထင်စိတ်လွတ်ကိုယ်လွတ်လှူရတာမဟုတ်ပါဘူး။ဒါ့ကြောင့်ဒုက္ခသည်တွေရှိတဲ့နေရာကိုတစ်ရက်ကြိုသွားပြီးတုံကင်လက်မှတ်တွေကြိုပေးထားရပါတယ်။တုံကင်ဝေရင်းဘယ်အချိန်ဘယ်နေရာလာခဲ့ပါ။ကြိုတော့မလာခဲ့နဲ့လူတွေအများကြီးမြင်ရင်အာဏာပိုင်ကလှူခွင့်မပေးပဲနေလိမ့်မယ်လို့ပြောရပါတယ်။ဒုက္ခဆင်းရဲကိုတကယ်လက်တွေ့ခံစားရသူတွေမို့ဖမ်းကာမှဖမ်းရောဆိုပြီးချိန်းထားတဲ့နေရာမှာကြိုစောင့်နေကြပါတယ်။မိုးရွာကြီးထဲဆောင်းစရာထီးမရှိ၊လဲစရာအဝတ်မရှိတကိုယ်လုံးမိုးရေကြောင့်ရွှဲစိုလို့နေပါတယ်။ဒါပေမယ့်သူတို့မချမ်းဘူး။မိုးရေကသူတို့ရင်ထဲကအပူကိုမငြိမ်းနိုင်ခဲ့ပါဘူ

း။သူတို့လက်ထဲကိုကြိုတင်ထုတ်ပိုးလာတဲ့ဆန်ဆီအဝတ်အထည်တွေကိုလက်ထဲကိုယ်တိုင်ထည့်အမြန်လှူပြီးအမြန်ပြန်ရပါတယ်။

မနီမိုလိုင်နဲ့ကျမပုသိမ်၊ငပုတောအောက်ဖက်ပြင်ခရိုင်၊ကညင်ငူအစရှိတဲ့ရွာတွေအထိတစ်လနီးပါးအကြာနာဂစ်အလှူသွားခဲ့ပါတယ်။မနီမိုလိုင်ကစည်းရုံးရေးကောင်းပါတယ်။ပြည်သူလူထုနဲ့တစ်သားတည်းဖြစ်အောင်နေတတ်ပါတယ်။ပြည်သူလူထုရဲ့လိုအပ်ချက်ကိုသိသလိုဂရုဏာမတ္တာစိတ်ကြီးသူလဲဖြစ်ပါတယ်။ဒေသခံပြည်သူတွေဘာတွေလိုအပ်နေလဲဆိုတာကိုမနီမိုလိုင်မေးမြန်းပါတယ်။ပြုံးပြုံးရွှင်ရွှင်နဲ့စကားပြောကောင်းတဲ့သူ့ကိုအားလုံးကသူတို့သိသလောက်ဖြေကြပါတယ်။အလှူရှင်တွေမရောက်သေးတဲ့နေရာတွေကိုလဲသူမေးပါတယ်။အဲဒီအထဲကဆားလုပ်ငန်းရှင်လင်မယားနှစ်ယောက်ကပြင်ခရိုင်အထိလိုက်ခဲ့ပါ။သူတို့လိုက်ပို့ပါ့မယ်လို့ဆိုပါတယ်။

မနီမိုလိုင်နဲ့ကျမပုသိမ်မြို့ကိုရောက်တဲ့အချိန်မှာအာဏာပိုင်တွေကနာဂစ်ဒုက္ခသည်တွေကိုနေရပ်ပြန်ခိုင်းနေတဲ့အချိန်နဲ့တိုက်နေပါတယ်။နေစရာမရှိ၊စားစရာမရှိ၊ကိုယ့်မိသားစု၊ကိုယ့်ဆွေမျိုး၊ကိုယ့်ရွာသူရွာသားတွေသေဆုံးခဲ့တဲ့နေရာကိုစိတ်ထဲဗလာ၊လက်ထဲဗလာနဲ့ညှိုးညှိုးနွမ်းနွမ်းနဲ့ပြန်သွားရတဲ့ဒုက္ခသည်တွေကိုမြင်ရတာမြင်ရတဲ့သူတိုင်းထိထိခိုက်ခိုက်ဖြစ်ကြရပါတယ်။တောင်မင်း၊မြောက်မင်းမကယ်နိုင်တဲ့အဖြစ်မို့လား။မြစ်ဝကျွန်းပေါ်ရဲ့အမှတ်အသားလမုတော၊ဓနိတောတွေထဲကကယ်ပါ၊ကယ်ကြပါဆိုတဲ့အသံတွေညလူခြေတိတ်ချိန်ဆိုကြားရတယ်တဲ့။မြန်မာထုံးစံအတိုင်းသေသူအတွက်သက်ပျောက်ဆွမ်း၊ရက်လည်တရားနာအမျှမဝေနိုင်လို့အခုလိုအသံကြားရတာလို့ဆိုကြပါတယ်။တစ်ချို့ကတော့လူသူမရောက်နိုင်တဲ့ချောင်းရိုး၊မြောင်းရိုးထဲကလမုပင်၊ဓနိပင်ကြားညပ်နေတဲ့မုန်တိုင်းဒဏ်ခံရတဲ့သူတွေအကူအညီတောင်းတဲ့အသံလို့လဲဆိုကြပါတယ်။မသေမရှင်ဘဝမှာကယ်ရာမဲ့အဖြစ်ကိုဘယ်လောက်ထိတ်လန့်တုန်လှုပ်လိုက်မလဲ။သေမင်းခံတွင်းဝကလွတ်မြောက်လာတဲ့သူတွေသူတို့ရှင်သန်မှုအတွက်ဝမ်းမြောက်ဝမ်းသာဖြစ်ရဲ့လားဆိုတာသူတို့မျက်လုံးထဲကသောကရိပ်ကိုမြင်ပြီးဘယ်သူမှမမေးခဲ့ကြပါဘူး။

အဖြစ်အပျက်ဆိုးကိုရင်ဆိုင်ကြုံတွေ့ပြီးခံစားမှုပြင်းထန်နေတဲ့၊စိတ်ဒဏ်ရာရနေတဲ့နာဂစ်ဒုက္ခသည်တွေရဲ့စိတ်ကျန်းမာရေးကိုလဲအဓိကထားပြန်လည်ထူထောင်ပေးရမယ်လို့ မနီမိုလိုင်ကမှတ်ချက်ပေးပါတယ်။

လေးစားရတဲ့သောတရှင်များရှင်

ဧရာဝတီမြစ်နဲ့ဝ ဝန်မြစ်တို့ပေါင်းဆုံတဲ့နေရာကနေပင်လယ်ဝအထိနာဂစ်ဒဏ်ခံထားရတဲ့မြစ်ဝကျွန်းပေါ် ဒေသတစ်ခုလုံးဘယ်နေရာကြည့်ကြည့်အကျည်းတန်လို့နေပါတယ်။ မြစ်ပြင်ပေါ် မှာဗေဒါပင်တွေ၊လတာပြင်တွေတွေ့လို့သာမြစ်ဝကျွန်းပေါ် လို့ပြောနိုင်ပါတော့တယ်။တစ်နိုင်ငံလုံးအားထားနေရတဲ့ဆားကွင်းတွေလဲနာဂစ်ကြောင့်ပျက်ဆီးကုန်ကြပါတယ်။ဆားလုပ်သားတွေမိသားစုလိုက်အများဆုံးသေကြတယ်တဲ့။ခါးကျိုးနေတဲ့အုန်းပင်တွေ၊အမိုးမရှိဘဲတိုင်သာရှိတဲ့ဆန်ဂိုထောင်၊စာသင်ခန်း၊အိမ်တွေရွာလုံးကျွတ်နီးပါးရေထဲမျောပါသွားတဲ့ရွာပျက်တွေ။မော်တော်သံ၊စက်လှေသံကြားရင်ကျောပြင်မည်းမည်းပြောင်ပြောင်ပုဆိုးခါးတောင်းကျိုက်၊လုံချည်ရင်လျှားနဲ့မိန်းမတွေ၊ကိုယ်တုံးလုံးကလေးငယ်တွေချောင်းရိုး၊မြောင်းရိုးကျွန်းလေးပေါ် ကနေလက်ဖ ဖော့ယမ်းပြပြီးစားစရာတောင်းကြတယ်။ဆားပွင့်နေတဲ့သူတို့ခန္ဓာကိုယ်ကိုသဘာဝဒဏ်ခံနိုင်ဖို့၊ အသက်ရှင်ရပ်တည်နိုင်ဖို့လောက်သာအလှူခံကြတာပါ။

မနီမိုလိုင်ရဲ့မိတ်ဆွေသူငယ်ချင်းတွေစုပေါင်းပါဝင်လှူဒါန်းတဲ့ငွေနဲ့ဆန်အိတ်၊ကလေးတွေအတွက်မုံ့ပါကင်တွေပုသိမ်မြို့မှာဝယ်ပြီးဆရာတော်ဦးသုမင်္ဂလာအဖွဲ့နဲ့စုပေါင်းလှူလိုက်ပါတယ်။မနီမိုလိုင်နဲ့ကျမကိုပင်လယ်ဝအထိမိန်းကလေးနှစ်ယောက်ထဲရောက်အောင်လာပြီးလှူဒါန်းတဲ့အတွက်ဒုက္ခသည်တွေအစားဆရာတော်ကျေးဇူးတင်တယ်လို့မိန့်ပါသေးတယ်။ရွာစဉ်လှည့်လှူတဲ့ဆရာတော်ဦးသုမင်္ဂလာအဖွဲ့ကလုပ်အားပေးအလှူရှင်လှူဒဂါနဲ့ရဟန်းသံဃာအပါး၂၈ကတနေ့မော်တော်ခတသိန်းခွဲပေးပြီးသွားရောက်လှူဒါန်းကြတာပါ။အဲဒီ့ထဲမှာဆရဝန်တွေပါသလိုဆေးဝါးအပြည့်အစုံ၊အိမ်မိုးသွပ်၊ဆန်ဆီငရုတ်ကြက်သွန်အဝတ်အထည်၊ထီးဘိနပ်၊မြက်ဖျာအကုန်ပါပါတယ်။ဒီပစ္စည်းတွေကိုအ

ထက်ဗမာပြည်ကဆရာတော်ရဲ့တပည့်ဒကာဒကာမတွေစေတနာအပြည့်လှူဒါန်းလိုက်တာပါ။ထောင့်စေ့အောင်လှူကြလို့ကျမတို့မှာသာဓုအကြိမ်ကြိမ်ခေါ် ရပါတယ်။ဒေသခံဒုက္ခသည်တွေကလည်းကျေးဇူးတင်လို့မဆုံးသာဓုခေါ် လို့မဆုံးဖြစ်ကြရပါတယ်။

နာဂစ်မုန်တိုင်းကြောင့်ပြည်သူတွေသိန်းသန်းချီသေကြေပျက်ဆီး၊ဒုက္ခတွေပင်လယ်ဝေနေချိန်မှာစစ်အစိုးရကဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလူထုဆန္ဒခံယူပွဲကျင့်ပခဲ့ပါသေးတယ်။စစ်အာဏာရှင်ရဲ့အာဏာလောဘရမ္မက်ကနာဂစ်ထက်ဆိုးပါတယ်။မိသားစုဝင်တွေအသက်ဆုံးရှုံး၊မိမိတို့ဘဝတွေဆုံးရှုံးရတဲ့နာဂစ်ဒုက္ခသည်ပြည်သူတွေကိုထောက်ခံမဲပေးဖို့ခ.ဝ.တ၊မ.ဝ.တ၊ဗိုလ်မှူးတွေကအာဏာနဲ့ခြိမ်းခြောက်ပါတယ်။ဒီတော့ဒေသခံပြည်သူတွေကငါတို့ရဲ့လိုအပ်ချက်ကိုမဖြည့်ဆည်း၊ငါတို့ရဲ့ဒုက္ခကိုမထောက်ညှာပဲထောက်ခံမဲထည့်ဖို့ပြောတယ်။သူတို့အာဏာအတွက်ပဲကြည့်တယ်။လူထုအတွက်မကြည့်ဘူးလို့ခံပြင်းကြတယ်။ဒါ့ကြောင့်ထောက်ခံမဲအမှန်မခြစ်ပဲအမှားကြီးခြစ်ကြတော့မဲရုံမှာစောင့်ကြည့်နေတဲ့အာဏာပိုင်တွေကညနေမှပိတ်ရမယ့်မဲရုံကိုမနက်၁၁နာရီကတည်းကပိတ်ပစ်လိုက်ပါတယ်။ဒီထဲကမှ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအတွက်ထောက်ခံမဲအပြည့်ရတယ်ကြေညာတော့ဒေသခံတွေအတွက်ဟာသတစ်ပုဒ်လို ဖြစ်သွားရပါတယ်။

နာဂစ်ဒုက္ခသည်တွေကိုဘာတွေလိုအပ်သလဲဆိုတာအလှူရှင်တွေကိုပြန်ပြောပြဖို့မနီမိုလိုင်မေးပါတယ်။ဒုက္ခသည်တွေကသူတို့ရပ်ရွာများကိုခင်တွယ်ကြသူတွေပါ။သူတို့မိသားစုဝင်ဆွေမျိုးတွေခေါင်းချသွားတဲ့နေရာမှာပဲသူတို့ဘဝကိုတစ်ကပြန်စမယ်တဲ့။သူတို့ဘဝကိုစဖို့သူတို့တစ်သက်လုံးလုပ်ကိုင်ခဲ့တဲ့စပါးစိုက်တာ၊ငါးဖမ်းတာ၊ဆားလုပ်ငန်းလုပ်တာအစရှိတာတွေအတွက်အထောက်အကူပစ္စည်းတွေလိုပါတယ်တဲ့။ဒါတွေလတ်တလောမရရင်တောင်အသက်မသေဘဲအသက်ရှင်ကျန်ရစ်နေတဲ့ကလေးငယ်တွေအတွက်ကျောင်းစာသင်ကျောင်းကိုဝါးတဲလေးပဲဖြစ်ဖြစ်ဆောက်လုပ်ပေးပါလို့ပြောပါတယ်။ဒါကြောင့်မနီမိုလိုင်ကစာသင်ကျောင်းအတွက်လိုအပ်မယ့်အလှူငွေကိုသူ့သူငယ်ချင်းတွေဆီဖုန်းဆက်တော့အားလုံးကထောက်ခံပြီးအားတက်သရောလှူကြမယ်တဲ့။စာသင်ခန်းပြီးအောင်ဆောက်ပြီးဆရာ၊ဆရာမရသေးခင်လုပ်အားပေးကျောင်းဆရာမအဖြစ်သူတာဝန်ယူမယ်လို့မနီမိုလိုင်ကဒေသခံတွေကိုဂတိပြုခဲ့ပါတယ်။ကျမတို့ပြန်မယ့်

နေ့မှာကမ်းနားလေ့ဆိပ်အထိလိုက်ပို့ကြပြီးလက်ပြနှုတ်ဆက်ကြပါတယ်။ဒေသခံတွေရဲ့ ဒုက္ခအခက်အခဲကိုမျက်မြင်ကိုယ်တွေ့ခံစားလာခဲ့ရတဲ့အတွက်စိတ်ဒဏ်ရာတွေနဲ့ပြန်ခဲ့ရ တဲ့ခရီးပါပဲ။

ဂျာနယ်၊မဂ္ဂဇင်းတွေထဲမှာနာဂစ်လေမုန်တိုင်းသင့်ဒုက္ခသည်တွေကိုကယ်ဆယ်ရေးလို့ ရေးသားဖော်ပြခွင့်မပေးပဲပြန်လည်ထူထောင်ရေးပဲရေးသားရမယ်လို့စာပေစီစစ်ရေးက ဆိုပါတယ်။တကယ်ကတော့နာဂစ်မုန်တိုင်းဒဏ်ခံရပြီးအခုလိုတစ်နှစ်ပြည့်တဲ့အထိနာ ဂစ်ဒုက္ခသည်ပြည်သူတွေကိုပြန်လည်ထူထောင်ဖို့ထက်ကယ်ဆယ်လို့မပြီးနိုင်သေးဘူး ဆိုတာသတင်းလွတ်လပ်ခွင့်ရှိရင်သတင်းသမားတွေဖော်ပြကြမှာအမှန်ပါပဲ။ဒုက္ခသည် တွေကိုကယ်ဆယ်ရေးစခန်းတွေကနေနေရပ်အတင်းပြန်ပို့ခံရလို့နေစရာမရှိတဲ့ဒုက္ခသ ည်တွေကစုပေါင်းပြီးကုလသမဂ္ဂကိုတိုင်ဖို့မနီမိုလှိုင်ကိုအကူအညီတောင်းပါတယ်။ဒုက္ခ သည်တွေရဲ့အခက်အခဲကိုကိုယ်တိုင်သိမြင်ခံစားရသူမို့ကုလသသမဂ္ဂရုံးခွဲကိုမနီမိုလှိုင် လိုက်ပို့ပေးခံပါတယ်။အဲဒီကအပြန်မနီမိုလှိုင်အဖမ်းခံလိုက်ရတာပါ။

မနီမိုလှိုင်တို့စာသင်ကျောင်းဆောက်ပေးမယ့်ရွာကလူတွေလာမယ့်ရက်ရောက်မလာ လို့ရန်ကုန်အထိလိုက်လာကြပါတယ်။ကျမရှင်းပြတော့မှသူတို့စိတ်လက်မချမ်းသာပဲ ကြေကြေကွဲကွဲပြန်သွားကြပါတယ်။"တကထဲဗျာတကယ်ဆိုပြည်သူတွေကဝင်ကူညီ တာကျေးဇူးတောင်တင်ရဦးမယ်"တဲ့။ထောင်ဒဏ်၁၂နှစ်ချခံခဲ့ရတဲ့မနီမိုလှိုင်တစ်ယော က်အကျဉ်းထောင်ထဲကနေသူဂတိပြုထားတဲ့စာသင်ခန်းကိုဝန်မြစ်ဘေးမှာဆောက်ပြီ းစိတ်ကူးနဲ့စာသင်ပေးနေရောမယ်။သူကူညီလှူဒါန်းပေးခဲ့တဲ့နာဂစ်ဒုက္ခသည်တွေရဲ့စက ားကိုကြားရင်သူ့ဟန်အတိုင်းမနီမိုလှိုင်ပြုံးနေပါလိမ့်မယ်။

"မနီမိုလှိုင်အမြန်ဆုံးအကျဉ်းထောင်ထဲကပြန်လွတ်ဖို့ကျနော်တို့ရွာသူရွာသားတွေနဲ့ တစ်နိုင်ငံလုံးကဆုတောင်းပေးနေပါတယ်"တဲ့။ဟုတ်ကဲ့ပါ။ဒုက္ခသည်တွေရဲ့ခွန်အားဟာ ဆုတောင်းခြင်းပဲမဟုတ်ပါလား။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ...

ကျေးဇူးတင်ပါတယ်...ကျမ နှင်းပန်းအိမ်ပါ။

၆။လေးစားရတဲ့သောတရှင်များရှင်

မြန်မာပြည်မှာနာဂစ်လေမုန်တိုင်းတိုက်ခိုက်ခဲ့တာ၁နှစ်ပြည့်ပြီးချိန်ဆိုပေမယ့်မုန်တိုင်းရဲ့နောက်ဆက်တွဲသောကမုန်တိုင်းတွေကတော့မပြီးသေးပါဘူး။မုန်တိုင်းသင့်ပြည်သူတွေကိုကူညီအားပေးလှူဒါန်းခဲ့သူများရဲ့ဘဝမုန်တိုင်းတွေလည်းအကျဉ်းထောင်တွေထဲမှာခုချိန်ထိတိုက်ခိုက်နေဆဲပါ။

မြစ်ကြီးနားအကျဉ်းထောင်မှာနှစ်ရှည်ထောင်ဒဏ်တွေအများကြီးနဲ့အကျဉ်းကျခံနေရတဲ့လူ့ရှင်တော်ကိုဇာဂနာကနာဂစ်အလှူမှာရှေ့တန်းကဦးဆောင်ပါဝင်ခဲ့သူပါ။အနုပညာသည်အများစုပါဝင်ဖို့မီဒီယာကနေလှုံ့ဆော်ခဲ့တယ်။ကိုဇာဂနာဆီရုပ်ရှင်သရုပ်ဆောင်တွေဆန်ဆီငရုတ်ကြက်သွန်၊ခေါက်ဆွဲခြောက်၊ဆေးဝါးမိုးကာဖျင်တွေလှူဒါန်းနိုင်ဖို့ပါဝင်ကူညီကြပါတယ်။ရုပ်ရှင်သရုပ်ဆောင်တွေရဲ့အလှူကိုကိုဇာဂနာကူညီပံ့ပိုးသလိုအလှူဖြစ်မြောက်အောင်တောင်ဒဂုံအဖွဲ့ချုပ်လူငယ်မဉ္စမ္မာလည်းပါဝင်ကူညီခဲ့ပါတယ်။တောင်ဒဂုံ၊မြောက်ဒဂုံနေရာအနှံ့လေဘေးသင့်ပြည်သူတွေရဲ့ဒုက္ခအခက်အခဲကိုတတ်အားသလောက်ကူညီနိုင်ဖို့ဒေသခံတွေနဲ့ဆက်သွယ်ပြီးလတ်တလောအကူအညီပေးနိုင်ခဲ့ပါတယ်။

ကိုဇာဂနာတို့အလှူကိုမဉ္စမ္မာနဲ့အတူကျမပါဝင်ကူညီလှူဒါန်းပေးရစဉ်ကအဖြစ်အပျက်လေးကလည်းမောစရာတွေကြားကရယ်စရာဖြစ်ရပါသေးတယ်။ရွာသာကြီးလေးဒေါင့်ကန်လေဘေးသင့်ပြည်သူတွေလက်ထဲအလှူပစ္စည်းတွေရောက်ရှိဖို့တုံကင်ကြိုပေးစဉ်ကဒေသခံတွေကိုအကူအညီတောင်းရပါတယ်။ဒီတုံကင်ရသူတွေကိုမနက်ဖြန်၉နာရီမှာလာလှူမယ်။အလှူရှင်တွေကသရုပ်ဆောင်တွေလို့ပြောထားတယ်။တကယ်ကပစ္စည်းကသာရုပ်ရှင်သရုပ်ဆောင်တွေရဲ့အလှူပစ္စည်း။လုပ်အားပေးကူညီသူကကျမတို့တွေ။လေးဒေါင့်ကန်ရွာကိုရောက်တော့ပစ္စည်းတွေတင်လာတဲ့ကားနားကိုဒုက္ခသည်တွေဝိုင်းလာကြတယ်။ဘယ်မင်းသားပါလဲ၊ဘယ်မင်းသမီးပါလဲဆိုပြီးဆင့်ထက်ကဲဝိုင်းမေးကြတယ်။ကားပေါ်ကသူတွေကမင်းသားမင်းသမီးမဟုတ်တဲ့အပြင်ဖြတ်လျှောက်ထဲမှာတောင်မတွေ့ဘူး။ဒီတော့ရှုတင်ထမင်းဟင်းချက်တွေဘဲဖြစ်မယ်လို့စကားတင်းဆိုကြ

တယ်။ဒါကိုကိုဇာဂနာသိတော့”ဟုတ်တာပေါ့။ပြည်သူလူထုကသူတို့ချစ်ခင်တဲ့သရုပ်ဆောင်တွေမြင်ချင်ရှာမှာပဲ။ဒါလဲစိတ်ကုထုံးတမျိုး”လို့ပြောပြီးနောက်ထပ်အလှူတွေကိုရုပ်ရှင်သရုပ်ဆောင်တွေတယောက်မဟုတ်တယောက်လိုက်ခိုင်းပါတယ်။အဆိုတော်တွေလည်းပါပါတယ်။ကိုဇာဂနာကသူကိုယ်တိုင်မလိုက်နိုင်ရင်လည်းအလှူပစ္စည်းတွေဝေမယ့်နေရာကိုဖုန်းဆက်တတ်ပါတယ်။ဒုက္ခသည်တွေကိုဖုန်းနားထောင်ခိုင်းပြီးသူ့အသံကြီးနဲ့အားရပါးရအားပေးတတ်တယ်။ခုထက်လှူနိုင်အောင်ကြိုးစားမယ်လို့ဂတိပေးတယ်။အဲဒီ့ဂတိအတိုင်းလည်းထပ်ပြီးလှူနိုင်အောင်လုပ်ပါတယ်။ဒီတော့ဒုက္ခသည်တွေကကိုဇာဂနာကိုပိုပြီးချစ်ခင်လေးစားကြတယ်။

တောင်ဒဂုံ ၆၁ရပ်ကွက်မှာလှူဒါန်းစဉ်ကရုပ်ရှင်သရုပ်ဆောင်ကိုအောင်ခိုင်၊ကိုငှက်ပျောကြော်နဲ့ကိုလူချောတို့အဖွဲ့ကိုဒိုင်နာ၃စီးနဲ့လွှတ်လိုက်ပါတယ်။ကြိုတင်ရောက်နှင့်နေတဲ့မဉမ္မာတို့ကိုကျော်ပြီးကားမောင်းသွားတော့ဒုက္ခသည်စခန်းထဲကသူတွေကိုဝေဖို့တင်လာတဲ့ဆန်အိတ်တွေထဲက၁၈အိတ်ကိုကြံ့ခိုင်ရေးဂိုဏ်းကိုလှူခဲ့ရတယ်။မဉမ္မာတို့သိတော့တောက်တခေါက်ခေါက်နဲ့မခံချင်ဖြစ်ကြတယ်။ဒုက္ခသည်စခန်းတိုင်းမှာကြံ့ခိုင်ရေးအလံတွေထောင်ထားပေမယ့်ဒုက္ခသည်တွေကိုကူညီရတာကပုဂ္ဂလိကအလှူရှင်တွေပါ။အဲဒီ့နေ့ကဒုက္ခသည်အိမ်ထောင်စုအလိုက်ဆန်၅ပြည်၊ခေါက်ဆွဲခြောက်အဝတ်အထည်၊ဆေးဝါးပေးပါတယ်။ဆန်တွေကိုတောင်လိုပုံပြီးပြည်တောင်းနဲ့ချင်တွယ်ပြီးပေးတာပါ။ဆန်ချင်တွယ်သူတွေကတော့ကိုလူချောတို့အဖွဲ့ပါပဲ။ဒုက္ခသည်တွေကသူတို့မှတ်မိနေသူတွေမို့သူတို့ဘဝနဲ့ဆက်နွယ်တဲ့ဆုတောင်းကိုဝိုင်းပေးကြတယ်။“မင်းသမီးတွေကိုဗလက်ကာ ၁ယများများလုပ်နိုင်ပါစေ”တဲ့။

ကိုလူချောတိုပအဖွဲ့ကလည်းတကယ့်ကိုခွန်အားစိုက်ထုတ်ပြီးကူညီတာပါ။ဆန်အိတ်တွေကိုကိုယ်တိုင်ချကိုယ်တိုင်သယ်။ကိုယ်တိုင်သွန်၊ကိုယ်တိုင်ချင်တွယ်လုပ်ကြရတာခါးချိုတဲ့အထိပါ။ဒီလိုငွေအားခွန်အားနဲ့ကူညီနေသူတွေအများကြီးထဲမှာငွေမျက်နှာတခုကိုသာကြည့်တဲ့ဝိသမလောဘသမားတွေလဲရှိပါတယ်။ကိုဇာဂနာဝယ်လာတဲ့ဆန်အိတ်ထဲရေစိုမိတဲ့ဆန်အိတ်တွေကြားညှပ်ထည့်ပေးတော့ကိုဇာဂနာကချက်ခြင်းပွဲရုံကိုဖုန်းဆက်တယ်။ `“နောက်နေ့မဝယ်တော့ဘူး။သိန်းရာချီနေ့စဉ်ဝယ်နေတာကျနော်တို့ကို

အားမနာရင်တောင်ဒုက္ခသည်တွေကိုအားနာဖို့ကောင်းတယ်။ကျနော်မျက်နှာပူတယ်။ဒုက္ခသည်ဘဲငါတို့လုပ်သလိုခံရမယ်ဆိုဘယ်ဟုတ်ပါ့မလဲ။ဘယ့်နှယ့်ဗျာ၊တခြားနည်းနဲ့စီးပွားရှာ”လို့ပြောတော့တာပဲ။

တကယ်လည်းဟုတ်ပါတယ်။ဒုက္ခသည်တွေကိုအလှူလှူပြီး ပြန်လာခဲ့ရင်ကျမတို့မှာဝေဒနာတခုပါလာတယ်။အလှူရှင်တွေကလှူတဲ့နေရာမှာလွယ်ကူအောင်ဒုက္ခသည်တွေကိုတန်းစီခိုင်းပြီးလက်ထဲကိုယ်တိုင်ထည့်ပါတယ်။အဲဒီလိုတန်းစီနေတဲ့အချိန်မှာဒုက္ခသည်တွေရဲ့မျက်နှာတွေညှိုးကျသွားတယ်။သိမ်ငယ်စိတ်။အားငယ်စိတ်တွေလွှမ်းနေတယ်။ရှက်လည်းရှက်ကြတယ်။နာဂစ်မဖြစ်ခင်မှာဆင်းရဲဦးတော့ကိုယ့်လက်ကိုယ့်ခြေကိုယ့်အိမ်ကိုယ့်ယာဆိုတဲ့အသိကဘဝကိုရင်ဆိုင်ဖို့ခွန်အားတွေနဲ့တက်ကြွနေကြတာ။ခုတော့အလှူရှင်ကိုမျှော်ရတဲ့ဘဝ။အလှူရှင်ပါလာတဲ့ပစ္စည်းနဲ့အသက်ဆက်ရတော့ရှက်လို့သိမ်ငယ်လို့မယူဘူးဆိုလည်းစားစရာမရှိ။ရှေ့မျက်နှာနောက်ထားပြီးတန်းစီရတော့တာပါပဲ။ဒုက္ခသည်တွေရဲ့စိတ်ခွန်အားဖြစ်ဖို့၊ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ကိုဇာဂနာအလှူရှင်တွေနဲ့ပေါင်းပြီးလုပ်ငန်းသုံးအထောက်အကူပစ္စည်းတွေပေးနိုင်ဖို့ကြိုးစားပါတယ်။မြစ်ဝကျွန်းပေါ် လေဘေးသင့်ပြည်သူတွေဆီကိုလည်းသူကိုယ်တိုင်လည်းသွားပါတယ်။မြစ်ဝကျွန်းပေါ် ကိုကျမရောက်သွားတော့ယာယီတဲစခန်းလေးတွေထဲမှာမီးခိုးတွေအူနေတာတွေ့ရတယ်။ဒီနေ့ဘာတွေချက်သလဲဆိုတော့ဒုက္ခသည်တွေကကျော်သူထမင်းကျော်သူဟင်း၊ဇာဂနာထမင်းဇာဂနာဟင်းတဲ့။

လေးစားရတဲ့သောတရှင်များရှင်

ကျော်သူထမင်းကျော်သူဟင်း၊ဇာဂနာထမင်းဇာဂနာဟင်းဆိုတာနာဂစ်ဒုက္ခသည်တွေရဲ့ရင်တွင်းဖြစ်စကားတွေပါပဲ။သူတို့ရှိတဲ့နေရာတွေဆီအရောက်ဒုက္ခအမျိုးမျိုးခံပြီးသွားခဲ့တဲ့လှူဒါန်းတဲ့ကိုဇာဂနာအဖွဲ့၊ကိုကျော်သူဦးစီးတဲ့နာရေးကူညီမှုအဖွဲ့ပေးတဲ့မိုးကာဖျင်နဲ့ယာယီတဲစခန်းဆောက်တယ်။သူတို့ပေးတဲ့ဆန်ဆီဆားငါးသေတ္တာခေါက်ဆွဲခြောက်ကိုချက်စားရတယ်။အခြားပုဂ္ဂလိကအလှူရှင်တွေရဲ့ပစ္စည်းတွေနဲ့လဲသူတို့အသက်ဆက်ကြတယ်။ဒီထဲကမှသူတို့ချစ်တဲ့အနုပညာရှင်တွေကိုဗွီဒီယိုထဲမှာမဟုတ်ဘဲအပြင်မှာလ

က်တွေ့ဆက်ဆံနေထိုင်ရတဲ့အခါသူတို့ဝမ်းသာပြီးခံစားနေရတဲ့ဒုက္ခကိုခဏမေ့သွားတယ်။ကျေးဇူးတင်ကြတယ်။သာဓုခေါ်ကြတယ်။သူတို့ခံစားရတဲ့အတိုင်းတုံ့ပြန်ကြတယ်။ဒီလိုလေဘေးသင့်ဒုက္ခသည်တွေကိုရှေ့ခရီးအတွက်လိုအပ်မယ့်လုပ်ငန်းသုံးလယ်ထွန်စက်၊ငါးဖမ်းလှေတွေလှူဒါန်းဖို့ပြင်ဆင်နေဆဲမှာဘဲကိုဇာဂနာကိုစစ်အာဏာရှင်ကမတရားဖမ်းဆီးလိုက်ပါတယ်။ကိုဇာဂနာအဖမ်းခံရတဲ့သတင်းကိုကြားတော့ရန်ကုန်.မြစ်ဝကျွန်းပေါ်ကနာဂစ်ဒုက္ခသည်တွေအံ့သြတုန်လှုပ်သွားကြတယ်။သူတို့အားလုံးအားထားနေရတဲ့သူတွေဖမ်းဆီးခံ၊တားမြစ်ခံရတော့သူတို့ရှေ့ခရီးကိုဘယ်လိုအထောက်အပံ့နဲ့ဘယ်လိုခရီးဆက်ရပါ့မလဲ။

အားကစားဝန်ကြီးကတော့ဒုက္ခသည်တွေကိုစာသင်ခန်းတွေကဖယ်ပေးဖို့၊မိမိရပ်ကွက်တွေကိုပြန်ဖို့လာပြောပါတယ်။”နိုင်ငံတော်အစိုးရကဒီလောက်ခွင့်ပြုထားရင်ကြေနပ်ဖို့ကောင်းပြီ။ကိုယ်ထူကိုယ်ထပဲ၊စစ်သားမိန်းမတွေနေ့စဉ်ချဉ်ပေါင်ရွက်စားရတယ်။ကိုယ်စားတဲ့ချဉ်ပေါင်ရွက်ကိုပြန်စိုက်၊တစ်ပတ်ကြာလို့အရွက်ထွက်လာရင်ပြန်ခူးစားဒီလိုနဲ့အသက်ဆက်ရတာပဲ”လို့ဒုက္ခသည်တွေကိုပြောသွားပါတယ်။အဲဒီစကားကလွဲလို့တစ်ခြားဘာအကူအညီမှမပေးခဲ့ပါဘူး။

နာဂစ်ဒုက္ခသည်တွေကိုကူညီနေတဲ့သူတွေကိုတားမြစ်ဖမ်းဆီးထောင်ချပြီးကယ်ဆယ်ရေးမရှိတော့ဘူး။ပြန်လည်ထူထောင်ရေးပဲရှိတော့တယ်လို့စစ်အာဏာရှင်ကပြောင်လိမ်ခဲ့ပါတယ်။နာဂစ်ဒုက္ခသည်တွေမှန်တိုင်းရဲ့ဒဏ်ရာဒဏ်ချက်တွေထဲကကြုံးရုန်းထခဲ့ရပါတယ်။အခုထိအခြေမခိုင်သေးပါဘူး။နာဂစ်ဒုက္ခသည်တွေကိုကူညီခဲ့တဲ့ကိုဇာဂနာတစ်ယောက်လဲမြစ်ကြီးနားအကျဉ်းထောင်ထဲမှာအကျဉ်းကျခံနေရစဲပါ။

၁၉၉၀ဝန်းကျင်ကကိုဇာဂနာထောင်၃နှစ်ကျခဲ့ဖူးပါတယ်။၉၀ရွေးကောက်ပွဲကိုကိုဇာဂနာ့မိခင်သခင်မ၊စာရေးဆရာမကြီးဒေါ်ကြည်ဦးကတသီးပုဂ္ဂလဝင်ရောက်အရွေးခံခဲ့ပါတယ်။ကိုဇာဂနာကလဲမိခင်ကြီးအတွက်မဲဆွယ်စည်းရုံးခဲ့ပါတယ်။ကိုဇာဂနာကိုမိုးနတ်သူဇာအငြိမ့်မှာလူရွှင်တော်အဖြစ်လူတိုင်းကလက်ခံအားပေးနေချိန်ပါ။ရုပ်လေးလုံးမတိုင်ခင်မ.ဆ.လအစိုးရကိုသူ့ဟာသတွေနဲ့ထိရောက်စွာထိုးနက်သရော်ခဲ့ပါတယ်။ခေတ်နဲ့

အညီဖြစ်ပျက်နေတာတွေကိုတီဗွီအငြိမ့်မှာဖျော်ဖြေခဲ့ပါတယ်။သူ့ရဲ့တီဗွီအငြိမ့်အစီအစဉ်ဟာတမူထူးခြားလူကြိုက်များခဲ့ပါတယ်။အဲဒီတုန်းကပါတီကောင်စီခေတ်ကိုထိထိမိမိထိုးနက်သရော်နိုင်ခဲ့တယ်။လူရွှင်တော်တွေကိုကိုဇာဂနာကအုတ်ခဲစီနိုင်းပါတယ်။လူရွှင်တော်တွေစီတာကိုသူမကြိုက်ဘူး။ပါးစပ်ကလဲပြောပါတယ်”ဟိုကောင်စီလဲမကောင်းဘူး။ဒီကောင်စီလဲမကောင်းဘူး”တဲ့။ဒီပြက်လုံးကိုပြန်ပြန်သတိရပြီးပြုံးမိရပါသေးတယ်။ကိုဇာဂနာကလူရွှင်တော်တွေတပ်အပ်တဲ့ပညာရှိပြီးသူ့ပြက်လုံးတွေကမသေတဲ့ပြက်လုံးတွေဖြစ်ပါတယ်။ကိုဇာဂနာပြက်လုံးထုတ်ရင်ပြောနေတဲ့လေသံနဲ့မျက်နှာကသိပ်ကောင်းပါတယ်။သူ့မှာလူပြက်မှင်မောင်းအပြည့်ရှိတယ်။သူ့ပုံစံသူ့လေ၊သူ့မျက်နှာထားကသူများတုလို့မရပါဘူး။ကိုဇာဂနာကစိတ်ထားကောင်းတယ်။စေတနာကောင်းတယ်။လောကကြီးမှာရယ်စရာကောင်းတဲ့ကိစ္စလေးတွေကိုထောင့်စေ့အောင်ပြောတတ်ပါတယ်။အားနေရင်တောင်ပါးစပ်ဆိုင်းတော့တီးနေသေးတယ်။အင်းစိန်အကျဉ်းထောင်ထဲမှာသူနေခဲ့ရစဉ်သူနဲ့အတူနေခဲ့ဖူးသူတွေကသူ့အကြောင်းမှတ်မှတ်ရရပြောတတ်ပါတယ်။အဲဒီတုန်းကသူကထောင်ထဲမှာအမျှော်စိုက်တေးတွေကြီးပဲအငြိမ့်သီချင်းမဟုတ်ဘူး။အလှဘွဲ့ရာသီဘွဲ့သီချင်းတွေကိုအငြိမ့်သီချင်းလုပ်ချင်တယ်လို့ပြောပါတယ်။

သူကထောင်ထဲမှာသီချင်းတွေရေးတယ်။ပြဇာတ်တွေရေးတယ်။သူ့ရဲ့အနုပညာရှေ့ဆက်ဖန်တီးမှာတွေကိုပါးစပ်နဲ့သရုပ်ဆောင်ဖန်တီးပြီးဘဝတူနိုင်ငံရေးအကျဉ်းသားတွေကိုဖျော်ဖြေခဲ့တယ်။သူနဲ့အတူနေခဲ့သူတွေကသူ့အသံအိုးကသာမန်လူတွေထက်ကြီးတယ်။သူ့အသံကိုဆယ်ခန်းကျော်အထိကြားရတယ်တဲ့။ထောင်ကျအကျဉ်းသားဆိုတာဟိုဘက်တိုက်ဒီဘက်တိုက်စကားမပြောရဘူး။မဆက်သွယ်ရဘူး။ထောင်ထဲမှာဟင်းကအရေးကြီးသလိုသတင်းကလဲအရေးကြီးတာမို့သူသိတဲ့သတင်းကိုအညောင်းပြေလမ်းလျှောက်ရင်းကရင်ပြည်နယ်မှာန.အ.ဖနဲ့တိုက်ပွဲဖြစ်တဲ့သတင်းကိုသူအမူအရာနဲ့ပြန်ပြောပြခဲ့တယ်။ကရင်ပြည်နယ်ဆိုတာကိုသိအောင်ကရင်ဒိုးယိမ်းကပြတယ်။လက်နဲ့သေနတ်ပစ်ပြတယ်။အပွင့်အခက်တွေကိုလက်မောင်းမှာပုတ်ပြပြီးလျှာထွက်ပက်လက်လှန်ပြတယ်။စစ်အစိုးရနဲ့ကရင့်တော်လှန်ရေးသမားတွေတိုက်ပွဲအပြင်းအထန်ဖြစ်တယ်ဆိုတာကိုနိုင်ငံရေးအကျဉ်းသမားတွေနားလည်သွားကြတယ်။နိုင်ငံရေးသတင်းကို

သူ့အနုပညာနဲ့သရုပ်ဖော်သွားတာဖြစ်ပါတယ်။လူရွှင်တော်ကိုဇာဂနာအများပြည်သူကို ပျော်ရွှင်အောင်ဟာသတွေလုပ်ပေးခဲ့ပေမယ့်သူကတော့ပျော်စရာမဖြစ်ခဲ့ပါဘူး။မိသား စုကနိုင်ငံခြားမှာသူကနစ်ရှည်ထောင်ဒဏ်နဲ့မြစ်ကြီးနားအကျဉ်းထောင်ထဲမှာမိခင်ကြီးရဲ့ နောက်ဆုံးခရီးစျာပနကိုလဲသူလိုက်ပို့ခွင့်မရခဲ့ပါဘူး။မိခင်ရဲ့နာရေးသတင်းကိုကြားပြီး လူသားပီပီသူကြေကွဲနေပါလိမ့်မယ်။

ဒါပေမယ့်ခေတ်တွေစနစ်တွေကိုကိုဇာဂနာတစ်ယောက်ဟာသနဲ့ကြည့်မယ်ဆိုတာကိုတော့ကျမတို့ယုံကြည်လျှက်ပါ။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ...

ကျေးဇူးတင်ပါတယ်...ကျမ နှင်းပန်းအိမ်ပါ။

၇။လေစားရတဲ့သောတရှင်များရှင်

ကျမတို့မြန်မာပြည်နာဂစ်လေမုန်တိုင်းဒဏ်ခံရပြီးမရေးမနှောင်းမှာတရုတ်ပြည်လျှင် လှုပ်ပါတယ်။ချက်ချင်းဆိုသလိုနာရီပိုင်းအတွင်းတရုတ်သမ္မတဟူကျင်းတောင်လျှင် လှုပ်ရာဒေသကိုရောက်ရှိသွားပါတယ်။ပြိုကျပျက်စီးနေတဲ့အပျက်အစီးပုံကြားထဲကက လေးတွေကိုသူကိုယ်တိုင်ပိုင်းပြီးဆွဲထုတ်တယ်။ဒုက္ခသည်တွေကိုအားပေးတယ်။ဖက် လှဲတကင်းနွေးနွေးထွေးထွေးဆက်ဆံတယ်။ဒုက္ခသည်တွေကသူတို့သမ္မတကိုမြင်တော့အားကိုးတကြီးဖက်ငိုကြတယ်။သူ့ရဲ့တိုင်းသူပြည်သားဒုက္ခကိုမြင်တော့သမ္မတကိုယ် တိုင်လဲမျက်ရည်ကျတာပေါ့။သူ့တိုင်းသူပြည်သားတွေရဲ့ဒုက္ခကိုကူညီနိုင်ဖို့နိုင်ငံတကာ အကူအညီကိုလဲသူလက်ခံကြိုဆိုတယ်။ဒီလိုအာရှရဲ့အနိဋ္ဌာရုံတွေမဖြစ်ခင်အမေရိကန် မှာကတ်ထရီနာမုန်တိုင်းတိုက်ခိုက်တော့အမေရိကန်သမ္မတဘုရှ်လဲအဲဒီဒေသကိုချက် ချင်းသွားပြီးဒုက္ခသည်တွေအတွက်ကူညီတယ်။စောင့်ရှောက်တယ်။ဒီလိုအစိုးရကပြည် သူတွေရဲ့အုပ်ချုပ်သူအစိုးရဖြစ်ရတာထိုက်တန်လိုက်တာလို့သတင်းကြားရသူ၊သတင်း မှာမြင်ရသူတွေကမှတ်ချက်ပေးကြပါတယ်။ကောင်းချီးပေးကြပါတယ်။

နာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့မြစ်ဝကျွန်းပေါ်ဒေသကိုဗိုလ်ချုပ်သန်းရွှေရောက်ရှိတဲ့အချိန်ကမုန်တိုင်းငြိမ်သက်ပြီးလချီကြာမှရောက်ရှိခဲ့တာပါ။သူလာတဲ့အချိန်မှာသူတို့သွားဖို့လမ်းကိုဒုက္ခရောက်နေတဲ့ကြားကဒုက္ခသည်တွေလုပ်အားပေးလမ်းခင်းရတယ်။ဒုက္ခသည်တွေကရွှံ့နွံထဲမှာတန်းစီပြီးလက်အုပ်ချီကြိုနေရတယ်။ဒီသတင်းရုပ်မြင်သံကြားမှာပါတော့ဒုက္ခသည်တွေဆီကိုဗိုလ်သန်းရွှေအဖူးအမျှော်ခံထွက်တာလို့ပြည်သူတွေကနာနာကျည်းကျည်းပြောကြပါတယ်။

ကျမတို့မြန်မာပြည်နာဂစ်မုန်တိုင်းမှာသေကြေကြတဲ့သူတွေရဲ့သိန်းချီနေတဲ့အလောင်းတွေအပုပ်အစီးပုံတွေကြားမှာမြင်မကောင်းပါဘူး။အဲဒီအလောင်းတွေကိုအစိုးရကတာဝန်ယူပြီးဘယ်လိုမြှုပ်နှံမယ်၊ဘယ်လိုသဂြိုလ်မယ်ဆိုတာတိုင်းသူပြည်သားအားလုံးစေ့င့်ကြည့်မျှော်လင့်နေရတဲ့အချိန်ပါ။သေသူတွေရဲ့အပိုင်းအစသာရှိတဲ့ခန္ဓာကိုယ်တွေကလဲနေရာအနှံ့၊နာဂစ်ကြောင့်မသေဘဲကျန်သူဒေသခံတွေရဲ့ကျန်းမာရေးကိုပိုပြီးစိုးရိမ်ကြရပါတယ်။သောက်ရေကန်၊သုံးရေကန်များထဲကအလောင်းတွေ၊ငါးကန်ပုဇွန်ကန်ထဲကအလောင်းတွေ၊ဆားကွင်းလယ်ကွင်းတွေထဲကအလောင်းတွေကိုဘယ်ပုံ၊ဘယ်နည်းဖယ်ရှားသဂြိုလ်မယ်ဆိုတာကိုတိုင်းပြည်အုပ်ချုပ်တဲ့အစိုးရတာဝန်ရှိသူတွေစဉ်းစားပုံကိုကြည့်ပါဦး။သစ်တောဝန်ကြီးဦးသိန်းအောင်လာတဲ့ခရီးစဉ်မှာကိုတေဇကမေးတယ်တဲ့။

"အန်ကယ်ဒီအလောင်းတွေဘယ်လိုလုပ်ရမလဲ"ဆိုတော့ဝန်ကြီးဦးသိန်းအောင်ကဖြေပါတယ်။"မပူနဲ့အသားတွေငါးပူတင်းတွတ်ပြီးအရိုးတွေမြစ်ထဲကျကုန်မယ်"တဲ့။အဲဒီစကားမီဒီယာမှာပါလာတော့ပြည်သူပြည်သားတွေအုန်းအုန်းကျွက်ကျွက်နဲ့သစ်တောဝန်ကြီးကိုမေတ္တာပို့ကြတာပေါ့။

လူသားအချင်းချင်းရဲ့ဒုက္ခကိုမြင်ရင်ကြင်နာသနားတတ်တဲ့လူသားစိတ်ရှိသူများကနာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့သူတွေအသက်ဆုံးရှုံးပြီးတစစီဖြစ်နေတဲ့ရုပ်ပုံတွေကိုမြင်ရတော့ရင်ထဲမချိအောင်နာကြတယ်။မသေခင်ဘယ့်လောက်များခံစားလိုက်ရမလဲ။ချက်ချင်းမသေပဲဝေဒနာခံစားပြီးမှသေရင်လဲဘယ့်လောက်နာကြင်လိုက်မလဲလို့တွေးပြီးသနားကြတယ်။လေမုန်တိုင်းဖြစ်ချိန်နေ့လည်၃နာရီမတိုင်ခင်မှာမိသားစုနဲ့အတူတကွနေ

ထိုင်စားသောက်နေကြသူတွေရုတ်တရက်အဖြစ်ဆိုးနဲ့ကြုံလိုက်ရတဲ့အတွက်သေခြင်းတရားကိုလက်မခံဘဲဗုဒ္ဓဘာသာအယူနဲ့မကျွတ်မလွတ်ရင်ဆိုတဲ့အတွေးတွေနဲ့သချိုင်းမြေနေရာဝယ်ပြီးမြေမြှုပ်သင်္ဂြိုလ်ပြီးသရဏဂုံတင်ပေးမယ့်ပုဂ္ဂလိကအလှူရှင်တွေပေါ်လာပါတယ်။

နာရေးကူညီမှုအသင်းလိုအဖွဲ့အစည်းတွေ၊ကိုအောင်ကျော်ဆန်း၊ဒေါက်တာနေဝင်းဦးဆောင်တဲ့ပုဂ္ဂလိကအဖွဲ့တွေပေါ် လာပြီးအလောင်းကောက်မြေမြှုပ်သင်္ဂြိုလ်၊သရဏဂုံတင်ကြတယ်။ဒီအခါမှာကြားရသူအပေါင်းဝမ်းမြောက်ဝမ်းသာသာဓုခေါ် ကြတာပေ့ါ။ဒေါက်တာနေဝင်းကသူအလောင်းကောက်တာတွေကိုကယ်ဆယ်ရေးသွားရင်နဲ့ရှင်ပြဖူးပါတယ်။"ပုပ်ပွနေတဲ့အလောင်းတွေ၊လက်၊ခြေ၊ခန္ဓာကိုယ်ဦးခေါင်းတစစီဖြစ်နေတဲ့အလောင်းတွေကိုစကာ်ပူရောက်မြန်မာတွေပေးတဲ့၊တခြားအလှူရှင်တွေပေးတဲ့အိတ်တွေထဲထည့်ကြပါတယ်။အလောင်းသယ်တဲ့အခါဝတ်ဖို့တစ်ခါသုံးအင်္ကျီ၊နှာခေါင်းစည်း၊လက်အိတ်၊ဖိနပ်တွေနဲ့အလောင်းကောက်ရတာပါ။တစ်အိတ်ကိုတစ်လောင်းပဲထည့်ရတဲ့အိတ်ထဲငါးလောင်းခြောက်လောင်းထည့်ရတယ်။တချို့ဆိုခေါင်းကြီးပဲ။တချို့ဆိုလက်ကြီးပဲ။ကျန်တဲ့ခန္ဓာကိုယ်တွေမရှိတော့ဘူး။ကလေးအလောင်းတွေကအရိုးကျနေပြီ။အလောင်းတချို့ကဆားငန်ရေတွေကြောင့်အကောင်းအတိုင်းကြီးပဲရှိသေးတယ်။ညီစိုစိုအနံ့တွေကထမင်းတောင်မစားနိုင်ဘူး။ဒါပေမယ့်အသက်မသေဘဲကျန်ခဲ့တဲ့ဒုက္ခသည်တွေရဲ့ရပ်တည်ရေးကလဲအရေးကြီးတယ်။ဒါ့ကြောင့်နာရေးကူညီမှုအသင်းကရေပုတ်စုတ်တဲ့စက်တွေလှူတယ်။ဒီဇယ်လှူတယ်။သောက်သုံးရေအတွက်ဆားငန်ရေဝင်နေတဲ့ရေကန်တွေကိုရေစုတ်စက်နဲ့စုတ်ထုတ်တယ်။

သောက်သုံးရေကန်ထဲကအလောင်းတွေကိုအရင်ရှင်းပစ်ရတာပါ။ဗိုလ်ကလေးမှာမြေဝယ်ပြီးသင်္ဂြိုလ်ပေးတယ်။ကွမ်းခြံကုန်းမှာမြေဝယ်ပြီးသင်္ဂြိုလ်ပေးတယ်။မြေနစ်ဇကေဝယ်ပြီးအလောင်းတွေကိုမြေမြှုပ်ရတယ်။ရွာကလူတွေလဲဝိုင်းလုပ်ပေးတယ်။ရွာဆိုတာလဲယာယီတဲလေးတွေနဲ့နေရသူတွေပါ။ဘုန်းကြီးတွေပါကျနော်တို့ခေါ် သွားတယ်။အလောင်းတွေလိုက်ဆယ်ပြီးမြန်မာ့ဓလေ့အတိုင်းသရဏဂုံတင်မြေမြှုပ်ပေးတယ်။နာဂစ်ဖြစ်ပြီးနှစ်လကြာတဲ့အထိအလောင်းတွေရှိသေးတယ်။ဓနိတော၊ခရာတောတွေထဲမှာညပ်နေ

တဲ့အလောင်းတွေကြတော့ထုတ်မရပြုမရဖြစ်နေရင်ကားတာရာတွေရေနံတွေနဲ့မီးရှို့ပစ်ရတယ်။အလောင်းတွေကရွာတွေရဲ့အနီမ့်ပိုင်းတွေမှာများပါတယ်။ဆားကွင်း၊ငါးကန်၊ပုဇွန်ကန်တွေမှာအလုပ်လုပ်နေတဲ့အချိန်လို့ပြောကြပါတယ်။အလောင်းတွေကိုဘယ်သူဘယ်ဝါတော့မမှတ်မိကြတော့ပါဘူး။ကျနော်တို့အလောင်းကောက်ပြီးသရဏဂုံတင်ပေးရင်တော့စုပေါင်းတရားနာအမျှဝေကြတယ်။တရားနာရင်းကြိတ်ပြီးငိုရှိုက်ကြတယ်။လောကဓံတရားကိုတင်းခံကြတယ်။

မြစ်ဝကျွန်းပေါ်ရဲ့အမှတ်အသားဖေဒါပင်ကိုမြစ်ထဲမှာခင်ဗျားမြင်ခဲ့မှာပေ့ါ။ဆရာဇော်ဂျီကအဲဒီဖေဒါပင်ကိုလူ့ဘဝဒုက္ခကိုတွန်းလှန်နိုင်၊တိုက်ခိုက်နိုင်တဲ့လူတွေနဲ့တင်စားထားတာပါ။နာဂစ်ဒဏ်ကိုခံစားပြီးအသက်မသေဘဲကျန်တဲ့သူတွေ၊အလှူရှင်တွေကဖေဒါပန်တွေလိုပါပဲ။

လေးစားရတဲ့သောတရှင်များရှင်

နာဂစ်အလှူရှင်တွေရဲ့စေတနာလုပ်အားကြောင့်နာဂစ်ဒုက္ခသည်တွေရဲ့ဘဝရှင်သန်ရမယ်လို့ဒေါက်တာနေဝင်းတို့စေတနာရှင်တွေပိုင်းဖြတ်ထားပါတယ်။ဒါပေမယ့်ဒေါက်တာနေဝင်းတို့မျှော်လင့်သလိုဖြစ်မလာပါဘူး။နာဂစ်လေမုန်တိုင်းကြောင့်သေဆုံးသူတွေရဲ့အလောင်းတွေမြေမြှုပ်သင်္ဂြိုလ်လို့မပြီးသေးခင်မှာပဲဒေါက်တာနေဝင်းတို့ကိုအာဏာပိုင်တွေကဖမ်းလိုက်ပါတယ်။ဒေါက်တာနေဝင်းနဲ့အတူသူ့သမီးလေးပါအဖမ်းခံလိုက်ရပါတယ်။၁၉၈၉မှာပထမအကြိမ်ထောင်ကျတော့လသားအရွယ်သမီးငယ်လေးကိုထားခဲ့ပြီး၁၅နှစ်ဆိုတဲ့ပြစ်ဒဏ်နဲ့ထောင်ထဲဝင်ခဲ့ရပါတယ်။သူထောင်ကလွတ်လာတော့သူ့သမီးလေးစက်မှုကျောင်းသူဖြစ်နေပါပြီ။ဒီတစ်ကြိမ်ထောင်ပြန်ကျတဲ့အချိန်မှာသမီးလေးကသူနဲ့အမှုတွဲတူဖြစ်နေပြန်ပါတယ်။

ဒေါက်တာနေဝင်းကစကားကိုလေသံတိုးတိုးနဲ့ပြောတတ်တယ်။မတူတဲ့အယူအဆရှိရင်တောင်ပြုံးပြုံးလေးနဲ့နားထောင်ပေးတတ်သူပါ။သူ့ဘဝမှာစကားမာမာလေသံမာမာနဲ့ရန်သူကိုတောင်ပြောခဲ့မယ်မထင်ပါဘူး။ယုံကြည်ချက်နဲ့ပါတ်သက်ရင်နောက်မဆုတ်တဲ့သူပါ။သူ့ပင်ကိုယ်စိတ်ရင်းကပရကိုအခြေခံတယ်။သူတွေးသမျှ၊စဉ်းစားသမျှ၊သူပြောသ

မျှစကားလုံးတွေဟာသူ့အတွက်ဆိုတာမပါတတ်တဲ့သူပါ။သူ့ကိုဆုံဖူးတဲ့ရဲဘော်တွေတင်မကဘူးသူ့ကိုမမြင်ဘူးတဲ့သူတွေဆီမှာတောင်သူ့အကြောင်းကလေးညှင်းလိုသင်းပျံ့နေပါတယ်။ဒေါက်တာနေဝင်းကအင်းစိန်ထောင်မန္တလေးထောင်၊မြစ်ကြီးနားထောင်တွေမှာနေခဲ့ရပါတယ်။ထောင်တွင်းအတူနေရဲဘော်များကဒေါက်တာနေဝင်းကိုထောင်ဝင်စာအလာနည်းတဲ့အတွက်စားစရာရလာရင်ဝိုင်းပေးကြပါတယ်။ဒါပေမယ့်သူမစားဘူး။ထောင်ဝင်စာမလာတဲ့ရိုးရိုးအကျဉ်းသားတွေကိုပြန်ပေးပါတယ်။မြစ်ကြီးနားထောင်မှာဒေါက်တာနေဝင်းတီဘီဖြစ်တော့ဘဝတူနိုင်ငံရေးရဲဘော်တွေသူကိုအားရှိအောင်ထောင်ဝင်စာလာတိုင်းစားစရာကောင်းကောင်းလေးပါရင်ပေးကြတယ်။သူနည်းနည်းပဲစားပြီးအစာရေစာမဝလင်တဲ့ရိုးရိုးအကျဉ်းသားတွေကိုကျွေးလိုက်ပါတယ်။

တခါတော့ဦးဘမင်းဇနီးမြစ်ကြီးနားအကျဉ်းထောင်ကိုထောင်ဝင်စာသွာတဲ့အခါအဘွားဒေါ်ကြည်ကြည်ကဒေါက်တာနေဝင်းအတွက်ငွေနှစ်ထောင်ပေးလိုက်ပါတယ်။ဦးဘမင်းထောင်ကလွတ်တော့ပြန်ပြောပြပါတယ်။ဒေါက်တာနေဝင်းကအဘွားကြည်ပေးလိုက်တဲ့ငွေနဲ့အမှတ်တရဖြစ်အောင်ကော်ဇလုံအကြီးဝယ်လိုက်တယ်တဲ့။အဲဒီဇလုံကြီးထဲမှာပုံစံထမင်းကိုထည့်ပြီးရိုးရိုးအကျဉ်းသားပုံစံထမင်းအပြည့်မရတဲ့သူတွေကိုဝေပါတယ်။သူ့ရဲဘော်တစ်ယောက်ကဖိနပ်မရှိတဲ့သူ့ကိုမြင်းကြယ်ဖိနပ်အသစ်ဝယ်ပေးတယ်။တစ်ရက်ပဲသူ့ခြေထောက်မှာတွေ့လိုက်တယ်။ရဲဘက်ထုတ်မယ့်ရိုးရိုးအကျဉ်းသားကိုသူပေးပစ်လိုက်တယ်။ကျန်တဲ့ရဲဘော်တွေကသူ့ကိုဂရုဏာနဲ့အပြစ်ပြောလဲသူပြုံးပြုံးလေးနဲ့ငြိမ်ခံတယ်တဲ့။

ဒေါက်တာနေဝင်းဇနီးမသန္တာကလသားအရွယ်သမီးငယ်လေးနဲ့ကျန်ခဲ့ရပြီးမိအိုဖအိုကိုလုပ်ကျွေးရသူပါ။ဈေးရောင်းရင်းဘဝကိုရပ်တည်ရပါတယ်။အရွယ်ရဲ့ဂုဏ်သိက္ခာကိုအထိပါးမခံဘဲဒေါက်တာနေဝင်းကိုပါရမီဖြည့်ပေးသူပါ။သမီးငယ်လေးကျောင်းပိတ်ရက်မှသမီးကိုလက်ဆွဲပြီးခင်ပွန်းကိုထောင်ဝင်စာတွေ့ရပါတယ်။နိုင်ငံရေးသမားတွေရဲ့မိခင်တွေဇနီးသည်တွေက်သူတို့ရဲ့သောကတွေဒုက္ခတွေကိုအားမာန်အဖြစ်နဲ့ပြောင်းပြီးထောင်ဝင်စာတွေ့နိုင်အောင်ကြိုးစားကြတယ်။ထောင်ဝင်စာမှာသံတိုင်တွေနောက်ကနိုင်ငံရေးအကျဉ်းသားတွေကိုအပြုံးအတုတွေစကားလုံးအတုတွေနဲ့ဖြေသိမ့်ပေးကြတယ်။

ကိုယ်ဘယ်လောက်ဆင်းရဲပင်ပန်းပါစေ"အပြင်ကသူတွေအတွက်မပူနဲ့အထဲမှာကျန်းမာအောင်နေအပြင်မှာအဆင်ပြေတယ်သိလား"ဆိုပြီးအထဲကသူစိတ်ချမ်းသာအောင်ပြောတတ်ကြပါတယ်။ဒီလိုထဲမှာဒေါက်တာနေဝင်းဇနီးမသဉ္ဇာလဲပါပါတယ်။မသဉ္ဇာကသမီးလေးကိုဖခင်နဲ့စိမ်းမသွားအောင်ဖခင်ကိုတန်ဖိုးထားတတ်အောင်ဖခင်ကိုချစ်ခင်လေးစားအောင်စွမ်းဆောင်ပေးပါတယ်။ဒါ့ကြောင့်လဲဒေါက်တာနေဝင်းထောင်ကလွတ်တော့၁၅နှစ်အတွင်းမှာတနှစ်တခါပဲတွေ့ခွင့်ရတဲ့သားအဖရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင်ရှိတာကိုအားလုံးကဝမ်းသာဂုဏ်ယူကြရတယ်။သမီးလေးကသူတို့ဇနီးမောင်နှံရဲ့တစ်ဦးတည်းသောသမီး။ဒီသမီးလေးကိုအများကြီးမျှော်လင့်အားထားကြတာပေ့ါ။ဒါပေမယ့်သူတို့ဇနီးမောင်နှံကသူတို့သမီးလေးကိုအတ္တနဲ့ပရကိုခွဲခွဲခြားခြားသိမြင်နိုင်အောင်လမ်းပြပေးခဲ့ပါတယ်။နာဂစ်မုန်တိုင်းခံဒုက္ခသည်တွေရဲ့အခက်အခဲကိုဝိုင်းဝန်းဖြေရှင်းပေးတဲ့ဒေါက်တာနေဝင်းတို့သားအဖနဲ့အတူသူတို့အဖွဲ့အားလုံးကိုထောင်ဂုနှစ်စီချမှတ်လိုက်ပါတယ်။ဒီတခါတော့ခင်ပွန်းသည်ကိုတင်မဟုတ်ပဲသမီးကိုပါတစ်လှည့်စီထောင်ဝင်စာတွေ့နေရတဲ့မသဉ္ဇာတစ်ယောက်ဘယ်လောက်များခက်ခဲပင်ပန်းလိုက်မလဲ။ဇနီးသည်ဘဝမိခင်ဘဝနဲ့ထောင်ဝင်စာတွေ့နေရတဲ့မသဉ္ဇာဘဝမှာငြိမ်းသက်ခြင်းမရှိ၊လှုပ်ရှားရုန်းကန်ပင်ပန်းမှုတွေနဲ့ပရင်ဆိုင်လို့မပြီးနိုင်သေးပါဘူး။သမီးနဲ့ခင်ပွန်းကိုတစ်လှည့်စီလွမ်းနေရတဲ့၊တစ်လှည့်စီပူပင်နေရတဲ့မသဉ္ဇာရဲ့လောဂခံမုန်တိုင်းမျိုးစစ်အာဏာရှင်ရှိနေသ၍မြန်မာပြည်မှာတိုက်နေဦးမှာပါ။

လေးစားရတဲ့သောတရှင်များရှင်

နာဂစ်သဘာဝဘေးအန္တရယ်ကြောင့်သေဆုံးသွားသူများရဲ့လူ့ဘဝနောက်ဆုံးခရီးကိုလူ့ဓလေ့ထုံးစံနဲ့အညီတတ်နိုင်သမျှကူညီပေးခဲ့တဲ့ဒေါက်တာနေဝင်းတို့သားအဖနဲ့အတူစေတနာရှင်အလှူရှင်တွေကိုနာဂစ်ဒုက္ခသည်တွေရဲ့နှလုံးသားထဲမှာအမြဲသတိရဂုဏ်ယူနေမယ့်စိတ်ကိုတော့စစ်အာဏာရှင်တွေအကျဉ်းချလို့မရခဲ့ပါဘူး။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ...

ကျေးဇူးတင်ပါတယ်...ကျမ နှင်းပန်းအိမ်ပါ။

၈။လေးစားရတဲ့သောတရှင်များရှင်

အမျိုးသားရေးဒီမိုကရေစီရေးငြိမ်ချမ်းရေးအတွက်ကိုယ်ကျိုးစွန့်အနစ်နာခံတိုက်ပွဲဝင်ခဲ့တဲ့သူတွေမြန်မာသမိုင်းမှာဒုနဲ့ဒေးပါ။အမျိုးသားရေးအတု၊ငြိမ်းချမ်းရေးအတု၊ဒီမိုကရေစီရေးအတုတွေနဲ့ပြည်သူလူထုကိုလှည့်ဖြားပြီးတရားခံကတရားသူကြီးဖြစ်နေတဲ့အုပ်စိုးသူတွေလဲမြန်မာ့သမိုင်းမှာအခုချိန်ထိရှိနေပါတယ်။အဲဒီအတုအယောင်တွေကိုဖြိုဖျက်ပြီးအစစ်အမှန်တွေကိုတည်ဆောက်ဖို့မြန်မာပြည်သူလူထုရဲ့တော်လှန်ရေးအရှိန်အဟုန်ကလဲဒီနေ့အချိန်အထိရပ်တန့်ခြင်းမရှိပါဘူး။မြန်မာပြည်ရဲ့အနာဂတ်ဟာသူတို့ပဲ။မြန်မာပြည်ရဲ့ရာဇဝင်ကိုသူတို့ရေးမှာပဲလို့သိမှတ်ယုံကြည်ထားပါတယ်။

ခင်ပွန်းကိုပါရမီဖြည့်ပြီးကိုယ်တိုင်လည်းတော်လှန်ရေးသမားအဖြစ်နဲ့နောက်ဆုံးထွက်သက်ထိစစ်အာဏာရှင်တွေကိုဆန့်ကျင်သွားတဲ့အဘွားဒေါ်ကြည်ကြည်ရဲ့ဘဝပုံရိပ်အကြောင်းကျမပြောပြချင်ပါတယ်။ဘွားကြည်လို့ကျမတို့ခေါ်ကြတဲ့ဒေါ်ကြည်ကြည်ထောင်ကလွတ်လာတဲ့အချိန်မှာအသက်၈၀ကျော်ပါပြီ။ဘွားကြည်လွတ်လာပြီဆိုတော့ကျမတို့ကျမတို့အဘွားကိုဂါဝရပြုနုတ်ဆက်ဖို့ကျောက်မြောင်းအိမ်ရောက်သွားပါတယ်။ဆံပင်တွေဖွေးဖွေးလှုပ်နေတဲ့အဘွားကအသံမာတုန်း၊မျက်လုံးတွေကစူးရှပြီးရင့်ကျက်တည်ငြိမ်နေတယ်။အဘွားကသိပ်ကိုကျက်သရေရှိပါတယ်။ဒီအသက်အရွယ်နဲ့အကျဉ်းထောင်ထဲမှာကျန်းကျန်းမာမာနဲ့ရပ်တည်နိုင်ခဲ့တာကိုအံ့ဩလို့မဆုံးဂုဏ်ယူလို့မဆုံးပါဘူး။အဘွားကိုတွေ့တွေ့ချင်း``အဘွားရယ်ဒီအသက်အရွယ်နဲ့ထောင်ထဲမှာဘယ်လိုကျန်းမာအောင်နေခဲ့သလဲ”ဆိုတော့အဘွားကအသံမာမာနဲ့``ထောင်ထဲမှာသူတို့ကသေအောင်ထားတာ။ငါတို့ကမသေအောင်နေရမယ်။နေခြင်းသည်တိုက်ခြင်းပဲ”။အဲဒီ့စကားကိုထောင်ဝင်စာဆယ်နှစ်တွေ့ခဲ့တဲ့ကျမအားလုံးကိုလက်ဆင့်ကမ်းခဲ့တယ်။

အဘွားအိပ်တဲ့ကုတင်ဘေးမှာဘီဒိုတလုံးရှိပါတယ်။ထောင်ဝင်စာသွားတွေ့မယ့်သူမှန်သမျှဘီဒိုထဲကနေစားစရာတွေထုတ်ပေးတတ်ပါတယ်။အဘွားအကြောင်းကိုသိချင်လို့လာမေးတဲ့အင်တာဗျူးမှန်သမျှအဘွားကသူ့ရဲ့ပေးဆပ်မှုကတွေကဘာမှမဟုတ်ပါဘူး။ကျဆုံးသွားတဲ့ရဲဘော်တွေရဲ့စွန့်လွှတ်မှုတွေကမှတကယ့်သူရဲကောင်းတွေပါလို့ပြောပါ

တယ်။အဘွားကတကယ်လည်းသူ့ရဲဘော်တွေကိုလေးစားတန်ဖိုးထားချစ်ခင်သူပါ။ဆင်းရဲချမ်းသာကိုမကြည့်ဘဲစွန့်လွှတ်မှု၊ယုံကြည်မှုတန်ဖိုးကိုဘဲအဘွားကကြည့်ပါတယ်။ရဲဘော်တွေသေဆုံးသွားပေမယ့်လည်းသူတို့ရဲ့သားသမီးမြေးမြစ်တွေအထိအဘွားစောင့်ရှောက်ကူညီပါတယ်။အဘွားရဲ့ရိုးမအတွေ့အကြုံတွေကလည်းလွမ်းမောနာကျင်ကြေကွဲစရာ။မြရာပင်ကြောကအဘွားရဲ့နပျိုမှု၊ယုံကြည်ချက်၊ဇနီးကောင်း။မိခင်ကောင်း၊တော်လှန်ရေးရဲဘော်မအဖြစ်ဖြတ်သန်းခဲ့စဉ်ကအတွေ့အကြုံတွေကလည်းသမိုင်းဖြတ်သန်းမှုတွေပါပဲ။ `"ကိုဇင်"လို့အဘွားခေါ် တတ်တဲ့ခင်ပွန်းသည်သခင်ဇင်ကိုတော့အဘွားအတော်လေးစားမြတ်နိုးတယ်ဆိုတာအဘွားရဲ့ဖြတ်သန်းမှုတွေကသက်သေပြခဲ့ပါတယ်။အိမ်ဧည့်ခန်းမှာသခင်ဇင့်ပန်းချီကားကိုချိတ်ထားပါတယ်။အင်္ကျီလည်ပင်းမှာကြယ်သီးမရှိတဲ့အတွက်တွယ်ချိတ်နဲ့ချိတ်ထားတဲ့သခင်ဇင့်ပန်းချီကားကဝင့်ဝင့်ကြွားကြွားနဲ့ရဲရဲတောက်နေပါတယ်။အဘွားကသူချစ်တဲ့ကိုဇင်အကြောင်းတမ်းတမ်းတတပြောတတ်တယ်။

အဘွားရဲ့သမီးအငယ်ဆုံးဒေါ် လေးမဟားကိုအဘွားတိုက်ဖွိုက်ဖြစ်ရင်းမွေးခဲ့တာတဲ့။မွေးခါနီးသခင်ဇင်ကပျဉ်းမနားတောင်သူလယ်သမားနီးနှောဖလှယ်ပွဲကိုသွားရမယ့်အချိန်။အဘွားကနေမကောင်းဘဲမီးဖွားခါနီးမို့ရဲဘော်တွေက `"မသွားဘဲနေပါလားဥက္ကဌကြီး"လို့ဆိုကြတယ်။ဒီတော့သခင်ဇင်က `"ကျနော်ရှိတော့ရောမွေးပေးတတ်တာမှမဟုတ်တာ။ဟိုမှာကကျနော့်ကိုစောင့်နေမယ့်လူထုကြီးကိုအားနာတယ်"တဲ့။အဲဒီ့စကားကိုနားထောင်ရင်းနဲ့ကျမတို့ကအဘွားကိုတို့ကြတယ်။ `"အဘွားကအဘကိုစိတ်မဆိုးဘူးလား"ဆိုတော့အဘွားက `"မဆိုးပါဘူးသူပြောတာမှန်သားပဲ"တဲ့။တော်လှန်ရေးခေါင်းဆောင်ဆိုပေမယ့်အခွင့်အရေးမယူဘဲရဲဘော်တွေနဲ့တသားထဲနေတဲ့အကြောင်းလဲအဘွားကပြောပြတယ်။ `"အဘွားကပျဉ်းမနားတက်ပြီးရဲဘော်တွေအားလုံးအတွက်ရိက္ခာဝယ်ရတော့အပြန်ဆိုရာသီစာစားကောင်းတာလေးတွေပေးကြတယ်။တောထဲမှာဆိုတော့စားစရာကရှားတယ်မို့လား။အဘွာကပေးလိုက်တဲ့လက်ဆောင်လေးသူစားပါစေလို့ကျွေးပေမယ့်သူမစားဘူး။ရဲဘော်တွေအာလုံးမစားရလို့တဲ့။ဇီးသီးပေါ် ချိန်ဆိုတောထဲမှာဇီးသီးတွေကောက်ပြီးနေလှန်းထားတယ်။နွေကျတော့အဲဒီ့ဇီးသီးကိုထောင်းပြီးသ

ကြားနဲ့ဇီးဖျော်ရည်လုပ်တယ်။ဇီးဖျော်ရည်ကိုဝါးကျည်တောက်ထဲထည့်ပြီးစမ်းချောင်းထဲရေစိမ်ထားရင်ရေခဲသေတ္တာထဲကထုတ်သောက်ရသလိုပဲ။အဲဒီလိုလုပ်ပြီးကိုဇင့်ကိုလုပ်ကျွေးမစားဘူး"။အဘွားကခင်ပွန်းသည်ကိုဇနီးသည်ပီပီပြုစုချင်ပေမယ့်ဘဝကခွင့်မပြုခဲ့ပါဘူး။တော်လှန်စစ်ထဲမှာအဘွားတို့ဘဝကကြမ်းတမ်းခဲ့ပါတယ်။ငှက်ပျောအူ၊ဝါးမျှစ်စားပြီးတိုက်ပွဲဝင်ခဲ့ရတယ်။ငှက်ဖျားဒဏ်ကိုအလူးအလဲခံခဲ့ရတယ်။ရိုးမတောကြီးထဲမှာသားသမီးလေးယောက်နဲ့ပြေးခဲ့ရတာကိုပြောပြတော့နားထောင်နေတဲ့ကျမတို့ပါတထိတ်ထိတ်နဲ့မောလာတယ်။အဘွားက"ထိုးစစ်တွေလာလို့ပြေးရရင်ခြင်ထောင်ကြီးတော့ပါအောင်သယ်တယ်။မြေကြီးပေါ်မှာအိပ်ပြီးတောထဲမှာဖွက်ထားတဲ့ရိက္ခာတွေစားရတယ်။အဘွားတို့ကိုလမ်းပြပေးခဲ့တဲ့ကရင့်အမျိုးသားတယောက်ကိုစစ်တပ်ကမိသွားတော့အဘွားတို့သားအမိတွေကိုဘယ်မှာလဲလို့မေးတယ်။ဘယ်လိုမှမေးမရတော့ကရင့်အမျိုးသားကိုဘက်နက်နဲ့ထိုးသတ်လိုက်တယ်။မိသားစုရှေ့မှာအသတ်ခံရတာ။သူ့ရဲ့မိန်းမကိုတွေ့လား။သခင်ဇင်နဲ့သူ့မိန်းမကြောင့်နင့်ယောကျ်ားအသတ်ခံရတာ။နင်သခင်ဇင်တို့ကိုစိတ်မနာဘူးလားလို့စစ်တပ်ကခြိမ်းခြောက်လိုက်တယ်။ဒီတော့ကရင့်အမျိုးသမီးကသခင်ဇင်သတ်တာမဟုတ်ဘူး။နင်တို့သတ်တာလို့ရဲရဲဝင့်ဝင့်ပြန်ဖြေတယ်။

အဖွားတို့တောထဲမှာတပတ်တိတိပုန်းနေနိုင်ခဲ့တယ်။ပြေးရင်းလွှားရင်းအဖွားခေါင်းကကျကျန်ခဲ့တဲ့လိပ်ခွံဘီးလေးကိုစစ်ခွေးတွေကိုအနံ့ခံခိုင်းပြီးရှာခဲ့တယ်။လှိုဏ်ထဲမှာပုန်းနေတဲ့အဖွားတို့သားအမိကိုတောင်ကုန်းပေါ်ကနေစစ်ခွေးကထိုးဟောင်တော့အဖွားသားကြီးကလန့်အော်လို့မိသွားတယ်တဲ့။အဖွားတို့သားအမိငါးယောက်လုံးကိုရန်ကုန်မြို့အထိရဟတ်ယာဉ်နဲ့ခေါ်ခဲ့တယ်။ကလေးလေးယောက်နဲ့အဖွားကိုရန်ကုန်မြို့ရဲစခန်းတစ်ခုမှာထားပြီးစစ်ကြောရေးဝင်ခဲ့ပါတယ်။အဖွားကိုစစ်ကြောရေးဝင်နေတဲ့အချိန်မှာကလေးတွေကထမင်းဆာလို့ငိုကြတယ်တဲ့။အဖွားနဲ့ကလေးတွေကိုရဲမိန်းမတွေကကြည့်ပြီးသနားလာကြတယ်။ဒီတော့ရဲမိန်းမတွေကသူတို့ယောကျ်ားတွေမသိအောင်ထမင်းခိုးကျွေးတယ်။မုန့်တွေခိုးပေးတယ်။အဲဒီအဖြစ်ကိုအဖွားခုချိန်ထိမမေ့ဘူး။ကျေးဇူးလည်းတင်တယ်။လူဆိုတာအသည်းနှလုံးရှိတဲ့လူ။ကိုယ့်ရှေ့မှာမတရားလုပ်ရင်မခံချင်ဘူး။ဒါ့ကြောင့်ပြည်သူလူထုနဲ့တသားတည်းဖြစ်အောင်နေကြ။ပြည်သူလူထုကမှကိုယ့်ကိုအကာအကွ

ယ်ပေးတာ”လို့ဒေါ်ကြည်ကြည်ကသူ့ဘဝနဲ့ရေးတဲ့ယုံကြည်ချက်တေးကိုအနာဂတ်ရှည်သူများအတွက်လက်ဆင့်ကမ်းခဲ့ပါတယ်။

လေးစားရတဲ့သောတရှင်များရှင်

မိန်းမသားတဦးရဲ့ပုခက်လွှဲတဲ့မိခင်လက်တွေကလက်ထိပ်ထဲသာရောက်ခဲ့ရပါတယ်။လူမမယ်သားသမီးလေးယောက်ကိုချစ်တဲ့မိခင်ချစ်ခြင်းကိုယုံကြည်ချက်တွေနဲ့အဘွားဒေါ်ကြည်ကြည်လဲခဲ့ရပါတယ်။

အဘွားရဲ့မိဘတွေကအချုပ်ခန်းထဲကသူတို့မြေးလေးယောက်ကိုလာခေါ်သွားရပါတယ်သားသမီးလေးယောက်ထဲမှာအငိုအသန်ဆုံးနဲ့နောက်ဆုံးမှအချုပ်ခန်းထဲကအဘိုးအဘွားနောက်လိုက်သွားတာမဒုံဘဲလို့အဘွားကပြောပါတယ်။သခင်ဇင်ကျဆုံးသွားတဲ့နေ့မှာအာဏာပိုင်ကထောင်ထဲမှာသတင်းစာအစောကြီးလာပေးပြီးဖတ်ခိုင်းတယ်တဲ့။သခင်ဇင့်ရက်လည်ဘယ်တော့လုပ်မလဲလို့စောင့်ကြည့်ကြတယ်။အဘွားရင်ထဲမှာသွင်ဇင်မသေတဲ့အတွက်ရက်လည်ဆွမ်းမလုပ်ခဲ့ဘူးလို့အဘွားကနာနာကျင်ကျင်ပြောခဲ့ပါတယ်။ဒေါ်လေးမဟားကသူ့အဖေသခင်ဇင်ကိုပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲမှာတခါဘဲမြင်ဘူးတယ်တဲ့။`"အဲဒီ့တုန်းကဒေါ်လေးကကျောင်းကပြန်လာတာ။အဖေကမျက်နှာသုတ်ပုဝါကြီးခေါင်းပေါင်းထားတယ်။တိုက်ပုံအကျီနဲ့။အမေကအဖေ့ကိုလက်သည်းညှပ်ပေးနေတာ။ဒေါ်လေးစိတ်ထဲအမေနဲ့ဒီလူကြီးရင်းရင်းနှီးနှီးနေတယ်ပေ့ါ။နောက်မှအဖေမှန်းသိတာ။အဖေ့ကိုအဲဒီ့တခါဘဲတွေ့ဘူးလိုက်တယ်။နောက်တော့ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်လို့တောထဲပြန်သွားရတယ်။တော်လှန်ရေးအတွက်မိဘနဲ့သားသမီးချစ်ခြင်းမေတ္တာတွေလဲစတေးခဲ့ရတယ်လို့ပြောပါတယ်။

၁၉၈၉မှာအဘွားအဖမ်းခံရပြီး၂၀၀၀ခုနှစ်မှာအဘွားထောင်ကပြန်လွတ်လာပါတယ်။ထောင်ထဲကိုရောက်လာတဲ့နိုင်ငံရေးအကျဉ်းသူတွေကိုအဘွားကူညီတယ်။စောင့်ရှောက်တယ်။စစ်အာဏာရှင်စနစ်တော်လှန်သူဘယ်သူ့ကိုမဆိုအဘွာလေးစားတယ်တဲ့။အကျဉ်းထောင်ကပြန်လွတ်လာတဲ့နိုင်ငံရေးအကျဉ်းသူတချို့ကဒေါ်ကြည်ကြည်ကိုမမြင်ဘူးခဲ့ကြပေမယ့်ထောင်ဝါဒမတွေပြောပြလို့ဒေါ်ကြည်ကြည်အကြောင်းကိုသိခဲ့ကြပါတ

ယ်။ဒါကြောင့်အပြင်မှာတွေ့ချင်လို့ကျမကိုလိုက်ပို့ပေးပါလို့ပြောပါတယ်။ထောင်ဝါဒါမတွေကနိုင်ငံရေးအကျဉ်းသူတွေကို"နင်တို့သိပ်တက်ကြွမနေနဲ့။နင်တို့နိုင်ငံရေးစိတ်ပြင်းထန်တယ်ဆိုတာဒေါ်ကြည်ကြည်အိပ်နေသလောက်ဘဲရှိတယ်"တဲ့။အဘွားကိုထောင်ထဲမှာထောက်လှမ်းရေးကညဘက်တွေဆိုမေးစရာရှိလို့လိုက်ခဲ့ပါဆိုပြီးအိပ်နေတာကိုနှိုးပြီးခေါ်တယ်။သားအရွယ်လောက်ရှိတဲ့ထောက်လှမ်းရေးကပမာမခန့်နဲ့ `"အဘွားကြီးဒီအသက်အရွယ်ရောက်နေပြီနိဗ္ဗာန်နဲ့ငရဲကိုကွဲကွဲပြားပြားသိရဲ့လား"လို့စော်စော်ကားကားမေးပါတယ်။ဒီတော့အဘွားက `"ငါသိတဲ့နိဗ္ဗာန်ကတော့နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခြင်းပဲ။ငရဲဆိုတာကတော့အိပ်ကောင်းတဲ့အချိန်မှာအနှိုးခံရပြီးအမေးခံရတာပဲ"ဆိုတော့ထောက်လှမ်းရေးကစိတ်ဆိုးသွားတယ်။အဘွားကြီးကျုပ်ကိုငရဲသားလို့ပြောတာလားတဲ့။အဲဒီ့အကြောင်းပြောပြီးဟက်ဟက်ပက်ပက်ကိုအဘွားရယ်ပါတယ်။

အဘွားထောင်ကလွတ်လာပြီးညောင်လေးပင်ဆရာတော်ကြီးကိုသွားကန်တော့ပါတယ်။ဆရာတော်ကြီးကအဘွားကိုမြင်ပြီးဝမ်းသာအားရမိန့်တယ်။"ဒကာမကြီးကိုထောင်ထဲကကျောနဲ့ထွက်ရပြီအောက်မေ့တာ။ကျောနဲ့မထွက်ရဘဲခြေထောက်နဲ့ထွက်လာနိုင်တာဘုန်းကြီးဝမ်းသာတယ်"တဲ့။

၂၀၁၀ဇွန်လဆန်းမှာအဘွားဆေးရုံတက်ရပါတယ်။မှတ်မှတ်ရရအဲဒီ့အချိန်မှာဝမ်းတွင်းမြို့ရေကြီးနေချိန်။ကလေးမြို့ကိုထောင်ဝင်စာတွေ့ပြီးကျမတို့သားအမိဝမ်းတွင်းရေကြီးလို့ရထားလက်မှတ်မှောင်ခိုဝယ်ထားတဲ့ပိုက်ဆံဆုံးပါရော။ကားလက်မှတ်ထပ်ဖြတ်ပြီးပြန်ခဲ့ရတယ်။လမ်းမှာစားစရိတ်မရှိလို့ဘေးထိုင်ခုံကအမျိုးသမီးကကျမတို့သားအမိကိုပဲခူးမှာထမင်းဝယ်ကျွေးပါတယ်။အဲဒီ့အကြောင်းကိုအဘွားကိုပြန်ပြောမိတယ်။အဘွားကဗဟိုဆေးရုံပေါ်မှာ။ကျမကို"သမီးသူ့လိပ်စာသိလား၊ရော့မုန့်ယူသွားပြီးကျေးဇူးတင်စကားပြော။ကျေးဇူးတရားဆိုတာသစ်ပင်ရိပ်ခိုဖူးရင်တောင်သစ်ပင်ရဲ့ကျေးဇူးသိရတယ်"လို့ပြောပါတယ်။အဘွားကိုအဲဒီ့နေ့ကနောက်ဆုံးစကားပြောခွင့်ရခဲ့တာပါ။မနက်ဖြန်အဘွားဆေးရုံကဆင်းရမှာ။နောက်မှာအိမ်လာခဲ့လို့အဘွားမှာလိုက်တယ်။

ဆေးရုံဆင်းမယ့်နေ့မှာအဘွားနှလုံးရောဂါဖောက်လို့ဆေးရုံကြီးအသည်းအသန်လူနာခန်းကိုပြောင်းရွှေ့တင်လိုက်ရပါတယ်။အာဏာပိုင်တွေကအဘွားရဲ့နောက်ဆုံးအခြေအနေကိုသတင်းလာယူတာဘောလုံးပွဲကြေငြာနေသလိုပါပဲ။အဘွားရဲ့နှလုံးခုန်နှုန်းသွေးခုန်နှုန်းတွေကိုစက်ပေါ် ကဂရပ်မျဉ်းကိုကြည့်ပြီးလူကြီးတွေကိုသတင်းပို့နေပါတယ်။အဘွားဆုံးမယ့်နေ့မှာသူတို့ခေါင်းဆောင်ကြီးများကအဘွားကအဘွားကိုလေးစားလို့သစ်သီးခြင်းတွေပို့လိုက်ပါတယ်။လိုအပ်တဲ့ဆေးဝါးများအကူအညီများလိုရင်ပြောပါ။သူတို့ဆောင်ရွက်ပေးပါမယ်တဲ့”။အဘွားသမီးဒေါ် လေးမဒုံက“အမေမှာထားတယ်။ရှင်တို့အကူအညီမယူရဘူးတဲ့”လို့ပြတ်ပြတ်သားသားငြင်းလွှတ်လိုက်ပါတယ်။

သားနှစ်ဦးနဲ့ဒေါ် လေးမဟားကခုမှာမိခင်နဲ့အတူတူနေရတာခနစ်ပဲရှိသေးတာမို့အဘွားရဲ့နှလုံးကိုအစားထိုးပြီးအသက်ဆက်ဖို့ကြိုးစားပါသေးတယ်။

ဒါပေမယ့်တော်လှန်ရေးတလျှောက်လုံးခံစားခဲ့ရတဲ့ပင်ပန်းဆင်းရဲမှု၊စစ်ကြောရေးစခန်းတွေကိုအကြိမ်ကြိမ်ဖြတ်သန်းခဲ့ရတဲ့ဒဏ်၊အကျဉ်းထောင်ထဲမှာနှစ်ရှည်ထောင်ဒဏ်တွေနဲ့ခဏခဏထောင်ကျနေရတဲ့ထောင်တွင်းဒဏ်ရာတွေနဲ့ခန္ဓာကိုယ်ကဘယ်လိုမှလက်မခံတော့ပါဘူး။

အဘွားကသူ့ရဲ့နောက်ဆုံးထွက်သက်အထိသေမင်းကိုရဲရဲရင်ဆိုင်သွားပါတယ်။ဇွန်လ၁၅ရက်နေ့ည၁ဂနာရီမှာအဘွားဆုံးပါတယ်။ဇွန်လရဲ့မိုးရေတွေကအဘွားဒေါ် ကြည်ကြည်ကိုချစ်ခင်သူတွေကျခဲ့ရတဲ့မျက်ရည်မိုးတွေပါပဲ။

အဘွားရုပ်လောင်းကိုဆေးရုံကြီးမှာထားပြီးအဘွားအိမ်ကိုပြန်ရောက်တော့အဘွားကုတင်လေးနဲ့ဗီဒိုလေးကိုကြေကွဲစွာတွေ့လိုက်ရပါတယ်။ဒီဗီဒိုထဲကနေစစ်အာဏာရှင်ကိုတော်လှန်သူတွေအတွက်အသက်ဆက်ဖို့အဟာရတွေအဘွားပေးခဲ့တာ။အဘွားရဲ့နောက်ဆုံးခရီးမှာကျမတို့နက်နက်ရှိုင်းရှိုင်းကြေကွဲကြရပါတယ်။

အဘွားဓာတ်ပုံနဲ့လက်ကမ်းစာစောင်လေးတွေထုတ်ကြပါတယ်။လူထုဒေါ် အမာရေးပေးလိုက်တဲ့စာနဲ့လက်ကမ်းစာစောင်ထုတ်တာပါ။မြန်မာပြည်ပြည်တွင်းစစ်နှစ်ဇဂတလျှော

က်လုံးစစ်အာဏာရှင်ကိုတော်လှန်ခဲ့တဲ့အဘွားဒေါ်ကြည်ကြည်ကိုအမေလူထုဒေါ်အမာစကားနဲ့ဂုဏ်ပြုလိုက်ပါရစေ။

"ဒေါ်ကြည်ကြည်ရေ..သတ္တိကောင်းပြီးအသဲမာလှတဲ့မိန်းမမို့နမြောလိုက်ပါရဲ့"တဲ့။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ။

ကျေးဇူးတင်ပါတယ်.........ကျမနှင်းပန်းအိမ်ပါ။

၉။လေးစားရတဲ့သောတရှင်များရှင်

မြန်မာနိုင်ငံရဲ့သမိုင်းမှာမင်းလိုလိုက်မင်းကြိုက်မဆောင်ဘဲမိမိယုံကြည်တာကိုဖြစ်စေ၊မယုံကြည်တာကိုဖြစ်စေပြတ်သားစွာနဲ့ပြောဝံ့ဆန့်ကျင်ဝံ့တဲ့ရဟန်းသံဃာတော်များအထင်အရှားရှိခဲ့ပါတယ်။ဒါကြောင့်အုပ်စိုးသူမင်းများရဲ့မလိုမုန်းထားခြင်းတွေခံကြရတဲ့ရဟန်းသံဃာတော်များခေတ်အဆက်ဆက်ရှိခဲ့ပါတယ်။ပဒေသရာဇ်ခေတ်၊နယ်ချဲ့ခေတ်၊လွတ်လပ်ရေးခေတ်ကနေယနေ့အထိရဟန်းသံဃာများရဲ့အာခံမှုဟာဖောက်ပြန်ရေးအစိုးရများအတွက်မနစ်မြို့စရာပါ။ဒီ့အတွက်အပြစ်ပေးမှုတွေလည်းရှိခဲ့ပါတယ်။

ပဒေသရာဇ်ခေတ်မှာဆိုရင်ဖန်းမော်ဆရာတော်ကြီးကိုပြည်နှင်ဒဏ်ပေးတာတို့နယ်ချဲ့ခေတ်မှာဦးဥတ္တမ။ဦးဝိစာရကိုယ်တော်ကြီးတွေကိုထောင်ချတာတို့ရှိပါတယ်။ဒါပေမယ့်ရဟန်းကျင့်ဝတ်သိက္ခာကိုမထိခိုက်စေရပါဘူး။လူဝတ်လဲသင်္ကန်းချွတ်တာတို့မရှိပါဘူးလို့စာတွေထဲမှာဖတ်ခဲ့ဘူးပါတယ်။စစ်အစိုးရများကမင်းလိုလိုက်၊မင်းကြိုက်မဆောင်ဘဲရဟန်းသံဃာများကိုလူပုဂ္ဂိုလ်များလိုပြုမူကျင့်ကြံဖမ်းဆီးနှိပ်ကွပ်ခဲ့ပါတယ်။အလှပဆုံးစကားလုံးတွေနဲ့အကာအကွယ်ယူပြီးဥပဒေကိုချိုးဖောက်ကြပါတယ်။သဘောထားမတူတဲ့ကျောင်းသားလူငယ်များကိုကွန်မြူနစ်တံဆိပ်တပ်ပြီးနှိပ်ကွပ်သလိုသဘောထားကွဲလွဲတဲ့ရဟန်းသံဃာများကိုလည်းသံဃာတုတံဆိပ်ကပ်ပြီးပြောင်လူသတ်မှုကျူးလွန်ကြပါတယ်။

န.ဝ.တ၊န.အ.ဖစစ်အစိုးရခေတ်မှာထောင်သုံးကြိမ်အကျခံရတဲ့ခုတိုင်လည်းအကျဉ်းထောင်ထဲမှာဘဲရှိနေသေးတဲ့ဦးဇင်းဦးစန္ဒာသီရိအကြောင်းကျမပြောပြချင်ပါတယ်။ ဦးစန္ဒာသီရိဟာ၁၉၉၀ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲတုန်းကတကြိမ်၊၁၉၉၈ပြည်သူတို့ပန်ကြားချက်လွှတ်လပ်ရေးနှစ်၅၀ပြည့်လှုပ်ရှားမှုမှာတကြိမ်၊စက်တဘ်ာသံဃာ့လှုပ်ရှားမှုနဲ့ဆို၃ကြိမ်မြောက်အကျဉ်းကျခံခဲ့ရပါတယ်။ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲဆိုတာသံဃာတော်တွေအနှိပ်စက်ခံရရင်၊သွေးစွန်းရင်အဲဒီ့လိုပြုလုပ်တဲ့ပုဂ္ဂိုလ်တွေကိုသပိတ်မှောက်ကံဆောင်ရမယ်လို့မြတ်စွာဘုရားထားခဲ့တဲ့ဓမ္မစက်နဲ့အာဏာစက်ပါပဲ။ဝိနည်းကိုရိုသေတဲ့ဘုန်းကြီးတွေကံဆောင်ကြတာအမှန်ဘဲဖြစ်ပါတယ်။ပထမအကြိမ်တုန်းကအင်းစိန်ထောင်၊ဒုတိယအကြိမ်မှာကလေးအကျဉ်းထောင်မှာအကျဉ်းကျခံခဲ့ရပြီးစက်တဘာ်သံဃာ့လှုပ်ရှာမှုမှာနှစ်ရှည်ထောင်ဒဏ်နဲ့ဝေးလံခေါင်သီတဲ့နယ်ဝေးထောင်ကိုအပို့ခံလိုက်ရပါတယ်။

ဦးဇင်းဦးစန္ဒာသီရိကကဗျာဆရာကြီးဦးတင်မိုးဇာတိရွာလေးနားကပါ။သင်္ကန်းဝတ်နဲ့သီတင်းသုံးတာကတော့သင်္ကန်းကျွန်းမြို့နယ်ထဲကရွှေသိမ်ဓမ္မသိဂီကျောင်းမှာသီတင်းသုံးပါတယ်။ပထမအကြိမ်ထောင်ကလွှတ်ပြီးတဲ့အချိန်မှာဒေါ် အောင်ဆန်းစုကြည်နေအိမ်ခြံရှေ့စနေ၊တနင်္ဂနွေတရားပွဲကိုနေ့တိုင်းသွားပြီးနားထောင်ပါတယ်။ခြံရှေ့တရားပွဲကိုလာသူတွေဝွတ္တာလစ်မှတ်တိုင်ဆင်း၊တက္ကသိုလ်ရိပ်သာလမ်းကိုလမ်းလျှောက်လာသူကတဖွဲ့ကမ္ဘာအေးဘုရားလမ်းစက်မှု(၁)လမ်းနီလေးမှတ်တိုင်ကဆင်းသူတွေကတဖွဲ့၊လှည်းတန်းမီးပွိုင့်ဘက်ကနေယခုအမေရိကန်သံရုံးဘက်ကလာသူတွေအားလုံးဒေါ် အောင်ဆန်းစုကြည်ခြံရှေ့ကိုညနေ၃နာရီလောက်ဆိုလူတွေတော်တော်များများရောက်လာကြပါပြီ။ ဒီလိုလူစုလူဝေးတွေထဲမှာဦးဇင်းလဲပါပါတယ်။ယာဉ်ထိန်းရဲတွေကိုဒေါ် အောင်ဆန်းစုကြည်နဲ့မျက်နှာချင်းဆိုင်မရပ်ခိုင်းပါဘူး။ကျောခိုင်းရပ်ခိုင်းပါတယ်။ဒါပေမယ့်ဒေါ် အောင်ဆန်းစုကြည်ရဲ့မိန့်ခွန်းတွေပြည်သူတွေရဲ့မေးခွန်းတွေကိုဖြေဆိုပြတဲ့စကားတွေကသူတို့ရင်ထဲအလွယ်တကူရောက်သွားပါတယ်။

ဒါ့ကြောင့်လည်းယာဉ်ထိန်းရဲ၊လုံခြုံရေးစစ်သား၊ရဲတွေကိုမကြာခဏအာဏာပိုင်ကပြောင်းပစ်ပါတယ်။ဒေါ် အောင်ဆန်းစုကြည်ကယာဉ်ထိန်းရဲ၊စစ်သားတွေကိုစာနာနားလည်

တဲ့စကားတွေအမြဲပြောတတ်ပါတယ်။နေအိမ်ခြံရှေ့ကနေဒေါ် အောင်ဆန်းစုကြည်နဲ့ဘဘဦးတင်ဦး၊ဘဘဦးကြည်မောင်တို့ကိုကားပေါ် ကနေလက်ပြနှုတ်ဆက်သွားတဲ့ပြည်သူလူထုတွေလည်းရှိပါတယ်။ကိုယ်ပိုင်ကားနဲ့လာသူတွေကကားခဏခဏပတ်မောင်းပြီးလက်ပြနှုတ်ဆက်အားပေးတတ်ပါတယ်။ဒေါ် အောင်ဆန်းစုကြည်နဲ့NLDကိုအားပေးထောက်ခံတဲ့ပြည်သူလူထုတွေများလာတဲ့အခါမှာစစ်အာဏာရှင်ကမတရားဖြို့ခွင်းပါတော့တယ်။ဒေါ် အောင်ဆန်းစုကြည်နေအိမ်ခြံရှေ့တရားပွဲလာမယ့်သူတွေကိုတက္ကသိုလ်ရိပ်သာလမ်းထဲမဝင်နိုင်အောင်သံစူးကြိုးတွေချပြီးလုံခြုံရေးအပြည့်ချထားပါတယ်။

တရားပွဲလာပရိသတ်ကလည်းသတ္တိရှိတယ်။ဇွဲကြီးတယ်။လုံခြုံရေးအပြည့်ချထားတဲ့နေရာမှာစုဝေးရောက်ရှိနေပါတယ်။ဒီလိုစုဝေးနေတဲ့တရားပွဲလာပြည်သူလူထုကိုလုံထိန်းတွေကအရပ်ဝတ်ဝတ်ပြီးရိုက်နှက်ပါတယ်။နံပါတ်တုတ်တွေနဲ့အရိုက်နှက်ခံရတဲ့ပြည်သူလူထုတွေတက္ကသိုလ်ရိပ်သာလမ်းအတိုင်းဆုတ်သွားရပါတယ်။ဂွတ်တ္တာလစ်လမ်းဆုံဘက်အထိလုံထိန်းတွေကလိုက်ရိုက်တာပါ။ရှေ့ဆုံးကနေဒေါ် အောင်ဆန်းစုကြည်ကျန်းမာပါစေလို့ကြွေးကြော်သံတိုင်ပေးတဲ့လူငယ်ကိုလုံထိန်းတွေကဝင်ဖမ်းပါတယ်။လုံထိန်းတွေလက်ထဲကနေဦးဇင်းနဲ့တခြားနိုင်ငံရေးအကျဉ်းသမားဟောင်းတွေတယောက်နဲ့တယောက်လက်ချင်းချိတ်ပြီးပြန်လုခဲ့တယ်။အဲဒီလူငယ်လေးကိုဦးဇင်းတို့ကယ်တင်နိုင်ခဲ့ပါတယ်။နောက်အပတ်ဂွတ္တာလစ်လမ်းဆုံမှာကရင်သင်တိုင်းအနီဝတ်ထားတဲ့လူငယ်ကိုတရွတ်တိုက်ဖမ်းပြီးပြည်ထဲရေးဝန်ကြီးရုံးထဲအထိလုံထိန်းတွေခေါ် သွားပါတယ်။ဦးဇင်းကသူ့ရှေ့မှာမတရားတာတွေ့ရင်ရှေ့ကနေရဲရဲဝံ့ဝံ့ဦးဆောင်တတ်တယ်။ပြည်ထဲရေးရုံးထဲအထိလိုက်ပြီးကရင်သင်တိုင်းဝတ်လူငယ်လေးကိုပြန်လွှတ်ပေးဖို့တောင်းဆိုခဲ့ပါတယ်။ဒါပေမယ့်အာဏာပိုင်တွေကမလွှတ်ပေးခဲ့ပါဘူး။

ဦးဇင်းကသူ့ရှေ့မှာရိုက်နှက်ဖမ်းဆီးခံရတဲ့အပြစ်မဲ့ပြည်သူတွေအတွက်ကမ္ဘာမကြေဘူးလို့ဆိုပါတယ်။ဦးဇင်းဦးစန္ဒာသီရိကလူ့အဖွဲ့အစည်းကိုသူစွမ်းသလောက်အကြိုးပြုမယ်ဆိုတဲ့နိုင်ငံရေးစိတ်ဓာတ်အပြည့်နဲ့လက်တွေ့နေထိုင်လှုပ်ရှားခဲ့ပါတယ်။

လေးစားရတဲ့သောတရှင်များရှင်

လူသားဟာသဘာဝတရားကိုရင်ဆိုင်တွန်းလှန်အနိုင်ယူရင်းကကမ္ဘာမှာလူသားအဖြစ်ရပ်တည်နိုင်ခဲ့တာပါ။လူဟာမတရားဖိနှိပ်အုပ်ချုပ်နေတဲ့ခေတ်ဆိုးစနစ်ဆိုးကိုတွန်းလှန်အနိုင်ယူလို့လူသားတယောက်ရဲ့လွတ်လပ်ရှင်သန်မှုနဲ့အတူလူ့တန်ဖိုးကိုဖော်ပြကြတယ်။မတရားတဲ့လူ့ပတ်ဝန်းကျင်ကိုတရားမျှတတဲ့လူ့အဖွဲ့အစည်းအဖြစ်ပုံဖော်ထုဆစ်ဖို့ဟာလူသားရဲ့သမိုင်းပေးတာဝန်ပါ။ဦးဇင်းဦးစန္ဒာသီရိလည်းလူသားရဲ့သမိုင်းတာဝန်ကိုအသိရှိရှိနဲ့တာဝန်ယူခဲ့ပါတယ်။နိုင်ငံရေးနဲ့ပက်သက်တဲ့လုပ်ဖော်ကိုင်ဖက်ဘာဝတူတွေရဲ့လုံခြုံမှုကိုသူတတ်နိုင်သလောက်အကာအကွယ်ပေးပါတယ်။အဲဒီ့လူတွေထောင်ကျမယ်ဆိုသူလည်းကျမယ်ဆိုတာသိတယ်။ဆရာတော်အငြိုငြင်ခံပြီးသူ့ကျောင်းမှာလက်ခံတယ်။သူကိုယ်တိုင်လည်းနိုင်ငံရေးတာဝန်ကိုတက်တက်ကြွကြွလုပ်တယ်။နောက်မတွန့်ဘူး။ဘုန်းကြီးပီပီအတွယ်အတာပြီးပါတယ်။ဦးဇင်းကစစ်အာဏာရှင်စနစ်ကိုဆန့်ကျင်ရာမှာတိုးတက်တဲ့အမြင်အယူအဆတွေကိုဆုပ်ကိုင်ပြီးလူထုဘက်ကအစဉ်တဆိုက်လှုပ်ရှားခဲ့ပါတယ်။

ဦးဇင်းကိုစစ်ကြောရေးမှာကတည်းကအာဏာပိုင်ကသင်္ကန်းဝတ်နဲ့ရိုက်နှက်နှိပ်စက်စစ်ဆေးပါတယ်။မီးစနဲ့ထိုးတယ်။ခြေထောက်နှစ်ချောင်းကိုကြိုးနဲ့ချည်ပြီးထုတ်မှာဆွဲထားတယ်။သူတို့လိုချင်တဲ့အဖြေမရမချင်းစောက်ထိုးဆွဲထားတဲ့ကြိုးကိုလျှော့၊ရေတိုင်ကီထဲကိုနှစ်လိုက်၊ဆွဲတင်လိုက်လုပ်ပါတယ်။လူမဆန်တဲ့နှိပ်စက်မှုကိုပြင်းပြင်းထန်ထန်ခံစားရပါတယ်။ထောင်ထဲရောက်တော့အတင်းလူဝတ်လဲပြီးသင်္ကန်းဆွဲချွတ်ပါတယ်။သံဃာတွေကိုထောင်ထဲမှာသင်္ကန်းဆွဲချွတ်တဲ့အချိန်မှာမျက်ရည်ပေါက်ပေါက်ကျပါတယ်။အာဏာပိုင်ကိုသံဃာတွေကမတောင်းပန်ပါဘူး၊အညံ့မခံပါဘူး။ဒါပေမယ့်မျက်ရည်ကျပါတယ်။ဒီမျက်ရည်ကသာသနာကိုချစ်တဲ့စိတ်ကြောင့်ကျတဲ့မျက်ရည်ပါ။စစ်အာဏာရှင်အမန့်နဲ့ထောင်ဝါဒါတွေကသင်္ကန်းဆွဲချွတ်ကြတာပါ။၁၉၉၀ကံဆောင်ပွဲတုန်းကထောင်ကျတဲ့ဆရာတော်တွေထဲမှာဦးကဝိန္ဒပါပါတယ်။စစ်ကြောရေးမှာနှိပ်စက်တဲ့ဒဏ်၊ထောင်တွင်းမှာနှိပ်စက်တဲ့အတွင်းဒဏ်ရာတွေကြောင့်အကျဉ်းထောင်ကလွတ်ပြီးမကြာခင်မှာပျံလွန်တော်မူခဲ့ပါတယ်။

ကံဆောင်ပွဲတုန်းကတိပဋိကတ်ဆရာတော်ဦးသုမင်္ဂလာကိုလူဝတ်လဲပြီးလက်မနှစ်ခုပူး၊လက်ထိပ်ခတ်ညှင်းဆဲခဲ့တာလွတ်ရက်မစေ့မချင်းပါ။သံဃာတော်တွေကိုလူဝတ်လဲသိက္ခာချတဲ့အခါမှာစစ်အာဏာရှင်ရဲ့သြဇာခံပြင်ပကဆရာတော်တွေခေါ်ပြီးသိက္ခာချပါတယ်။ဦးဇင်းဦးစန္ဒာသီရိကတော့သိက္ခာချပေးဖို့ခေါ် ဆောင်လာတဲ့ဆရာတော်ကို"အရှင်ဘုရားဘယ်လောက်ပဲသိက္ခာချချတပည့်တော်ဝိနည်းနဲ့မကိုက်ညီတာဘာမှမလုပ်ဘူး။ရဟန်းဘဝမှာနေချင်တဲ့အတွက်ကြောင့်သေတဲ့အထိဘယ်တော့မှသိက္ခာချမှာမဟုတ်ဘူး။ဘုရားရဲ့ဝိနည်းဒေသနာတော်များနဲ့အညီရဟန်းအဖြစ်ကိုခံယူထားတဲ့အတွက်ဘယ်လိုမှသိက္ခာချလို့မရဘူး"လို့လျှောက်ပါတယ်။

ဒီစကားအတိုင်းပဲဦးဇင်းကထောင်တွင်းမှာထောင်ဝတ်စုံနဲ့ထားပေမယ့်ရဟန်းအတိုင်းပဲကျင့်ကြံနေထိုင်ပါတယ်။ထောင်ထဲမှာမနက်တစ်ပုံစံ၊ညနေတစ်ပုံစံထောင်ထုံးစံအရဦးဇင်းကတနေ့ကိုဆွမ်းတနပ်ပဲစားရပါတယ်။တပတ်မှာဆယ့်လေးနပ်ရှိတဲ့အတွက်အသားတကြိမ်စားခွင့်ပေးပါတယ်။အဲဒါကလည်းညနေပိုင်းပဲပေးတာပါ။ဦးဇင်းတို့လိုသံဃာတော်တွေအသားဘယ်တော့မှစားခွင့်မရှိပါဘူး။သူတို့ရတဲ့အသားတွေကိုလူမမာရဲဘော်တွေကိုအမြဲကျွေးပါတယ်။ထောင်အာဏာပိုင်တွေကထောင်ပုံစံအတိုင်းဆက်ဆံပေမယ့်သူကတော့ရဟန်းတို့နေထိုင်သလိုနေထိုင်ခဲ့ပါတယ်။ထောင်မှာအာရုံဆွမ်းအခက်အခဲအမြဲရှိပါတယ်။ထောင်တွင်းအခက်အခဲပြဿနာတွေကိုလိုအပ်လို့သူ့ကိုဖြေရှင်းဖို့တိုက်တွန်းရင်ရဟန်းသံဃာလိုရော၊နိုင်ငံရေးသမားလိုပါချဉ်းကပ်ဖြေရှင်းပေးနိုင်ပါတယ်။ဦးဇင်းကိုထောင်အာဏာပိုင်များကလူနာမည်ခေါ် ပြီးနိမ့်ချဆက်ဆံပါတယ်။ဦးတင်ဦးနဲ့အတူအကျဉ်းကျခံရတဲ့နိုင်ငံရေးအကျဉ်းသမားများကတော့အခါကြီးရက်ကြီးဝါတွင်းကာလတွေမှာဦးဇင်းဆီကသီလပေးတရားများကိုနာယူကြပါတယ်။ဦးဇင်းဦးစန္ဒာသီရိ၂၀၀၅ဂျူလိုင်၆ရက်နေ့မှာကလေးအကျဉ်းထောင်ကဒုတိယအကြိမ်ပြန်လည်လွတ်မြေါက်လာခဲ့ပါတယ်။ဦးဇင်းအကျဉ်းထောင်ကလွတ်မြောက်ပြီးမကြာခင်မှာလောင်စာဆီကုန်စျေးနှုန်းကြီးမြင့်မှုကြောင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနဲ့အတူ၊ ၈၈မျိုးဆက်ကျောင်းသားတွေနဲ့အတူပူးပေါင်းလမ်းလျှောက်ဆန္ဒပြခဲ့ပါတယ်။

အဲဒီနောက်ပခုက္ကူသံဃာလှုပ်ရှားမှုမှာသံဃာတွေကိုဓာတ်တိုင်မှာကြိုးချည်ပြီးရိုက်နှက်ခဲ့ပါတယ်။ဒီအမှုအတွက်သံဃာတော်တွေကစစ်အစိုးရကိုတောင်းပန်ဝန်ချဖို့တိုက်တွန်းခဲ့တယ်။စစ်အစိုးရကမတောင်းပန်တဲ့အပြင်ဖိနှိပ်မှုကိုမြှင့်တင်ခဲ့ပါတယ်။မေတ္တာတရားနဲ့နေထိုင်တတ်သူသံဃာတော်တွေဟာစစ်အာဏာရှင်ကြောင့်ဒုက္ခအခက်အခဲရောက်နေတဲ့ပြည်သူလူထုတွေရဲ့ကိုယ်စားစစ်အာဏာရှင်ကိုမေတ္တာပို့တောင်းဆိုခဲ့ကြပါတယ်။ဒီသံဃာထုထဲမှာဦးဇင်းဦးစန္ဒာသီရိလည်းပါဝင်ခဲ့ပါတယ်။စက်တင်ဘာသံဃာလှုပ်ရှားမှုမှာစစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအလံကိုလွှင့်ထူရင်းသံဃာနဲ့လူထုကြားမှာ "တို့မေတ္တာစွမ်းကမ္ဘာလွှမ်း၊ငြိမ်းချမ်းကြပါစေ"ဆိုပြီးဦးဆောင်မေတ္တာပို့နေတဲ့ဦးဇင်းဦးစန္ဒာသီရိရဲ့ရုပ်ပုံလွှာကိုစက်တင်ဘာသံဃာ့လှုပ်ရှားမှု၂နှစ်မြောက်မှာအမှတ်ရစရာတခုအဖြစ်အမှတ်ရနေရပါတော့တယ်။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ။

ကျေးဇူးတင်ပါတယ်။

ကျမနှင်းပန်းအိမ်ပါ။

၁၀။လေးစားရတဲ့သောတရှင်များရှင်

ကျမရဲ့ဒေသန္တရသမိုင်းထဲမှာလုံးဝမေ့ပျောက်လို့မရဘဲမေ့ပျောက်နိုင်စွမ်းအလျင်းမရှိတဲ့ပတ်ဝန်းကျင်အလှဒေသကတော့မန္တလေး-ကလေးခရီးစဉ်တလျှောက်ဘဲဖြစ်ပါတယ်။ပတ်ဝန်းကျင်အလှကိုပြန်တွေးတိုင်းလွမ်းဆွတ်ကြည်နူးတမ်းတနေရသလိုလူပုဂ္ဂိုလ်အဖြစ်သတိရလွမ်းဆွတ်ကြည်ညိုနေရတာကတော့အဘွားလူထုဒေါ်အမာကိုပါ။

နိုဝင်ဘာ၂၉ရက်နေ့ကအဘွားလူထုဒေါ်အမာရဲ့မွေးနေ့မို့မွေးနေ့နီးရင်အနယ်နယ်အရပ်ရပ်ကအဘွားကိုချစ်ခင်ကြည်ညိုတဲ့စာပေအနုပညာရှင်များအပြင်ပြည်သူလူထုကပါတောင်သမန်အင်းကဆရာတော်ဦးပညာကျောင်းကိုလာခဲ့ကြပါပြီ။ဂုဏ်ပကာသနမရှိတဲ့အဘွားမွေးနေ့ဆိုတာဂုဏ်ပကာသနဖက်တယ်ဆိုပြီးမကျင်းပပါဘူး။ဒါပေမယ့်ပြည်

သူလူထုဘက်ကအစဉ်ရပ်တည်ခဲ့တဲ့နိုင်ငံရေးသမား၊သတင်းစာဆရာ၊စာရေးဆရာမကြီးမွေးနေ့ကိုပြည်သူလူထုကကျင်းပပေးတဲ့မွေးနေ့ပွဲကိုတော့မွေးနေ့ရှင်အဖြစ်ဘယ့်လောက်ပင်ပန်းနေပါစေတက်ရောက်ဧည့်ခံပေးပါတယ်။

မွေးနေ့မှာတော့တော်ဘုရာလေး၊လူထုဦးစိန်ဝင်း၊ဒေါက်တာသန်းထွန်း၊ဆရာကြီးဒဂုန်တာရာ၊ဘဘသခင်အုန်းမြင့်တို့နဲ့အတူသနပ်ခါးဖွေးဖွေးပန်းပန်ထားတဲ့အဘွားပြုံးရွှင်ပြီးငှက်လွှတ်မယ်။လမင်းတရာပန်တျာဒွေးဒွေးမြင့်ကလေဘာတီမဖြရင်ရဲ့တုံးကျော်မသီချင်းနဲ့ဂုဏ်ပြုရင်အဘွားကပါစည်းလိုက်ရင်းလိုက်ဆိုမယ်။ခုတော့မွေးနေ့ရှင်အဘွားလူထုဒေါ်အမာမရှိတော့ပါဘူး။အဘွားပြောနေတဲ့စကားရှိပါတယ်။"လူမှန်ရင်လူတိုင်းမှာလူသားရဲ့အားမာန်အပြည့်ရှိရတယ်။ငါဟာလူ့အဖွဲ့အစည်းကိုငါစွမ်းဆောင်ရာဘက်ကအကျိုးပြုနေတဲ့လူသားတစ်ထောက်ဖြစ်ရမယ်"ဆိုတဲ့စကားပါ။

အဘွားလူထုဒေါ်အမာကကြီးကျယ်မြင့်မြတ်တဲ့အလုပ်တွေကိုခွန်အားဗလနဲ့မတည်ဆောက်ဘဲကြီးမြတ်တဲ့စိတ်ဓာတ်နဲ့တည်ဆောက်ခဲ့သူဖြစ်ပါတယ်။ကမ္ဘာကြီးအတွက်လိုအပ်တာကငြိမ်းချမ်းရေးပါ။ကိုယ်ချင်စာစိတ်နဲ့ဂရုဏာတရားပါ။လူသားအချင်းချင်းနားလည်သည်းခံမှုနဲ့ချစ်ခင်လေးစားမှုပါ။ကိုယ်ကျိုးစွန့်အနစ်နာခံပြီးအများအကျိုးသယ်ပိုးတဲ့ပရစိတ်ပါ။ဒီလိုစိတ်ကိုအခြခံတဲ့ပြယုဂ်ကိုကိုယ်စားပြုသူကတော့အဘွားလူထုဒေါ်အမာပါပဲ။

အဘွားလူထုဒေါ်အမာကာ၁၉၃၆ခုနှစ်ကျောင်းသပိတ်မှာပါခဲ့တဲ့သပိတ်မှောက်ကျောင်းသူတစ်ဦးပါ။သပိတ်မှောက်ကျောင်းသူဘဝနဲ့ရွှေတိဂုံသပိတ်စခန်းမှာရှိနေတုန်းဆရာဇော်ဂျီကအော်တိုစာအုပ်ထဲမှာအဘွားလူထုဒေါ်အမာအတွက်အမှတ်တရရေးပေးခဲ့ပါတယ်။

အမာသည်အပျော့မဟုတ်။အဖြူသည်အမည်းမဟုတ်။အဖြောင့်သည်အကောက်မဟုတ်။အမာကိုမပျော့စေနှင့်။အဖြူကိုမမည်းစေနှင့်။အဖြောင့်ကိုမကောက်စေနှင့်"ဆိုတဲ့စာထဲကအတိုင်းအဘွားသူ့ယုံကြည်ချက်ကိုကွယ်လွန်ချိန်အထိဆုပ်ကိုင်သွားခဲ့ပါတယ်။

အဘွားလူထုဒေါ်အမာကအဖိနှိပ်ခံပြည်သူဘက်ကရပ်တည်ခဲ့တဲ့နိုင်ငံရေးသမားတစ်ယောက်ဖြစ်တယ်။သတင်းစာ၊စာရေးဆရာမကြီးတစ်ယောက်ဖြစ်တယ်။ပြည်သူ့ဘက်သား၊သားသမီးရတနာတွေကိုမွေးထုတ်ပေးတဲ့မိခင်တစ်ယောက်လဲဖြစ်ပါတယ်။မြန်မာပြည်ရဲ့တော်မှန်ရေးထဲမှာကျဆုံးခဲ့သူ၊မြန်မာပြည်တော်လှန်ရေးမှာခုချိန်ထိလှုပ်ရှားနေသူရဲ့မိခင်လဲဖြစ်ပါတယ်။

ဒါ့ကြောင့်ကြေကြေကွဲကွဲအဘွားပြောတဲ့စကားရှိပါတယ်။"အမေကလောကဓံကိုခံရတာများလွန်းလို့လူကတော်တော်ထုံနေပြီ။ငယ်ငယ်ရွယ်ရွယ်နဲ့သေကွဲရှင်ကွဲကွဲနေရတုန်းပါပဲတဲ့။

အဘွားနဲ့ကျမစတင်ဆုံဖူးတဲ့နေ့ကိုမှတ်မိနေတယ်။၁၉၉၈ဖေဖော်ဝါရီ၁၈ရက်မှာအဖမ်းခံရတဲ့ခင်ပွန်းသည်ကိုပြေးလမှာအင်းစိန်ထောင်ကနေမန္တလေးမုံရွာကတဆင့်ကလေးအကျဉ်းထောင်ကိုအာဏာပိုင်ကထောင်ဒဏ်၁၄နှစ်နဲ့ပို့လိုက်ပါတယ်။နိုင်ငံရေးသမားတွေကိုနယ်ဝေးအကျဉ်းထောင်တွေဆီဖြစ်ဒဏ်အများဆုံး၁၄နှစ်နဲ့ပို့နေတဲ့အချိန်ပါ။

ကလေးမြို့ဆိုတာဘယ်နားမှန်းမသိ၊ဘယ်လိုသွားရမှန်းမသိတဲ့အချိန်မှာကဗျာဆရာကြီးဦးတင်မိုကကလေထောင်သွားဖို့လမ်းညွှန်ပေးပါတယ်။ဆရာကြီးနဲ့အင်းစိန်ထောင်ထဲမှာ၃နှစ်နေဘူးတဲ့ဒုရဲအုပ်လေးကကလေးတမူးလမ်းမှာစက်ဘီးကယ်ရီနဲ့ချည်ထုတ်တွေသယ်ဖူးသူမို့ကလေးမြို့နဲ့တမူးကိုသူ၃နှစ်သားနဲ့ရောက်ခဲ့ဖူးတယ်။ဒါ့ကြောင့်လမ်းခရီးကိုဘယ်လိုသွားရမယ်ဆိုတာဆရာကြီးဦးတင်မိုးကပြောပြပါတယ်။ဒါ့ပြင်ခရီးတထောက်နားရာမန္တလေးလူထုတိုက်ကိုစာရေးပေးလိုက်ပါတယ်။

"ဒေါ် ဒေါ် ခင်ဗျား"လို့အစချီထားတဲ့စာလေးကိုင်ပြီးလူထုတိုက်ကိုရောက်သွားတော့ပုံနှိပ်စက်သံတဖြောင်းဖြောင်းကကျမကိုဆီးကြိုနေတယ်။အောက်ဘက်ညှော့်ခန်းကနာမည်ကျော်ပန်းချီဆရာကြီးတွေရဲ့ဆီးဆေးပန်းချီကားတွေကအရင်ဆုံးကျပ်ကိုညှော့်ခံနှင့်တယ်။ပြီးတော့မှရင်ဖုံးအကွကျီအဖြူမှာလက်ကိုင်ပုဝါထိုးထားတဲ့သနပ်ခါးအဖွေးသားနဲ့အဖွားလူထုဒေါ်အမာကိုတွေ့ရတယ်။အဲဒီအချိန်ကအဘွားလူထုဒေါ်အမာအသက်၈၀ကျော်ပေမယ့်ဖျတ်ဖျတ်လပ်လပ်သွက်သွက်လက်လက်ရှိတုန်းပါ။

ဆရာကြီးဦးတင်မိုးပေးလိုက်တဲ့စာထဲမှာကျမဖေဖေကလူထုတိုက်ကသတင်းထောက်တစ်ယောက်ဖြစ်ခဲ့တဲ့အကြောင်း၊ကိုကိုးကျွန်းမှာရဲဘော်ဖိုးသံချောင်းနဲ့အတူနေခဲ့သူဖြစ်ကြောင်းမိတ်ဆက်ပေးလိုက်တာပါ။

အဘွားကကျမတို့မိသားစုအကြောင်းကိုမေးပါတယ်။သတင်းစာဆရာပီပီမေးတတ်သလိုစာရေးဆရာပီပီစိတ်ဝင်တစားနားထောင်ပါတယ်။

”ကျမ၆လသမီးအရွယ်မှာဖေဖေအဖမ်းခံရပြီး၊ကျမ၇နှစ်သမီးမှာထောင်ကလွတ်လာပါတယ်။အစုခင်ပွန်းသည်အရေးပေါ် ၅ညနဲ့ထောင်ဒဏ်၁၄နှစ်အချခံရပါတယ်။ဖမ်းသွားထဲကထောင်ဝင်စာတွေခွင့်မရဘဲနယ်ဝေးကလေးအကျဉ်းထောင်ကိုပြောင်းလိုက်တယ်။ကျမမှာ၅နှစ်အရွယ်သားလေးတစ်ယောက်ရှိပါတယ်”ဆိုတဲ့အကြောင်းအဘွားကိုကျမပြောပြပါတယ်။

အဘွားကရင်ဖုံးအင်္ကျီမှာထိုးထားတဲ့လက်ကိုင်ပုဝါထုတ်ပြီးမျက်ရည်သုတ်တယ်။ကျမကိုကြင်ကြင်နာနာနဲ့ပုခုံးဖက်ပြီး”ငါ့သမီးစာရေးပါလား။သမီးတို့ဘဝတွေကစာရေးဖို့သိပ်ကောင်းတယ်”တဲ့။

ဒီလိုနဲ့ကျမလဲစာရေးသူဖြစ်သွားပါတယ်။ကျမရဲ့စာရေးသူဘဝကိုစာပေမျိုးစေ့ချပေးသူကအဘွားလူထုဒေါ် အမာဖြစ်ပြီးစာပေစင်မြင့်ကိုတင်ပေးခဲ့သူကတော့ဒေးဒရဲဦးမြတ်ဆွေနဲ့ဆရာနတ်နွယ်ပါပဲ။

လေးစားရတဲ့သောတရှင်များရှင်

တရားစောင့်သောသူကိုတရားကပြန်စောင့်သည်။ပြည်သူကိုချစ်သူအားပြည်သူကပြန်ချစ်သည်။လူကိုလေးစားသူအားလူကပြန်လေးစားသည်လို့ဆရာပါရဂူကမိုးဝေးမဂ္ဂဇင်းမှာဆရာဗန်းမော်တင်အောင်အကြောင်းအမှတ်တရရေးခဲ့ဖူးပါတယ်။

အဘွားကပြည်သူကိုချစ်လို့အဘွားကိုပြည်သူကချစ်တယ်ဆိုတာအဘွားမွေးနေ့နဲ့အဘွားရွာပနကသက်သေပြခဲ့ပါတယ်။

အဘွားလူထုဒေါ်အမာကပြည်သူလူထုကိုသတင်းနဲ့မျက်စိပွင့်ဖို့စာပေနဲ့နိုးကြားဖို့ကွယ်လွန်ချိန်အထိကြိုးစားခဲ့သူ၊စွမ်းဆောင်ခဲ့သူတစ်ယောက်ပါ။ခေတ်ခရီးကိုပြည်သူလူထုနဲ့အတူကလောင်စွဲပြီးထပ်ချပ်မကွာလျှောက်ခဲ့သူပါ။ကျမကလေးအကျဉ်းထောင်ကိုသွားတိုင်းလူထုတိုက်ကိုဝင်ခဲ့တာတစ်လတစ်ကြိမ်နဲ့၁ဂနှစ်ကြာသွားခဲ့ရပါတယ်။အဘွားကကျမကိုဘယ်အချိန်သွားသွားနွေးနွေးထွေးထွေးကြိုတယ်။နိုင်ငံရေးအကျဉ်းကျမိသားစုတွေကိုတတ်နိုင်သလောက်ပံ့ပိုးတယ်။အဘွားဆီကိုကျမရောက်ရင်အဘွားကရေဒီယိုသတင်း၊ဂြိုလ်တုသတင်းတခုမဟုတ်တခုနားထောင်တတ်တာအဘွားမဆုံးခင်မတ်လ၂၃ရက်နေ့ကျမရောက်တဲ့အထိပါ။အဘွားဆီကျမရောက်ရင်ရန်ကုန်ကမိတ်ဆွေတွေအကြောင်း၊ကုန်ဈေးနှုန်းအကြောင်းနဲ့လက်ရှိအခြေအနေတွေကိုမေးပါတယ်။ကျမကိုလဲ ` "မှတ်ထားငါ့သမီး၊တချိန်ကျဒီသတင်းတွေကသိပ်ကိုတန်ဖိုးရှိမှာ" လို့ပြောပါတယ်။အဘွားကမန္တလေးသူပီပီစကားတတ်တယ်။တဘက်သားကိုပြောရင်ဝေဖန်တဲ့စကားပြောဆိုပေမယ့်ထိထိမိမိနဲ့သိပ်ကိုယဉ်ကျေးပါတယ်။အဘွားကကျမကိုအမြဲမှတ်သားနေရမယ့်စကားပြောပါတယ်။ ` "ငါ့သမီးစာရေးဆရာဆိုတာဘက်ရှိရတယ်" တဲ့။

အဘွားဂြိုလ်တုသတင်းကြည့်တဲ့တီဗွီပေါ်မှာပါအို့နီနီလေးတွေနဲ့အနွေးထည်ထူထူဝတ်ထားတဲ့ကလေးငယ်တွေရဲ့ဓာတ်ပုံတင်ထားပါတယ်။အဲဒီပုံလေးတွေကိုအဘွားအလွမ်းပြေကြည့်နေတတ်တယ်။ဘယ်သူ့ပုံလဲဆိုတာအဘွားကိုကျမမမေးရက်ပေမယ့်စိတ်ထဲကအလိုလိုသိနေတယ်။တနေ့ဆရာညီပုလေးထောင်ကလွတ်လာတယ်။အဘွားကိုကျမက ` "အဘွားကိုညီလွတ်တော့အဘွားပျော်မှာပေါ့" လို့တို့လိုက်တယ်။အဘွားကပြုံးပြုံးလေးနဲ့ပြန်ပြောတယ်။ ` "ကိုညီလွတ်ပေမယ့်အမေအပြည့်အဝမပျော်ပါဘူး။ထောင်ထဲမှာအမေ့သားသမီးတွေအများကြီးကျန်သေးတယ်" တဲ့။ကျမအဘွားကိုသိပ်ချစ်သွားတယ်။ဟုတ်တာပေါ့။အဘွားကကျောင်းသားသမဂ္ဂကျောင်းသူ၊သပိတ်မှောက်ကျောင်းသူ၊ခေတ်အဆက်ဆက်စစ်အာဏာရှင်စနစ်ကိုတော်လှန်ခဲ့သူ။သူကိုယ်တိုင်လဲအကျဉ်းသူဖြစ်ခဲ့ဘူးသူ။ထောင်ထဲမှာနေ့စဉ်ထောင်တွင်းတိုက်ပွဲတွေနဲ့တခြားပြစ်မှုကျူးလွန်သူမိန်းမအကျဉ်းသူတွေရဲ့ဘဝအကြောင်းကျမကိုပြောပြတတ်တယ်။အဘွားကအမျိုးသမီးတွေရဲ့ဘဝကိုသိပ်ကိုတန်ဖိုးထားသူပါ။

` "တို့မိန်းမသားတွေကိုအမေဂုဏ်ယူတာတခုရှိတယ်။အဲဒါကတော့အိမ်ထောင်ဦးစီးမျာ းမရှိတဲ့အချိန်မှာသားသမီးတွေကိုစောင့်ရှောက်တယ်။စီးပွားရှာရတယ်"အစရှိတဲ့တာကို စာပေစီစစ်ရေးလွတ်အောင်ပါးပါးလေးရေးသွားတယ်။တခါကအဘွားကမေးတယ်။ ` "ငါ့သမီးအမေ့ဆောင်းပါးတွေဖတ်ပြီးနားလည်ရဲ့လား။စာတပုဒ်ရဲ့အသက်ကအောက် ဆုံးစာကြောင်းလေး။ဒါကိုစာပေစီစစ်ရေးကဖြတ်လိုက်တော့ဘာမှန်းကိုမသိတော့ဘူး" တဲ့။အဘွားကကျမသားလေးကိုသူ့ဖခင်နဲ့အမြဲတွေ့နိုင်အောင်ထောင်ဝင်စာတွေ့ရင် ခေါ် သွားဖို့အကြံပေးပါတယ်။ ` "ငါ့သမီးကလေးကိုသူ့အဖေနဲ့အမြဲတွေ့နိုင်အောင်ခေါ် သွား။ဦးလှထောင်ကလွတ်လာတော့အမေတို့မန္တလေးလေယာဉ်ကွင်းကိုသွားကြိုကြ တယ်။ကိုညိုကဦးလှကိုမမှတ်မိဘူး။ဒါကြောင့်ကိုညိုသားသမီးတွေကိုသရက်ထောင် သွားရင်အမြဲခေါ် သွားခိုင်းတယ်။ကလေးတွေကကားတတ်ပေမယ့်ပင်ပန်းရင်ပင်ပန်းပါ စေ။သားအဖမမှတ်မိတာကပိုပြီးစိတ်ပင်ပန်းတယ်"။အဘွားကသူကိုယ်တိုင်လဲသားအ ငယ်ဆုံးအတွက်ထောင်ဝင်စာကိုအသက်၈၀အရွယ်နဲ့လိုက်တွေ့သူပါ။မှတ်မှတ်ရရသန် းခေါင်စာရင်းကျန်ခဲ့လို့ထောင်ဝင်စာတွေ့ခွင့်မရခဲ့ပါဘူး။နိုင်ငံကျော်သတင်းစာဆရာမ ကြီး၊စာရေးဆရာမကြီးကိုအာဏာပိုင်ကအငြိုးနဲ့လုပ်လိုက်တာပါပဲ။

အဘွားကိုကျမနောက်ဆုံးတွေ့ခဲ့တဲ့အချိန်က၂၀၀၈မတ်လ၂၃ရက်နေ့ပါ။အဘွားကိုအိ ပ်ယာပေါ် ကနေလက်နှစ်ဘက်နဲ့သိုင်းပွေ့ပြီးပွေ့ထူခဲ့ရပါတယ်။အဘွားရဲ့ခေါင်းအုံးဘေး မှာရေဒီယိုလေး။သတင်းနားထောင်နေချိန်။အဘွားကအိပ်ယာပေါ် မှာဘဲအဘွားကိုကျ မက ` "အဘွားသမီးတို့စစ်အာဏာရှင်လက်ကဘယ်တော့မှလွတ်မယ်မသိဘူး"ဆို တော့အဘွားကပြုံးတယ်။သိပ်ကိုလေးနက်တဲ့အပြုံးပါ။အသက်၉၃နှစ်အရွယ်သတင်း စာဆရာမကြီးလူထုဒေါ် အမာပြောတဲ့စကားနားထောင်ကြည့်ပါဦး။ ` "မှတ်ထားငါ့သမီး သွေးမြေမကျဘဲဘယ်တော့မှမပြောင်းလဲဘူး ` "တဲ့။ကျမရန်ကုန်ရောက်ပြီး၂ပတ်အ ကြာမှာအဘွားဆုံးပါးသွားတဲ့သတင်းကိုVOAကနေကြားခဲ့ရပါတယ်။ကျမတို့တိုင်းပြည် မှာအဘွားလိုပြည်သူ့ဘက်ကမားမားရပ်တည်ပေးခဲ့သူ၊ခေတ်အဆက်ဆက်ကိုကျော်ဖြ တ်ပြီးတိုင်းပြည်ကိုတကယ့်နိုင်ငံရေးအသိ၊စာပေအသိပေးနိုင်တဲ့သူမှိုနမြောတကြီးဖြစ်ရ ပါတယ်။

အမျိုးသားရေး၊ဒီမိုကရေစီရေး၊ငြိမ်းချမ်းရေးဆိုတဲ့အလံသုံးလက်ကိုအဘွားကွယ်လွန်ချိန်အထိလွှင့်ထူခဲ့ပါတယ်။အဘွားလူထုဒေါ်အမာကသူ့နောက်ဆုံးထွက်သက်အထိသူယုံကြည်ချက်ကိုတစိုက်မတ်မတ်ဆုပ်ကိုင်သွားခဲ့သူဖြစ်ပါတယ်။အဘွားရဲ့အရိုးပြာကိုဧရာဝတီမြစ်ထဲမျှောလိုက်တယ်ဆိုတဲ့အကြောင်းကျမသိတော့လှိုက်လှိုက်လှဲလှဲလက်ခံခဲ့ပါတယ်။အမျိုးသားယဉ်ကျေးမှုရဲ့နလုံးသည်းပွတ်ဖြစ်တဲ့အဘွားလူထုဒေါ်အမာကိုပြည်သူလူထုကတင်ပိုင်တာမဟုတ်ဘဲအမိမြန်မာပြည်ကြီးကပါပိုင်ပါတယ်။

သခင်ဇင့်ဇနီးဒေါ်ကြည်ကြည်ဆုံးတော့အဘွားလူထုဒေါ်အမာကဝမ်းနည်းမှတ်တမ်းရေးပို့လိုက်ပါတယ်။ဒေါ်ကြည်ကြည်ရေသတ္တိကောင်းပြီးအသဲမာလှတဲ့မိန်းမမို့နမြောလိုက်ပါရဲ့တဲ့။အဘွားလူထုဒေါ်အမာစကားနဲ့ဘဲအဘွားရဲ့၉၅နှစ်မြောက်မွေးနေ့မှာကျမနက်နက်ရှိုင်းရှိုင်းဂုဏ်ပြုပါတယ်။

``"သတ္တိကောင်းပြီးအသဲမာလှတဲ့အဘွားမို့နမြောလိုက်ပါရဲ့"..................။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ

ကျေးဇူးတင်ပါတယ်။ကျမနှင်းပန်းအိမ်ပါ။

၁၁။လေးစားရတဲ့သောတရှင်များရှင်

မြန်မာပြည်အကျဉ်းထောင်အတွင်းကနိုင်ငံရေးသမားများရဲ့လူမသိသူမသိနှိပ်စက်ညှင်းပန်းခံရတာတွေကြားရတဲ့အခါမခံချင်စရာလဲကောင်းကြေကွဲစရာလဲကောင်းလှပါတယ်နိုင်ငံရေးအကျဉ်းသမားဟောင်းကိုအောင်မိုးကသူ့အတွေ့အကြုံထဲကတခုကိုပြောပြပါတယ်။

``"၂၀၀၃ခုနှစ်မှာပုသိမ်ထောင်ဆူပါတယ်။အင်းစိန်ထောင်ကနေရိုးရိုးအကျဉ်းသမား၅၀၀ကိုပုသိမ်ထောင်ကို၂၅၀-မြောင်းမြထောင်ကို၂၅၀ပို့လိုက်ပါတယ်။နောက်မှရောက်လာတဲ့အကျဉ်းသားနဲ့ပထမရှိနေတဲ့အကျဉ်းသားတို့နေရာလုပငို့ပကျွပွဲမှာထောင်ဆူတဲ့အထိဖြစ်လာပြီးတောင်းဆိုချက်တွေပါလာပါတယ်။ဒါကိုထောင်အာဏာပိုင်တွေကအ

ကြောင်းရှာပြီးနိုင်ငံရေးသမားတွေရဲ့လက်ချက်ဖြစ်တယ်ဆိုတဲ့စွဲချက်နဲ့နိုင်ငံရေးသမားတွေကိုအပြင်းအထန်နှိပ်ကွက်ပါတော့တယ်။နိုင်ငံရေးသမားတွေကိုခြေကျင်းလက်ထိတ်ခတ်ပြီးပယ်ပယ်နယ်နယ်ရိုက်တော့တာ။ရိုးရိုးအကျဉ်းသားတွေလဲရိုက်လို့သေတာ၂ယောက်သေနတ်မှန်တာ၆ယောက်ရှိတယ်။ထောင်ဝန်ထမ်းနဲ့အတူရဲကပါဝင်ရိုက်တာ။အဲဒီလိုရိုက်နက်ပြီးပုသိမ်ထောင်တခုလုံးဝန်ထမ်းရောအကျဉ်းသားပါပြောင်းပြစ်လိုက်တယ်။ထောင်အပြောင်းမှာပုသိမ်ထောင်ဖူးဝရောက်တော့ညွှန်ချုပ်ကိုယ်တိုင်ရိုက်တော့တာပဲ။ပါးစပ်ကလဲ`"ဘာနိုင်ငံဂေးလဲဘာဒီမိုကရေစီလဲ"ဆိုပြီးရိုက်တာပါ။ပုသိမ်ကနေနိုင်ငံရေးအကျဉ်းသမားတွေရော၊ရိုးရိုးအကျဉ်းသမာတွေကိုပါရိန်းဂျားကားကြီးနဲ့ပြောင်းတာ။မိုးတွင်းဆိုတော့မိုးကမလုံ။ပါလာတဲ့အဝတ်အစားတွေမိုးရေရွဲ။ချမ်းလိုက်တာမပြောပါနဲ့တော့။

အင်းစိန်အဝင်မှာအာဏာပိုင်ရဲ့လက်မရွံ့ရဲ၊လုံထိန်းတပ်တွေထောင်ယူနီဖောင်းဝတ်ပြီးအသင့်ပြင်ထားကြတယ်။ကားနောက်မြီးဘေးဘယ်ညာအသင့်ပြင်ပြီးနေရာယူထားကြတာလူ၇ဂလောက်ရှိတယ်။အကျဉ်းသားတွေကိုသံခြေကျင်းခတ်၊လက်ထိတ်ခတ်ပြီးတော့ကားပေါ်ကနေခုန်ချခိုင်းတယ်။အထုပ်ကိုအရင်ချပြီးလူကခုန်ဆင်းတော့အောက်ကိုကို့ရှိုကားယားပြုတ်ကျတော့တာပဲ။အောက်ရောက်တာနဲ့ရော်ဘာစွတ်ထားတဲ့နံပါတ်တုတ်တွေနဲ့ရိုက်တာအချက်ပေါင်းမနည်းဘူး။အဆောင်မရောက်မချင်းရိုက်တာ။နွားချေးပိုးကောင်တွေအများကြီးရှိတဲ့အဆောင်ထဲပို့လိုက်တယ်။အဆောင်ရောက်ဖို့မိုးရွာကြီးထဲလမ်းလျှောက်ရတာအဝေးကြီးလျှောက်ခဲ့ရတယ်။အဲဒီ့ထိလူကိုရိုက်တာအဆက်ပြတ်မသွားဘူး။အထုတ်ကတဘက်ခြေကျင်းကတဘက်နဲ့ဆိုတော့ကျွတ်သွားတဲ့ပုဆိုးပြန်တောင်မဝတ်နိုင်ဘူး။မသန်မစွမ်းတွေကိုပါရိုက်တာ။အင်းစိန်ထောင်မှာတညနဲ့တရက်နေခဲ့ဂတယ်။ရေမချိုးရဘူး။လဲစရာအဝတ်ခြောက်မရှိဘူး။မနက်ကျတော့ထောင်အာဏာပိုင်တွေကခြိမ်းခြောက်တဲ့အနေနဲ့ကျောပေါ်ဝဲခဲ့တဲ့တုတ်ကိုလာပြတော့တုတ်ရဲ့ထိတ်ဖျားတွေဆိုတာဖွာလန်ကျဲနေတာပဲ။

အင်းစိန်ကနေမန္တလေးထောင်ပြောင်းတော့နိုင်ငံရေးသမားတွေသံချေကျဉ်းတချွမ်းချွမ်းနဲ့ရန်ကုန်ဘူတာကြီးဟော်တယ်ဘက်ကနေဝင်ရတယ်။ရထားပေါ်အတက်ကိုရိုက်သေး

တာ။ရိုက်ချင်လို့ရိုက်တာလို့မခံချင်အောင်ပြောသေးတယ်။ရထားပေါ်ကအနံ့အသက်ကလဲဆိုးလိုက်တာမပြောနဲ့တော့။ရေမချိုးရတဲ့ခန္ဓာကိုယ်၊ပုသိမ်ကနေမိုးရေစိုရွှဲလာတဲ့အဝတ်အစားအနံ့ကတယောက်အနံ့တယောက်မခံနိုင်ဘူး။အညစ်အကြေးတွေပေနေတဲ့ရထားကြမ်းပြင်မှာတညနဲ့နှစ်ရက်ရထားစီးခဲ့ရတယ်။ရထားလမ်းတလျှောက်ရမည်းသင်းလောက်မှာရေရောင်းတဲ့ကောင်မလေးကသဒ္ဓါစိတ်ဝင်ပြီးရေအိုးပါပေးလို့ရေအဝသောက်ခဲ့ရတာကတော့ကျနော်တို့ဘဝမှာအမြဲအမှတ်ရနေတယ်။ဒီအဖြစ်ကိုဘယ်တော့မှမမေ့နိုင်ဘူး။

မန္တလေးထောင်ရောက်တော့လဲအရိုက်ခံရသေးတယ်။မန္တလေးထောင်မှာခရီးပန်းလာတဲ့နိုင်ငံရေးအကျဉ်းသမားတွေကိုဂျပိုးကနိုပ်စက်အိပ်မရခဲ့ဘူး။နံရံတွေပေါ်ကခုန်ချလာတဲ့ဂျပိုးတွေမြင်မကောင်းဘူး။အုပ်လိုက်တက်လာတာ။ဂျပိုးသတ်ရတာနဲ့ဘဲမိုးလင်းရတာ။ရေချိုးခွင့်မပေးဘူး။မန္တလေးမှာတညနဲ့တမနက်နေပြီးမြင်းခြံကိုဆက်ထွက်ရတယ်မြင်းခြံကိုရထားနဲ့ပြောင်းတော့ရထားကအလုံပိတ်ဆိုတော့ပူလွန်းအားကြီးပြီးမူးလဲကုန်ကြတယ်။ပေရေညစ်ပတ်နေတဲ့သံခြေကျင်းနဲ့နိုင်ငံရေးသမားတွေကိုကြည့်ပြီးဘူတာဈေးသည်တွေသနားလို့ထင်ပါရဲ့ဖောင်းဝါးသီးဗန်းကြီးကိုတခြားသွားမရောင်းဘဲပေးလိုက်တယ်။ဒီဖောင်းဝါးသီးကမူးဝေခြင်းကိုတင်ပျောက်စေတာမဟုတ်ဘဲခွန်အားကိုပါဖြစ်စေပါတယ်။ပြည်သူလူထုရဲ့သနားကြင်နာမှုကတကယ့်ကိုခွန်အားပါပဲ။

မြင်းခြံကိုရောက်တော့လဲထောင်ဗူးဝကိုဝင်ထဲကရိုက်တာပဲ။ရိုက်ပြီးတာနဲ့ကြိုးတိုက်ကိုတခါထဲတမ်းပို့လိုက်တယ်။နိုင်ငံရေးသမားထဲကဦးကျော်မြ၊ကိုမျိုးမင်းထိုက်၊ကိုစိုးသောင်းပါတယ်။နှစ်ကြီးရိုးရိုးအကျဉ်းသမားတွေလဲပါတယ်။မြင်းခြံထောင်ရောက်ပြီး၂ရက်ကြာမှရေချိုးခွင့်ရတယ်။မိသားစုကစိတ်ပူပြီးအင်းစိန်ထောင်သွားစုံစမ်းပါတယ်။ပုသိမ်ကသူတွေဘယ်ပြောင်းလိုက်လဲသိချင်လို့ပါစုံစမ်းတော့ဘာမှမေးမရပါဘူး။ICRCကိုသွားတော့မှမြင်းခြံထောင်သွားပါလို့ပြောလိုက်တယ်။မြင်းခြံအထိပင်ပင်ပန်းပန်းလိုက်လာတဲ့မိသားစုကိုမြင်းခြံထောင်ကမရှိဘူးလို့ငြင်းလွှတ်လိုက်တယ်။ဘာမှမသိရဘဲထောင်ဝင်စာတွေခွင့်မရတာ၃လကြာခဲ့ပါတယ်။ဒီကြားထဲမှာထောင်ဝင်စာမရှိတော့ငတ်တော့တာပေါ့။ထောင်ပုံစံကတာလပေါဟင်း၊ပဲဟင်းဘဲစားရတယ်။စားရတဲ့ပဲကအခွံတွေ။တာ

လပေါ်ဆိုလဲမျှော့တွေတီတွေပါတယ်။ခုလပြည့်မှမိသားစုနဲ့ထောင်ဝင်စာတွေ့ခွင့်ရခဲ့တယ်။စိုးရိမ်နေတဲ့မိသားစုတွေကိုယ့်မိသားစုနိုင်ငံရေးအကျဉ်းသားတွေသေသလားရှင်သလားမသိရတဲ့သောကအပူနဲ့ခုလကြာနေခဲ့ရတယ်။ထောင်ထဲကသူကလဲရိုက်နှက်ထားတဲ့ဒဏ်ရာဒဏ်ချက်တွေ၊သံချေကျဉ်းကြောင့်ရတဲ့အနာတွေတော်တော်နဲ့မပျောက်ဘူး။

ကျနော်တို့အရိုက်ခံရလို့ကျတဲ့သွေးတွေကနောင်မြန်မာပြည်ဒီမိုကရေစီအတွက်မိုးရေမိုးပေါက်များဖြစ်ရမယ်ဆိုတဲ့စိတ်နဲ့ကြံ့ကြံ့ခံခဲ့ပါတယ်။ရန်သူကိုဒူးမထောက်ဘဲယုံကြည်ချက်ကိုထိမ်းသိမ်းနိုင်တဲ့ဒီအဖြစ်ကိုဘယ်တော့မှမမေ့နိုင်လိမ့်မယ်မထင်ဘူး။

လေးစားရတဲ့သောတရှင်များရှင်

ထောင်ဆိုတာမာကျောတဲ့သံတုံးသံခဲကိုအရည်ဖျော်တဲ့နေရာဖြစ်သလိုသံတုံးသံခဲကလဲသံမဏိဖြစ်သွားတတ်ပါတယ်။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ

ကျေးဇူးတင်ပါတယ်။ကျမနှင်းပန်းအိမ်ပါ...............။

၁၂။လေးစားရတဲ့သောတရှင်များရှင့်

တကယ်ဆိုရင်တက္ကသိုလ်ကျောင်းသားလူငယ်လူရွယ်တွေဟာကံ့ကော်ရနံ့၊စွယ်တော်ရနံ့နဲ့အင်းလျားကန်ဘောင်ပေါ် လျှောက်ပြီးအင်းလျားရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာတဲ့လေညှင်းတွေကြားမှာရင်ခုန်ကြည်နူးနေရမဲ့အရွယ်ပါ။ဒါပေမယ့်စစ်အာဏာရှင်စနစ်ကြောင့်ကျောင်းသားလူငယ်တွေစာသင်ခန်းနဲ့ပျော်ရွှင်မှုအားလုံးကိုကျောခိုင်းရပြီးအကျဉ်းထောင်အုတ်နံရံတွေကြားရောက်နေရပါတယ်။စာသင်ခန်းထဲကနေမိဘရင်ခွင်ထဲကနေဆွဲထုတ်ပြီးနစ်ရှည်ထောင်ဒဏ်တွေနဲ့ဝေးလံခေါင်သီတဲ့အကျဉ်းစခန်းတွေဆီအပို့ခံခဲ့ရပါတယ်။လွတ်လပ်စွာပညာသင်ကြားခွင့်လိုချင်ပေမယ့်နှစ်ရှည်ထောင်ဒဏ်

တွေကိုပဲရနေကြပါတယ်။တက္ကသိုလ်ကျောင်းစာသင်ခန်းထဲကနေတိုင်းပြည်ရဲ့လိုအပ်ချက်၊ကျောင်းသားတွေရဲ့အခွင့်အရေးကိုစစ်အာဏာရှင်ဆီတောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ဒဂုံတက္ကသိုလ်ကျောင်းသားကိုအေးအောင်ကလေးအကျဉ်းထောင်ထဲမှာနှစ်ရှည်ထောင်ဒဏ်နဲ့အကျဉ်းကျနေတာဆယ်နှစ်ကျော်သွားပါပြီ။

၁၉၉၉မှာနိုင်ငံရေးအကျဉ်းသမားများကိုနှစ်ရှည်ထောင်ဒဏ်တွေချမှတ်ခဲ့တာထောင်သက်နဲ့လူသက်မှားရတဲ့အထိပါ။အဲဒီ့အချိန်တုန်းကကိုအေးအောင်အသက်၂၇ကျော်ပဲရှိပါသေးတယ်။ကိုအေးအောင်တို့ကျောင်းသားလူငယ်တွေက၁၉၉၈လှည်းတန်းမီးပွိုင့်ဆန္ဒပြပွဲမှာပြည်သူ့လွှတ်တော်ခေါ် ယူရေး၊ပြည်သူသို့ပန်ကြားချက်၊တက္ကသိုလ်အဝေးသင်စာမေးပွဲတွေကိုတက္ကသိုလ်ကျောင်းတွေမှာဖြေခွင့်မရှိဘဲအ.ထ.ကကျောင်းတွေမှာဖြေခိုင်းတဲ့အတွက်ကျောင်းသားအခွင့်အရေးတောင်းဆိုချက်များနဲ့ဆန္ဒပြခဲ့ပါတယ်။ကိုအေးအောင်တို့ကျောင်းသားလူငယ်တွေကိုကားတွေလမ်းတွေပိတ်ဆို့ပြီးလူဆိုးလူရမ်းကားအမည်တပ်ပြီးလိုက်ဖမ်းပါတယ်။ကိုအေးအောင်၊ကိုမျိုးမင်းဇော်တို့ကကျနော်တို့ကျောင်းသားတွေပါလို့ပြောတော့ရပ်ကြည့်နေတဲ့ပြည်သူလူထုကဖမ်းမပေးပါဘူး။

အာဏာပိုင်တွေကရိုင်းရိုင်းစိုင်းစိုင်းဖမ်းပြီးစစ်ကြောရေးမှာရက်ရက်စက်စက်ညှင်းပန်းနှိပ်စက်တာကိုခံခဲ့ရပါတယ်။ဘယ်လောက်ထိညှင်းပန်းခံရလဲဆိုရင်စစ်ကြောရေးမှာထောက်လှမ်းရေးတွေရိုက်တာ၊ညှင်းပန်းတာအားမရလို့ထောင်တွင်းမှာရှိတဲ့လူဆိုးလူရမ်းကားတွေကိုခေါ် ပြီးရိုက်ခိုင်းတဲ့အထိပါ။သွေးတွေချွေးတွေဆိုတာရောထွေးနေတာလို့သူနဲ့အတူနေခဲ့ရသူတွေကပြောပြခဲ့ပါတယ်။ဒဏ်ရာတွေဆိုတာတော်တော်နဲ့မပျောက်ပါဘူး။ထောင်ထဲရောက်လာတဲ့အခါမှာတော့ကိုအေးအောင်တယောက်သံမဏိရိုင်းတတုံးဖြစ်လာခဲ့တယ်တဲ့။၅၉နှစ်ထောင်ဒဏ်နဲ့အင်းစိန်ထောင်ကနေကလေးအကျဉ်းထောင်ကိုမိသားစုကိုအသိမပေးဘဲတိတ်တဆိတ်ပြောင်းခဲ့ပါတယ်။သံခြေကျဉ်းတွေနဲ့ရန်ကုန်ဘူတာကြီးကနေရထားစီးရမယ့်အချိန်မှာ"ကျနော်တို့ကျောင်းသားတွေပါ၊ကျနော်တို့ကိုကလေးအကျဉ်းထောင်ပို့မှာအိမ်ကမသိဘူး၊ဒီဖုန်းနံပါတ်နဲ့အိမ်ကိုအကြောင်းကြားပေးပါ"လို့အော်ဟစ်ပြောဆိုခဲ့တော့ရပ်ကြည့်နေတဲ့ပြည်သူလူထုကကျောင်းသားတွေရဲ့အိမ်ကိုဖုန်းဆက်အကြောင်းကြားပေးကြပါတယ်။ဒါ့ကြောင့်ဘယ်သူဘယ်ထောင်ရော

က်တယ်ဆိုတဲ့အကြောင်းသိရတာပါ။ကျောင်းတွေကိုရက်အကန့်အသန့်မရှိပိတ်ထားပြီးအကျဉ်းထောင်တွေကိုစက္ကန့်မလပ်ဖွင့်ထားတဲ့စစ်အာဏာရှင်ကိုပြည်သူလူထုကဆန့်ကျင်လိုက်တာပါ။ကျောင်းစာသင်ခန်းထဲမှာပညာသင်ကြားနေရမဲ့ကျောင်းသားလူငယ်တွေကိုသံခြေကျဉ်းနဲ့ထောင်ဝတ်စုံဝတ်ထားတာမြင်ရတော့ပြည်သူလူထုရင်ထုမနာဖြစ်ကုန်ကြပါတယ်။အပြေးအလွှားရေသန့်ဘူးတွေမုန့်တွေဝယ်၊ကျောင်းသားတွေလက်ထဲထည့်ပြီးထောက်ခံအားပေးကြောင်းပြကြတော့တယ်။

အင်းစိန်ထောင်၊မန္တလေးထောင်၊မုံရွာထောင်ကနေကလေးအကျဉ်းထောင်ကိုမဟာမြိုင်တောဖြတ်ပြီးကားနဲ့ကလေးဝဆိပ်ကမ်းကိုသွားရပါတယ်။ကလေးဝဆိပ်ကမ်းကိုဇက်နဲ့ကူးလာရပါတယ်။ကလေးအကျဉ်းထောင်ဝန်ထမ်းများကအချုပ်ကားနဲ့ကလေးဝဆိပ်ကမ်းကစောင့်ပြီးနိုင်ငံရေးအကျဉ်းသမားများကိုလက်ဆင့်ကမ်းလွှဲပြောင်းယူရပါတယ်။ဒီတော့ထောင်ဒဏ်၅၉နှစ်၊၅၇နှစ်၊၅၂နှစ်၊၄၂နှစ်ကိုအသက်ထင်ပြီးရိုးရိုးရာဇဝတ်အကျဉ်းသားလူကြီးတွေနဲ့မှားကုန်တယ်လို့ဝန်ထမ်းတွေကပြောပါတယ်။ကိုအေးအောင်တို့ကလေးအကျဉ်းထောင်မှာနိုင်ငံရေးအကျဉ်းသမားအားလုံး၂၆ယောက်ရှိပါတယ်။၂၀၀၅ခုနှစ်မတိုင်ခင်မှာထောင်ပြောင်းခံရတဲ့သူ၊လွတ်တဲ့သူတွေကြောင့်ကိုအေးအောင်အပါအဝင်၈ယောက်ကျန်ခဲ့ပါတယ်။၂၀၀၅ခုနှစ်ဂျူလိုင်၆ရက်နေ့မှမထင်မှတ်ဘဲကျန်တဲ့သူတွေလွတ်မြောက်ပြီးကိုအေးအောင်နဲ့ကိုစောဝင်းနှစ်ယောက်သာကျန်တော့ပါတယ်။အရင်ကညဘက်တွေမှာဟိုအခန်းဒီအခန်းကအသံတွေနဲ့အဖော်ပြုခဲ့သူနှစ်ယောက်တိတ်ဆိတ်တဲ့ညအမှောင်မှာဘယ်သူ့ဘယ်သူမှစကားမပြောနိုင်တော့ဘူးလို့သူနဲ့အတူကျန်ခဲ့တဲ့ကိုစောဝင်းလွတ်လာချိန်မှာပြန်ပြောပြပါတယ်။

ကိုအေးအောင်နဲ့အတူနေခဲ့ရတဲ့ကိုနေဦးကတော့"သူတို့လွတ်မြောက်လာပေမဲ့လွတ်လွတ်ကျွတ်ကျွတ်မပျော်နိုင်ပါဘူး။အများလွတ်ပြီးအနည်းကျန်ခဲ့တဲ့ရဲဘော်နှစ်ဦးကိုနှုတ်ဆက်စကားတောင်မဆိုနိုင်ခဲ့ပါဘူး"တဲ့။ကိုအေးအောင်ကိုစစ်ထောက်လှမ်းရေးတွေကအကြိမ်ကြိမ်ဆွေးနွေးပြီးလွတ်ရင်ဘာလုပ်မလဲလို့မေးပါတယ်။ဒီလိုမေးတဲ့အခါမှာကိုအေးအောင်ကသူ့ယုံကြည်ချက်ကိုပြတ်ပြတ်သားသားပြောခဲ့ပါတယ်။ဓမ္မနဲ့အဓမ္မကိုခွဲခြားသိမြင်သူမို့ဓမ္မကိုချစ်မိတဲ့ဒဏ်သူရဲရဲဝံ့ဝံ့ခံမယ်တဲ့။

နောက်တနှစ်ကြာတဲ့အခါမှာကိုစောဝင်းလွတ်တော့ကိုအေးအောင်တယောက်တည်းကျန်ခဲ့ပါတော့တယ်။တိုင်းပြည်အတွက်လူငယ်ဘဝကိုပေးဆပ်ခဲ့တဲ့ကိုအေးအောင်အတွက်အရွယ်နဲ့မမျှတဲ့ဒဏ်ရာတွေနဲ့ထောင်တွင်းဖိနှိပ်မှုတွေကိုခံနေရပါတယ်။ကိုအေးအောင်ဖခင်ဦးသောင်းစိန်က"ကျနော့်သားကသူနဲ့ရွယ်တူကျောင်းသားလူငယ်တွေလိုကျောင်းတက်ချင်မှာပဲ။လူငယ်သဘာဝအတိုင်းပြုမူနေထိုင်ချင်မှာပဲ"လို့ပြောပါတယ်။သားကိုရုပ်အာဟာရ၊စိတ်အာဟာရပေးဖို့မိဘရဲ့မေတ္တာတွေအပြည့်ထည့်ထားတဲ့ထောင်ဝင်စာခြင်းကိုဆွဲပြီးတလတကြိမ်သားကိုထောင်ဝင်စာတွေ့နေရပါတယ်။ဝက်သားတပိဿာခုနှစ်ရာဈေးထဲကဒီနေ့ဝက်သားတပိဿာခုနှစ်ထောင်ဈေးအထိတွေ့နေရတုန်းပါပဲ အိမ်ပြန်ရောက်တဲ့နေ့လွတ်တဲ့နေ့လို့ပဲဦးသောင်းစိန်စိတ်ဒုံးဒုံးချထားပါတယ်။

ကျမခင်ပွန်းသည်မလွတ်ခင်ထောင်ဝင်စာတွေ့ချိန်မှာကိုအေးအောင်ဖခင်နဲ့ဆုံရင်အတူတွေ့ခွင့်ရပါတယ်။ထောင်ဝင်စာမှာတက်ကြွလန်းဆန်းနေတဲ့ကိုအေးအောင်ကိုမြင်ရတော့ကျမမှာဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ဝမ်းနည်းရတာကသူ့လူငယ်ဘဝကို၊ဝမ်းသာရတာကတက်ကြွလန်းဆန်းတဲ့သူ့ဟန်ပန်ကိုပါ။တခါတော့"ဖေဖေ.သားကိုအတွေးအခေါ် ပါတဲ့မှတ်သားစရာပါတဲ့စာအုပ်သာယူခဲ့ပါဖေဖ။ပညာရေးဗဟုသုတတွေလေ့လာဖို့သားသိပ်နောက်ကျနေပြီ"တဲ့။အဲဒီ့နေ့ထောင်ဝင်စာအပြန်မှာသူ့ဖခင်မျက်ရည်ကျပါတော့တယ်။

## လေးစားရတဲ့သောတရှင်များရှင်

ထောင်ကနေထောင်ဝင်စာတွေ့ပြီးပြန်လာရင်ထောင်ဝင်စာမှာပြောခဲ့တဲ့စကားတွေကိုကားပေါ် မှာပြန်စဉ်းစားရင်းကြေကွဲဆို့နင့်ကြရပါတယ်။ထောင်ဝင်စာဆိုတာလူ့စိတ်နှလုံးညှိုးနွမ်းရတဲ့လူ့ဂုဏ်သိက္ခာညှိုးနွမ်းရတဲ့လူ့အခွင့်ရေးတွေထပ်မံဆုံးရှုံးရတဲ့နေရာတခုပါ။ထောင်ဝင်စာမှာပစ္စည်းတွေပေးနိုင်ဖို့ကျမတို့နောက်ထပ်ကြိုးစားရမယ်ဆိုတဲ့ခွန်အားတွေလည်းပါခဲ့ပါတယ်။ထောင်ထဲမှာကျန်ခဲ့တဲ့မိသားစုကိုစိုးရိမ်ပူပန်စိတ်၊ချစ်ခင်ကြင်နာစိတ်ကလည်းခွန်အားပါပဲ။

ကလေးအကျဉ်းထောင်ကိုရန်ကုန်ကနေထောင်ဝင်စာလာတွေ့ဖို့ငွေကြေးတင်ပြည့်စုံလို့ မရဘဲခွန်အားလည်းပြည့်စုံဖို့လိုပါတယ်။ကျမတို့ထောင်ဝင်စာဆယ်နှစ်ကျော်ဖြတ်ခဲ့ရ တဲ့ခရီးကြမ်းကမဟာမြိုင်၊ယာကြီးလမ်း၊ချင်းတွင်းမြစ်၊ပုံတောင်ပုံညာ၊ဂန့်ဂေါလမ်း၊လမ်း အစုံသွားခဲ့ရပါတယ်။မြစ်သာမြစ်ကူးကလေးဝတံတားအထိဆောက်ပြီးယာကြီးလမ်းက တခြားလမ်းတွေထက်မိုင်၉၀သက်သာပေမယ့်မိုးတပေါက်နှစ်ပေါက်ကျယုံနဲ့လမ်းပျက် တတ်ပါတယ်။ယာကြီးလမ်းကိုနွေခဏပဲအားထားရတာပါ။ဒါတောင်မှ၂၀၀၇မေလဆန် းမှာထောင်ဝင်စာတွေ့ပြီးအပြန်ယာကြီးလမ်းမိုးရွာလို့ပျက်ခဲ့ရပါတယ်။ဒီလိုအဖြစ်အပျ က်မျိုး၊ပင်ပန်းမှုမျိုးဘယ်တုန်းကမှမကြုံခဲ့ရဖူးပါဘူး။ဘယ်လောက်ထိလဲဆိုတော့တော ထဲတောင်ထဲမှာဆယ်ရက်ကြာခဲ့ပါတယ်။

ရှေ့ခရီးလည်းဆက်မရ၊နောက်လည်းပြန်မရနဲ့ကျမတို့ကားတစီးတည်းမဟုတ်ပါဘူး။အ တက်အဆင်းကာအစီးပေါင်းခြောက်ဆယ်လောက်ပိတ်မိကုန်ကြတာပါ။ကျမတို့ကားပိ တ်မိနေတဲ့နေရာကရွာနဲ့မနီးတဲ့နေရာ။လမ်းပြင်တဲ့စခန်းတဲလေးမှာကလေးကနေမန္တ လေးကိုဆင်းတဲ့အဆင်းကားငါးစီးရှေ့ဆက်မသွားနိုင်တော့ကားပေါ်ပါလာတဲ့ခရီးသည် တွေစားစရာသောက်စရာမရှိ၊အညစ်အကြေးစွန့်စရာနေရာမရှိနဲ့အခက်တွေ့ကြပါတော့ တယ်။ကားတစီးမှာလူငါးဆယ်ပါပါတယ်။ရေသောက်ဖို့အတွက်ကားဘော်ဒီကကျလာ တဲ့မိုးရေကိုရေသန့်ဘူးနဲ့ခံပြီးသောက်ရပါတယ်။မိုးကလည်းစွေလိုက်တာမပြောပါနဲ့ တော့။မိုးခြိမ်းသံတွေလျှပ်စီးတွေကတောတောင်အလယ်မှာကျမတို့ကိုကြောက်လန့်အ ားငယ်အောင်ပံ့ပိုးနေပါတယ်။ဟိုးအဝေးရွာတွေကထမင်းလာရောင်းကြတယ်။ထမင်း လက်နှစ်ဆုပ်စာနဲ့သရက်ချဉ်နည်းနည်း၊မြေပဲဆံစေ့လေးငါးစေ့ကိုငွေတထောင်ပေးပြီး စားရပါတယ်။ဒါလည်းအလုအယက်ဝယ်ရတာပါ။လမ်းကောင်းနိုးနိုးမိုးပြတ်ရင်းဆိုတဲ့ အတွေးတွေနဲ့ခရီးသည်တွေစောင့်နေရာကဒီအတိုင်းလည်စင်းခံမနေတော့ဘူး။ရွာရှိမဲ့ နေရာ၊မုံရွာ၊မန္တလေး၊ရန်ကုန်ကိုဆက်သွယ်အကြောင်းကြားလို့ရနိုင်မဲ့နေရာဖြစ်တဲ့ "လပို့"ဆိုတဲ့ကနီမြို့နယ်ထဲကရွာလေးကိုသွားနိုင်ဖို့ခရီးသည်တချို့စဉ်းစားကြတယ်။လ ပို့ရွာကိုရောက်ဖို့ရှစ်နာရီလျှောက်ရပါမယ်။ဒီတော့လူငယ်လူရွယ်တွေအများဆုံးလျှော က်ကြတယ်။ပစ္စည်းတွေတော့မသယ်နိုင်ကြဘူး။မန္တလေးကိုရောက်မှပစ္စည်းလာရွေးမ

ယ်လို့ကားသမားကိုမှာကြတယ်။ဦးသောင်းစိန်လိုအသက်ကြီးသူတွေနဲ့ကျမတို့မိန်းမရွ
ယ်တွေသာကျန်ခဲ့တော့တယ်။ကျောပိုးတွေလူလွတ်ကြီးပဲလျှောက်လာတဲ့အတက်ခရီး
သည်တွေကျမတို့တဲစခန်းလေးနားရောက်ရင်အားလုံးမိုးရွာထဲမှာတုံးလုံးပက်လက်ဖြစ်
ကုန်ကြတယ်။တဲစခန်းလေးမှာတထောက်နား၊နောက်နေ့မိုးလင်းလမ်းလျှောက်သွားတဲ့
သူတို့ကိုကြည့်ရတာစစ်ပြေးဒုက္ခသည်တွေလိုပါပဲ။ဦးသောင်းစိန်ကဒူးအရွတ်တွေပြတ်
လို့တုတ်ကောက်နဲ့သွားနေရသူပါ။ရွှံ့ပေါင်လယ်၊ခြေသလုံးလောက်ရှိတာကိုရုန်းပြီးတေ
ါင်တက်တောင်ဆင်းသွားရမယ်ဆိုတာမဖြစ်နိုင်တဲ့ကိစ္စ။ဒါ့ကြောင့်ရန်ကုန်ကမိသားစု
တွေစိတ်ပူနေမယ်။အဘကိုထားပြီးသမီးလမ်းလျှောက်နိုင်ရင်သွားပါ။အဘကတော့လ
မ်းပွင့်မှဘဲသွားနိုင်တော့မယ်လို့ဆိုပါတယ်။တစတစနည်းသွားတဲ့ခရီးသည်တွေကြားမှ
ာကျမတို့အားငယ်လိုက်တာမပြောပါနဲ့တော့။ကျမရှေ့ခရီးကိုအပင်ပန်းခံလမ်းလျှောက်
ပြီးရန်ကုန်ကမိသားစုတွေစိတ်မပူဖို့ဆက်သွယ်နိုင်တဲ့နေရာအထိရောက်ဖို့အားတင်းရ
ပါတယ်။အဘဦးသောင်းစိန်ကိုလည်းစိတ်မချ၊မိုးအအေးကြောင့်လေဖြတ်သွားရင်ဘယ်
လိုလုပ်မလဲ။စားစရာ၊ရေသောက်စရာကလည်းအခက်အခဲမဟုတ်လား။နောက်ဆုံး
တော့ခရီးသည်အချို့နဲ့လိုက်သွားရပါတယ်။ကျမတသက်အပင်ပန်းဆုံးခရီးလမ်းလို့ဆိုချ
င်ပါတယ်။ခြေဗလာနဲ့ရွှံ့ဗွက်ရုန်းပြီးမိုးရွာထဲတောင်တက်တောင်ဆင်းလမ်းလျှောက်ရ
တာ၊တောထဲတောင်ထဲမှာမိန်းမတယောက်ရဲ့လုံခြုံမှုကိုကြောက်ရတဲ့ခရီးအတွက်မနား
နိုင်ဘူး။ရှေ့ကလူကိုမှီအောင်ဆိုတဲ့စိတ်နဲ့ရှစ်နာရီကြာအောင်လမ်းလျှောက်ခဲ့ရပါတယ်။
လပို့ရွာမှာခရီးသည်တွေဆိုတာအပြည့်ပါပဲ။ရှေ့ခရီးဘယ်လိုဆက်မလဲဆိုတာစောင့်နေ
ကြတယ်။ကျမကတော့ထမင်းဆိုင်မှာဝိုင်းကူလုပ်ရင်းရန်ကုန်ကလူတွေကိုစိတ်မပူဖို့အ
ကြောင်းကြားရပါတယ်။ဆယ်ရက်မြောက်နေ့မှာဟိုင်းမွန်ဂျစ်လို့ခေါ် တဲ့ချင်းတောင်ပေါ်
ပြေးဂျစ်ကားတစီးကိုချင်းလူမျိုးမိသားစုကဖုန်းနဲ့လှမ်းခေါ် လို့ရောက်လာတယ်။ကျမ
လည်းဝမ်းသာအားရနဲ့ကလေးဝအထိလိုက်ပါရစေလို့တောင်းပန်ရတယ်။ထောင်ဝင်စာ
လာတွေ့တဲ့သူလို့ပြောမှဂရုဏာသက်ပြီးခေါ် ပါတယ်။ကျမလမ်းလျှောက်ခဲ့တဲ့နေရာကို
ဂျစ်ကားနဲ့နောက်ကြောင်းပြန်ရတာပါ။ကျမကိုမြင်တော့ဦးသောင်းစိန်အရမ်းဝမ်းသာသွ

၁းပြီး"ငါ့တူမရယ်.အဘလေ.အမေကကလေးကိုထားသွားလို့ပြန်တွေ့တဲ့အတိုင်းဝမ်းသာလိုက်တာ"လို့ပြောရှာတယ်။

ဟိုင်မွန်ဂျစ်ကားပေါ်ကိုကျမတို့ဝမ်းလျားမှောက်တက်ရတယ်။လမ်းဆိုးလို့လမ်းဆင်းလျှောက်ရင်ကားပေါ်ကခုန်ဆင်းခဲ့ရတယ်။ငရဲကြီးတယ်ဆိုတာဒုက္ခဆင်းရဲရောက်တာကိုတင်စားရင်တော့ကျမတို့ငရဲကျခဲ့တာပါပဲ။နောက်ကြောင်းပြန်ခရီးကတောင်ကျရေဒလဟောနဲ့ကားလမ်းပေါ်ရေကျော်နေတာကိုဖြတ်၊ရွှံ့စေးတွေနဲ့ကားကချောက်ဖက်ဆွဲသွားတဲ့အခါငါတို့သေပြီလို့အောက်မေ့ရတယ်။ကျမတို့ကလေးဝတံတားရောက်တော့ညကိုးနာရီထိုးပါပြီ။မနက်စာညစာထမင်းမစားရသလိုမိုးရေတွေတကိုယ်လုံးရွှဲစိုပြီးခိုက်ခိုက်တုန်အောင်ချမ်းရတာပါ။ဦးသောင်းစိန်ကတော့တကိုယ်လုံးတုန်ပြီးအဖျားတက်နေတာပါပဲ။ကလေးဝတဲခိုခန်းမှာနစ်ရက်ကြာနေရပြီးမှချင်းတွင်းမြစ်ကြောင်းကနေရှော်တယ်စီးပြီးပြန်ခဲ့ရပါတယ်။နောင်မှာယာကြီးလမ်းအကြောင်းသိရတာကတလကြာပိတ်မိနေတယ်လို့ပြောကြတယ်။ဦးသောင်းစိန်ကတော့အိမ်ရောက်တာနဲ့မနားနိုင်ပါဘူးနောက်တခါထောင်ဝင်စာအတွက်ရုန်းကန်ရတော့တာပါပဲ။

လေးစားရတဲ့သောတရှင်များရှင်

အကျဉ်းကျမိသားစုတွေရဲ့ဒုက္ခကိုဖောင်ဖွဲ့လို့ရရင်နောက်ထပ်အဖီထပ်ထုတ်ရမယ့်အထိပါပဲလို့ပြောရင်ပိုတယ်မထင်ကြပါနဲ့။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ။

ကျေးဇူးတင်ပါတယ်။ကျမ.....နှင်းပန်းအိမ်ပါ။

၁၃။လေးစားရတဲ့သောတရှင်များရှင်

ဒီလိုအချိန်ဆိုရင်မန္တလေးမုံရွာလမ်းတလျှောက်တမာပန်းရနံ့တွေသင်းပျံ့နေရော့မယ်။တမာနဲ့အညာဆိုတာခွဲမရပါဘူး။လူ့တဖက်စာရှိတဲ့တမာပင်ကတမာပန်းတွေမွှေးပုံကစူးစူးရဲရဲလဲမဟုတ်ဘူး။အညတရပန်းပေမယ့်သင်းသင်းပျံ့ပျံ့နဲ့လူကိုအမောပြေအောင်

လုပ်ပေးတဲ့မွေးရန်နဲ့မျိုး။အဲဒီတမာပန်းတွေလိုမထင်မရှားနဲ့လောကကောင်းကြိုးသယ်ပိုးတဲ့နိုင်ငံရေးသမားတွေနဲ့တူတယ်လို့ကျမခံစားမိပါတယ်။ဒါကြောင့်တမာပန်းနဲ့ဘဝလမ်းဆိုပြီးကျမဝတ္ထုရေးခဲ့တာပါ။

ကျမတို့ကလေးအကျဉ်းကျမိသားစုတွေကိုတမာပန်းတွေလိုဘဝအမောတွေပြေအောင်ကူညီစောင့်ရှောက်ပေးတဲ့ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသိန်းဝင်းကွယ်လွန်တာမတ်လ၁၅ရက်နေ့ဆိုသုံးနှစ်ပြည့်ပါပြီ။ကျမတို့အားလုံးကဒေါက်တာသိန်းဝင်းကိုဆရာလို့ခေါ် ပါတယ်။၁၉၉၈မှာကျမကလေးမြို့ကိုရောက်တဲ့အချိန်ဆရာသူ့အိမ်မှာမရှိပါဘူး။ထောက်လှမ်းရေးမှာခေါ် ယူထိမ်းသိမ်းထားတဲ့အချိန်ပါ။အဖွဲ့ချုပ်မြို့နယ်စည်းအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုရန်ကုန်မြို့မှာဆိုရဲမွှန်ကိုခေါ် ယူထိမ်းသိမ်းထားချိန်ပါ။

ဆရာမရှိပေမယ့်ဆရာ့ဇနီးဒေါ် ကြည်ကြည်မြင့်ကကျမတို့ကိုသူတို့အိမ်ကနေတည်းခိုနေထိုင်စားသောက်ပြီးမှထောင်ဝင်စာတွေ့ဖို့ပြောပါတယ်။ကျမတို့ကိုဒီလိုလိုလိုလားလားဝမ်းမြောက်ဝမ်းသာခေါ် ယူစောင့်ရှောက်တဲ့ဆရာနဲ့ဒေါ် ကြည်ကြည်မြင့်ကိုအထူးကျေးဇူးတင်ရပါတယ်။အဲဒီအချိန်ကICRCမရှိသေးပါဘူး။တည်းခိုခန်းခ၊နေ့စဉ်စားစရိတ်မပူရတဲ့ဘဲရန်ကုန်ကလေးလမ်းစရိတ်ဘဲပူရတယ်။ကျမတို့ဘဝလုံခြုံမှုကလည်းသိပ်ကိုအရေးကြီးပါတယ်။ ``ပြည်သူလူထုကမှကိုယ့်ကိုအကာအကွယ်ပေးတာ”ဆိုတဲ့အဘွားဒေါ် ကြည်ကြည်ရဲ့စကားသိပ်ကိုမှန်ပါတယ်။ကျမတို့ကလေးအကျဉ်းကျမိသားစုကိုကလေးမြို့ပြည်သူလူထုကစောင့်ရှောက်ခဲ့ပါတယ်။

ဆရာအဖမ်းခံရတဲ့အချိန်မှာဆရာတို့မှီခိုနေရတဲ့ဆေးခန်းပိတ်ထားရပါတယ်။ဒေါ် ကြည်ကြည်မြင့်ကထီရောင်းပြီးအိမ်စရိတ်ရှာခဲ့ရပါတယ်။ဒေါ် ကြည်ကြည်မြင့်ဖခင်ကဆရာလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့အချိန်မှာ ``ကြည်ကြည်နင့်ယောက်ကျ်ားနိုင်ငံရေးလောကထဲကိုရောက်သွားပြီ။ကိုယ့်ဘာသာရှာဖွေစားသောက်နိုင်အောင်လုပ်”ဆိုပြီးထီဆိုင်ထောင်ဖို့အကြံပြုခဲ့ပါတယ်။ဒ့ါကြောင့်လည်းဆရာခဏခဏအဖမ်းခံရတိုင်းဒေါ် ကြည်ကြည်မြင့်တယောက်အိုးမကွာအိမ်မကွာစီးပွားရှာနိုင်ခဲ့ပါတယ်။ကျမတို့အကျဉ်းကျမိ

သားစုဘယ်နှစ်ဦးတည်းတည်းမငြိုမငြင်ချစ်ချစ်ခင်ခင်ကြိုဆိုပါတယ်။ဆရာလွတ်လာတော့ကျမကိုဆရာကသတင်းစကားပါးပါတယ်။သတင်းစာထဲမှာလွှတ်တော်ကိုယ်စားလှယ်တွေအဖွဲ့ချုပ်မြို့နယ်စည်းတွေ၊အဖွဲ့ဝင်တွေနုတ်ထွက်တဲ့စာရင်းတွေပါနေချိန်လဲဖြစ်ပါတယ်။ `"ကျနော်တို့ခေါင်းဆောင်တွေနဲ့မိတ်ဆွေရဲဘော်တွေကိုပြောလိုက်ပါ။ကျနော်သူများလိုရှေ့ကမပြေးနိုင်ပေမယ့်ရှိတဲ့နေရာမှာတော့မြဲအောင်ရပ်ပါ့မယ်"တဲ့။

ဆရာ့ကိုထောက်လှမ်းရေးတပ်ထဲမှာနှစ်ချီပြီးဖမ်းထားပါတယ်။နည်းအမျိုးမျိုးနဲ့စည်းရုံးပြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနုတ်ထွက်ဖို့ဖိအားပေးခံရပါတယ်။ဆရာကတော့သူ့ယုံကြည်ချက်ကိုမစွန့်လွှတ်ဘဲအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ပနောက်ဆုံးအချိန်ထိရပ်တည်သွားခဲ့ပါတယ်။ဆရာကပျော်ပျော်ရွှင်ရွှင်နေတတ်တယ်။ကလေးတွေကိုချစ်ခင်တယ်။အမှန်တရားကိုမြတ်နိုးပြီးလူတွေကိုလေးစားတန်ဖိုးထားသူပါ။သူ့ကိုဘယ်အချိန်ဆေးကုဘို့လာခေါ် ခေါ် တောင်ရွာတွေအထိလိုက်သွားပါတယ်။ဆေးဖိုးမရှိလို့နောက်မှပေးပါရစေဆိုလဲဆရာကလက်ကာပြတယ်။လူနာကိုသက်သာအောင်အရင်ဆေးကုပေးတယ်။စကားအပိုမပြောဘဲလူနာကိုစေတနာထားပါတယ်။ထောက်လှမ်းရေးမိသားစုကလေးတွေနေထိုင်မကောင်းဖြစ်လို့ဆေးခန်းမသွားနိုင်ရင်ဆရာကဆေးကိုသပေးပါတယ်။ဒါကြောင့်ငွေကြေးချို့တဲ့တဲ့ထောက်လှမ်းရေးမိသားစုကဆရာ့ကိုကျေးဇူးတင်ကြတယ်။အထက်လူကြီးကဆရာ့ကိုဖမ်းခိုင်းလို့လာဖမ်းရရင် `"ဆရာရယ်ကျနော်တို့မျက်နှာပူပါတယ်။ခွင့်လွှတ်ပါ"လို့ပြောရင်ဆရာကသူ့ဟန်အတိုင်းပြုံးပြုံးလေးပြန်ပြောတယ်။ `"တာဝန်အရလုပ်ပါ။ကျနော့်ကိုအားမနာနဲ့"တဲ့။ဒီ့အတွက်ဆရာကခံစားရပုံမပေါ် ပါဘူး။

ကျမကိုလည်းဆရာကအမြဲအမှတ်ရစေမယ့်စကားမျိုးပြောဖူးပါတယ်။"မသန္တာ.ကိုယ်ကကူညီတဲ့အခါမှာဘာမှမမျှော်လင့်နဲ့။ဒီတော့ကိုယ့်ကိုဘယ်လိုဘဲတုန့်ပြန်တုန့်ပြန်ကိုယ်မခံစားရဘူး"လို့ပြောပါတယ်။ဆရာ့မှာအမှတ်ရစရာတွေအများကြီးပါ။ကလေးမြို့အကျဉ်းထောင်ထဲမှာနိုင်ငံရေးအကျဉ်းသမားကိုခင်အောင်မြင့်ဆုံးတော့ဆရာအရင်ဆုံးသိရပါတယ်။ဆရာ့မိတ်ဆွေကလူမမာမေဆေးရုံသွားရင်းနဲ့ဆေးရုံဂတ်ဝဒ်မှာနိုင်ငံရေးသမားကိုခင်အောင်မြင့်အခုလေးတင်ဆုံးသွားတယ်ကြားလို့ဆရာ့ကိုချက်ချင်းလာပြောတ

ာပါတဲ့။ထောင်ကိုဖုန်းဆက်တော့ထောင်ကဘာမှာမတုံ့ပြန်ပါဘူး။ဆေးရုံကိုကျမတို့သွားတော့ကိုခင်မောင်မြင့်သေဆုံးပြီးကာစအတိုင်းပဲတွေ့ရပါသေးတယ်။ကျမကိုဆရာကသူ့မိသားစုကိုဘယ်လိုအကြောင်းကြားမလဲလို့မေးပါတယ်။ကျမကကိုခင်မောင်မြင့်အတွက်ထောင်ဝင်စာကိုသူ့အိမ်မှာသွားယူပေးနေကြပါ။နောက်ပြီးကျမမောင်အငယ်ဆုံးကိုလည်းယူခိုင်းတတ်တာမို့အိမ်သိနေပြီ။ဒါ့ကြောင့်ကလေးမြို့ကနေကျမမောင်လေးကိုဖုန်းဆက်ပြီးခုညချက်ချင်းကိုခင်မောင်မြင့်အိမ်သွား၊ကိုခင်မောင်မြင့်ဆုံးတဲ့အကြောင်းပြော၊မနက်ဖြန်လေယာဉ်လက်မှတ်ဝယ်နိုင်အောင်လုပ်၊နောက်ရက်လေယာဉ်မရှိဘူး။လေယာဉ်လက်မှတ်ရအောင်ကြိုးစားပြီးချက်ချင်းလိုက်ခဲ့လို့ပြော”လို့လသာမှာရှိတဲ့ကိုခင်မောင်မြင့်အိမ်ကိုသွားပြောခိုင်းရပါတယ်။

ကလေးမြို့ထောက်လှမ်းရေးကရန်ကုန်ကိုအကြောင်းမကြားသေးခင်ကိုခင်မောင်မြင့်မိသားစုကအဖွဲ့ချုပ်ရုံးကိုအကြောင်းကြား၊ထောက်လှမ်းရေးကိုအကြောင်းကြား၊လေယာဉ်လက်မှတ်ရဖို့ကြိုးစားပြီးသူတို့ကိုယ်တိုင်သဂြိုလ်ချင်တဲ့အကြောင်းအတိုက်အခံပြောကြပါတယ်။မိသားစုမျက်ကွယ်၊လူမသိ၊သူမသိ၊သဂြိုလ်လိုက်ဖို့မဖြစ်နိုင်တော့ထောက်လှမ်းရေးတွေမျက်မာန်ရှုပြီငြင်ကြပါတော့တယ်။ဒီတော့ကလေးမြို့ထောက်လှမ်းရေးကဒီသတင်းကိုကျမပို့တာလို့တထစ်ချယုံကြည်ထားတာမို့ဆရာ့အိမ်ကိုလာပြီးမသန္တာကိုမေးစရာရှိလို့လို့ပြောပါတယ်။ကလေးမြို့ထောက်လှမ်းရေးဗိုလ်ကြီးဌေးဦးကိုယ်တိုင်လာခဲ့တာပါ။“မသန္တာခင်ဗျားကိုခင်မောင်မြင့်သတင်းကိုရန်ကုန်ပို့လိုက်တာမို့လားမှန်မှန်ဖြေ”လို့စစ်ကြောရေးဝင်လိုက်တယ်။ဒီမှာတင်ဆရာက“ကိုခင်မောင်မြင့်မိသားစုကိုအကြောင်းကြားတာကျနော်ပဲ၊ကျနော်ကကလေးမြို့လွှတ်တော်ကိုယ်စားလှယ်၊ဒါကြောင့်ကျနော့်မှာတာဝန်ရှိတယ်”လို့ဝင်ရောက်ဖြေရှင်းလိုက်ပါတယ်။

လေးစားရတဲ့သောတရှင်များရှင်

တဲ့ကျမတို့လူ့အဖွဲ့အစည်းမှာအယူသည်းမှုများရှိပါတယ်။ဒီထဲကမနာရေးဆိုရင်ဝေးဝေးကရှောင်ချင်ကြပါတယ်။ဆရာကတော့လူတယောက်ရဲ့ဒုက္ခကိုမြင်ရင်ကြင်နာသနားတတ်တဲ့လူတယောက်မို့ညှော်သည်နာရေးကိုအိမ်ရှင်အဖြစ်သူ့အိမ်မှာလုပ်လိုက်ပါတယ်

တော့တယ်။ဆရာကတကယ့်ကိုတရားသဘောနဲ့နိုင်ငံရေးအသိနဲ့ကိုခင်မောင်မြင့်ရှာပနကိုတင့်တင့်တယ်တယ်ဖြစ်အောင်ဆောင်ရွက်ပေးပါတယ်။

ထို့အတူပါပဲ။ကိုခင်မောင်မြင့်ရှာပနကိုကြေးစည်မတီးရ၊စပီကာမဖွင့်ရ၊လိုက်မပို့ရလို့ထောက်လှမ်းရေးကအမိန့်ထုတ်ထားတဲ့ကြားထဲကကလေးမြို့လူထုကသနားဂရုဏာစိတ်နဲ့လိုက်ပို့ပါတယ်။အသုဘကိုတောင်ဖိနှပ်ချုပ်ချယ်ရလားဆိုတဲ့မခံချင်စိတ်ကြောင့်လည်းလူပိုများပါတယ်။ကြေးစည်သံ၊လောစပီကာကတရားသံမကြားရဆိုတဲ့ကိုခင်မောင်မြင့်ရှာပနကပထမဆုံးကလေးမြို့ရဲ့ဓလေ့ထုံးစံကိုချိုးဖောက်ခံခဲ့ရတာပါပဲ။ထောက်လှမ်းရေးကအသုဘပို့သူတွေကိုဓာတ်ပုံရိုက်ပြီးခြိမ်းခြောက်ပါတယ်။ဆရာကတော့ထောက်လှမ်းရေးတွေတားဆီးနေတဲ့ကြားထဲကဘဲမြေချ၊သပိတ်သွပ်အစအဆုံးသူ့အိမ်မှာဘဲလုပ်သွားပါတယ်။ကျမတို့အကျဉ်းကျမိသားစုတွေကိုအာဏာပိုင်ရဲ့ရန်ပြုခြိမ်းခြောက်မှုတွေရှိရင်သူတတ်နိုင်သလောက်ကာကွယ်တယ်။စောင့်ရှောက်ပါတယ်။သူတတ်နိုင်သမျှပံ့ပိုးတယ်။ကျမတို့ကလေးအကျဉ်းကျမိသားစုတွေအတွက်ဆရာတို့မိသားစုကကလေးမြို့ရဲ့ICRCပါပဲ။

၂၀၀၅ခုဂျူလိုင်၆ရက်နေ့မှာနိုင်ငံရေးအကျဉ်းသမားတော်တော်များများထောင်ကလွတ်မြောက်ခဲ့ပါတယ်။ကလေးအကျဉ်းထောင်ကနိုင်ငံရေးအကျဉ်းသမား၇ဦးလွတ်မြောက်လာတော့ဆရာနဲ့အတူအဖွဲ့ချုပ်စည်းအဖွဲ့ဝင်တွေကြိုဆိုဖို့သွားရောက်ပေမယ့်အာဏာပိုင်ကခွင့်မပြုခဲ့ပါဘူး။လမ်းစရိတ်မပေးဘဲဝရမ်းသာပေးလိုက်တဲ့အာဏာပိုင်များကိုဆရာက"ကျနော်တို့လမ်းစရိတ်ပေးချင်တယ်။ဒါကိုတော့ခွင့်ပြုရမယ်"လို့အတိုက်အခံပြောခဲ့ပါတယ်။ကလေး-ကလေးဝ-တမူးလမ်းခွဲဖြစ်တဲ့ကျီကုန်းရွာကစောင့်ပြီးနိုင်ငံရေးအကျဉ်းသမားတွေကိုလမ်းစရိတ်စားစရိတ်ထောက်ပံ့ပေးခဲ့ပါတယ်။၂၀၀၆မတ်လမှာဆရာ့သည်းခြေအိတ်ကင်ဆာဖြစ်တော့ကလေးမြို့ကနေရန်ကုန်ဆေးရုံကြီးကိုဆေးကုသဖို့ဆရာရောက်လာခဲ့ပါတယ်။ကျမတို့ရဲဘော်အားလုံးဆရာ့ကိုပြုစုစောင့်ရှောက်ဖို့အလှည့်ကျတာဝန်ယူကြပါတယ်။ခွဲခန်းဝင်မယ့်နေ့ကမှတ်မှတ်ရရတွေ့ဆုံရတဲ့အတိုက်အခံအကြောင်းလည်းပြောပြချင်ပါတယ်။ဆရာ့အတွက်သွေးကိုတောင်ဥက္ကလာဘုန်းကြီးကျောင်းကသံဃာတော်တွေလှူပြီးသွေးလှူဘဏ်မှာအပ်ထားရပါတယ်။ခွဲမယ့်နေ့မနက်မှ

သွေးလာယူဖို့ပြောပါတယ်။ဒီတော့ခွဲမယ့်နေ့မနက်မှာကျမတို့သွေးလှူဘဏ်ကိုသွေးသွားယူပါတယ်။ဆေးရုံကြီးတခုလုံးအစောင့်အကြပ်တွေနဲ့ဘယ်သူမှဖြတ်သန်းသွားလာလို့မရဘူးလို့စစ်ဗိုလ်တွေကပြောပါတယ်။ကျမတို့ကလည်းခွဲစိတ်ခန်းဝင်မယ့်လူနာအတွက်သွေးယူဖို့အရေးကြီးလို့ပါလို့ပြောပေမယ့်ခွင့်မပေးပါဘူး။ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ဒေါ်ကြိုင်ကြိုင်တို့လာမှာမို့လုံခြုံရေးယူထားတယ်လို့ပြောပါတယ်။သူတို့သားကားအက်ဆီဒင့်ဖြစ်လို့ရန်ကုန်ဆေးရုံကြီးမှာဆေးကုသနေခြင်းဖြစ်ပါတယ်။စစ်အာဏာရှင်ကသူတို့အသက်လောက်ပဲအသက်ထင်ပြီးကျန်တဲ့ထောင်ပေါင်းများစွာသောလူနာတွေရဲ့အသက်ကိုမငဲ့ကွက်မှုကခံပြင်းနာကြည်းစရာ။

ဆရာ့ခွဲစိတ်မှုမအောင်မြင်ခဲ့ပါဘူး။ဆရာကဆေးရုံပေါ်မှာသူ့ရဲ့နောက်ဆုံးအချိန်ကိုတည်တည်ငြိမ်ငြိမ်နဲ့ရင်ဆိုင်သွားပါတယ်။ကျမကိုသူပြောတဲ့စကားတွေထဲမှာသူ့ဆရာဝန်သက်တမ်းတလျှောက်အကြမ်းဖျင်းတွက်ကြည့်ရင်လူနာသုံးသိန်းလောက်သူကုနိုင်ခဲ့တယ်။ဒီ့အတွက်သူကျေနပ်တယ်။လောကကြီးမှာနာမှာ၊သေမှာ၊ဆင်းရဲမှာလူတိုင်းကြောက်ကြတယ်။ကြောက်ပေမယ့်မရှောင်မလွှဲသာလူတိုင်းရင်ဆိုင်ရမှာပဲ။ဘယ်လိုရင်ဆိုင်မလဲ။တချို့ကဘာသာရေးနဲ့ရင်ဆိုင်တယ်။တချို့ကသူတို့ယုံကြည်တဲ့အတွေးအခေါ်နဲ့ရင်ဆိုင်ကြတယ်လို့ပြောပါတယ်။ဆရာကတော့သူ့နောက်ဆုံးထွက်တဲ့အထိတည်တည်ငြိမ်ငြိမ်နဲ့ရင်ဆိုင်သွားခဲ့တာကိုကျမတို့ကြေကွဲစွာနဲ့တသသပြောမဆုံးဖြစ်ခဲ့ရပါတယ်။အမှန်တရားအတွက်ကောင်းတာကိုလုပ်ခဲ့တဲ့လူတွေဟာသေရမှာကိုမကြောက်ဘူးဆိုတာဆရာကထပ်မံမော်ကွန်းထိုးလိုက်တာပါပဲ။

ဆရာဆုံးတဲ့နေ့ကမတ်လ၁၅ရက်နေ့။တိုက်တိုက်ဆိုင်ဆိုင်သခင်ဇင့်နှစ်ပတ်လည်နဲ့တိုက်နေပါတယ်။သခင်ဇင့်နှစ်ပတ်လည်ကနေကိုမင်းကိုနိုင်၊ကိုကိုကြီးတို့အားလုံးဂျပန်ဆေးရုံကိုရောက်တဲ့အချိန်မှာဆရာ့ရဲ့နောက်ဆုံးထွက်သက်ကိုမှီရုံလေးပါ။ဆရာဆုံးတော့နေ့လည်၂နာရီ။ဆရာ့ရုပ်ကလပ်ကိုဂျပန်ဆေးရုံအအေးခန်းမှာထားဖို့အအေးခန်းကကျမတို့လက်မှတ်ထိုးငွေပေးပြီးတဲ့အချိန်၊ညနေလေးနာရီမှာအာဏာပိုင်ကထားခွင့်မပြုနိုင်ဘူး။ရေဝေးကိုပို့ဖို့လာပြောပါတယ်။နာရေးကူညီမှုအသင်းလည်းရုံးပိတ်သွားပြီမို့ဒီတညထားခွင့်ပြုပါ။ကျမတို့နောက်နေ့ရေးကိုပို့ပါ့မယ်လို့ဘယ်လိုပဲပြောပြောမရဘူးဖြ

စ်နေတယ်။ဒီတော့ကိုမင်းကိုနိုင်က"ကိစ္စမရှိဘူး။ဂျပန်ဆေးရုံကနေလမ်းလျှောက်ပြီးကျ နော်တို့တယောက်တလှည့်ပခုံးနဲ့ထမ်းပြီးရေဝေးပို့မယ်"လို့ပြောမှအာဏာပိုင်ကကျမနဲ့ အတူကိုမင်းကိုနိုင်၊ကိုကိုကြီးတို့ကိုဆေးရုံအုပ်ကြီးရုံးခန်းကိုခေါ် တွေ့ပါတယ်။ဒီတရက် ထားခွင့်ပြုမယ်။မနက်ဖြန်ရေဝေးကိုပို့ရမယ်လို့ပြောပါတယ်။ဆရာ့ဧရာပနအခမ်းအနား လုပ်ဖို့၊အသုဘအိမ်လုပ်ဖို့ရဲရဲဝံ့ဝံ့လက်ခံခဲ့တဲ့အိမ်ရှင်ကတော့ဆရာကြီးဦးတင့်လွင်နဲ့ အန်တီစန်းပါ။၂၀၀၆ခုနှစ်မှာNLDနဲ့၈၈မျိုးဆက်တို့ပူးပေါင်းလုပ်ဆောင်သွားခဲ့တာဆရာ့ ဈာပနပထမဆုံးပါပဲ။ဒီလိုစုပေါင်းစည်းလုံးတာကိုစစ်အာဏာရှင်ကမလိုလားပါဘူး။ ဆရာ့ဈာပနအပြီးပြန်ဖို့ကားပေါ် တက်ဖို့ပြင်တဲ့ကိုမင်းကိုနိုင်ကိုအာဏာပိုင်ဘက်ကလူ တယောက်ကဝင်ထိုးလိုက်ပါတယ်။ဒါကိုမြင်လို့ပြေးလာကြတဲ့သူတွေကိုကိုမင်းကိုနိုင် က"သက်သက်ပွဲဖျက်အောင်လုပ်တောင်၊မဆူဆူအောင်ရန်စတာ၊ဘာမှပြန်မလုပ်ကြပါ နဲ့"လို့တောင်းပန်လိုက်တယ်။

ဆရာ့ဈာပနအတွက်လက်ကမ်းစာစောင်လုပ်တော့ကိုမင်းကိုနိုင်ကဆရာ့ပုံဆွဲပြီးကဗျာ တပုဒ်ရေးပါတယ်။အဲဒီ့ကဗျာထဲမှာမြို့ကလေးတော့အဖမဲ့သွားပြီတဲ့။ဟုတ်ကဲ့ပါ။အမှန် တရားကိုမြတ်နိုးတဲ့ပြည်သူလူထုနဲ့မိမိဒေသခံပြည်သူတွေကိုချစ်ခင်လေးစားစောင့်ရှော က်တဲ့ဆရာတယောက်ကလေးမြို့မှာမရှိတော့ပါဘူး။ကျမတို့နက်နက်ရှိုင်းရှိုင်းကြေကွဲ ဝမ်းနည်းခဲ့ရပါတယ်။

လေးစားရတဲ့သောတရှင်များရှင့်

လူတယောက်ဟာသူဘာတွေလုပ်ခဲ့တယ်။သူဘယ်လိုလူလဲဆိုတာဘဝနိဂုံးအဆုံးသ တ်တဲ့အချိန်မှာတကယ့်ရုပ်ပုံကိုအမှန်အတိုင်းကျန်တဲ့သူတွေကမြင်ရတာပါ။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ။ကျေးဇူးတင်ပါတယ်။

ကျမ..နှင်းပန်းအိမ်ပါ။

၁၄။လေးစားရတဲ့သောတရှင်များရှင့်

ကျမတို့မြန်မာပြည်သူ့ခေါင်းပေါ် မှာမိုးကောင်းကင်မဟုတ်ပါဘူး။စနစ်ဆိုး၊ခေတ်ဆိုးက ကောင်းကင်လိုမိုးထားပါတယ်။ကျမတို့ပြည်သူတွေမှာဝန်ထုတ်ဝန်ပိုးတွေကိုထမ်းပိုးနေ ရပါတယ်။ကျောပေါ် မှာပခုံးပေါ် မှာစစ်ပွဲတွေအကျဉ်းထောင်တွေနဲ့စစ်အာဏာရှင်ရဲ့ပြည် တွင်းစစ်ကပြည်သူလူထုကိုနလန်မထူအောင်လုပ်နေပါတယ်။

ပြည်တွင်းစစ်နဲ့အကျဉ်းထောင်နှစ်ခုလုံးကိုထမ်းပိုးထားရတဲ့လူမျိုးစုံအဖိနှိပ်ခံတွေထဲက ကရင့်အမျိုးသားတွေရဲ့ဘဝကလည်းသိပ်ကိုကြေကွဲစရာကောင်းလှပါတယ်။ကိုယ့်အိမ် ကိုယ့်ယာကိုယ့်လယ်မြေမှာစိတ်ချလက်ချစိတ်အေးလက်အေးမနေနိုင်ကြပါဘူး။စာသ င်ခန်းထဲဝင်နိုင်ဖို့ထက်ဗမာစစ်သားမြင်ပြေးရမယ်ဆိုတဲ့ဘဝအသိနဲ့ကြီးပြင်းရတဲ့ကလေ းတွေ၊ဗမာစစ်သားကိုကိုယ်ကအရင်မြင်နိုင်ရတဲ့လူဖြစ်ရပါ၏ဆိုတဲ့ဆုတောင်းတခုသာ တောင်းတတ်တဲ့ကရင့်အမျိုးသားစစ်ပြေးဒုက္ခသည်တွေမြန်မာပြည်နယ်စပ်တလျှောက် မှာအများကြီးပါပဲ။ကျမတို့ပြည်တွင်းမှာ၁၉၉၂ခုဘိုကလေးအရေးအခင်းကလည်းထိတ် လန့်ကြေကွဲစရာကောင်းလှပါတယ်။ဘိုကလေးမြို့နယ်ကက်သမျှင်ကျေးရွာမှာခရစ်စ မတ်ပွဲမတိုင်ခင်မိုးကြိုးပစ်တော်လဲသလိုပုံးဆံ၊အမြောက်ဆံ၊ကျည်ဆံတွေရွာထဲကိုကျ လာပါတယ်။ကျောင်းစာသင်ခန်းထဲကကလေးတွေစာသင်ခုံအောက်ထဲပြေးဝင်ကြ၊အ မိအဖရှိရာအားကိုးပြီးပြေးကြလွှားကြတော့ကျည်ဆံမှန်၊ပုံးဆံမှန်ပြီးအသက်ပျောက်မျိုး တုန်း၊ကျန်သူတွေဘဝပျက်၊အပူမီးတွေဝိုင်းခဲ့ရပါတယ်။ဒီထဲကမှကျောင်းဆရာကရင့်အ မျိုးသားဦးစောနီအောင်နဲ့သူ့ဇနီးသားဖွားဆရာမတို့အသက်မသေပေမယ့်ဘဝသေခဲ့ရ တယ်။

ဦးစောနီအောင်ကိုတသက်တကျွန်းပြစ်ဒဏ်ချပြီးသူ့ဇနီးကိုပြစ်ဒဏ်ငါးနှစ်နဲ့မအူပင်ထေ ာင်ကိုပို့လိုက်ပါတယ်။သားအကြီးလေးကသူငယ်တန်းအရွယ်မို့မြန်မာဘုန်းကြီးကျောင် းမှာအပ်ခဲ့ရတယ်။၆လအရွယ်သားငယ်ကိုမိခင်နဲ့အတူမအူပင်ထောင်ကိုခေါ် သွားရပါ တယ်။ကရင့်အမျိုးသားဦးစောနီအောင်ကဘာသာတရားကိုင်းရှိုင်းတယ်။ကရင်အမျိုး သားဖြစ်ရတာကိုကျေနပ်တယ်။ရိုးရာအစားအစာဖြစ်တဲ့တာလပေါကိုလည်းကြိုက်တဲ့

သူဖြစ်တယ်။ဦးစောနီအောင်ကိုကျမမြင်ဖူးခင်ကတည်းကခင်ပွန်းသည်ကိုထောင်ဝင်စာတွေ့ဆုံချိန်တိုင်းသူ့သတင်းတွေကိုကြားနေရတာပါ။ဦးစောနီအောင်ကိုစစ်တပ်ကဖမ်းဆီးပြီးအင်းစိန်ထောင်ကနေကလေးအကျဉ်းထောင်ကိုပြောင်းရွှေ့ပေးလိုက်ပါတယ်။ထောင်ဝင်စာတွေ့ဆုံမယ့်လူမရှိတဲ့ဦးစောနီအောင်အတွက်ကျမတတ်နိုင်သမျှထောင်ဝင်စာပစ္စည်းတွေပို့ပေးခဲ့ရပါတယ်။သူ့သားလေးနှစ်ယောက်နဲ့သူ့မိဘဆွေမျိုးတွေဆီသတင်းစကားပါးနိုင်ဖို့ကျမကြိုးစားပေးခဲ့ရပါတယ်။ဦးစောနီအောင်သားနှစ်ယောက်ကိုတာဝန်ယူထားတဲ့အမကြီးကအစာအိမ်ရောဂါသည်။သက်ကြီးရွယ်အိုအမိအဖကိုတာဝန်ယူနေရသူမို့ဝေးလံလှတဲ့ကလေးထောင်လိုက်ပြီးထောင်ဝင်စာမတွေ့နိုင်ခဲ့ပါဘူး။ဒ့ါကြောင့်စာနဲ့ငွေ၊တခါတရံလူကြုံပေးတတ်တယ်။နှစ်ရှည်ထောင်ဒဏ်တွေနဲ့ထောင်တွင်းအခြေအနေတွေကြောင့်ဦးစောနီအောင်မကြာခဏနေမကောင်းဖြစ်ပါတယ်။ဒီကြားထဲတီဘီပါထပ်ဖြစ်ပါတော့တယ်။

ဦးစောနီအောင်အတွက်အဖွဲ့ချုပ်ဗဟိုလူမှုအထောက်အကူကနေပြီးတီဘီဆေးဝါးတွေပျောက်ကင်းတဲ့အထိပေးခဲ့ပါတယ်။ဦးစောနီအောင်ကပန်းပုထုတတ်ပါတယ်။ထောင်ထဲမှာရတဲ့ပုံစံဆပ်ပြာကြမ်းကိုအရုပ်အမျိုးမျိုးထုပြီးသူ့သားနှစ်ယောက်အတွက်ကျမခင်ပွန်းသည်ကတဆင့်ထောင်ဝင်စာတွေ့တိုင်းပေးတတ်ပါတယ်။သူ့သားလေးတွေကလည်းအပါး၊နေကောင်းလားဆိုတဲ့စာတွေပေးပြီးဖခင်နဲ့သားတို့ရဲ့ချစ်ခြင်းကိုပုံဖော်ရပါတယ်။ဦးစောနီအောင်ရဲ့ဇနီးသည်ထောင်တွင်းညှင်းပန်းမှုတွေကြောင့်ထောင်ကလွတ်ပြီးမကြာခင်မှာဆုံးပါးသွားပါတယ်။မိခင်မရှိ၊ဖခင်ကထောင်ထဲမှာဆိုတော့ကလေးနှစ်ယောက်ကဘယ်အချိန်ကြည့်ကြည့်ညှိုးနွမ်းအားငယ်နေပါတယ်။ကလေးပီပီပျော်ပျော်ရွှင်ရွှင်လန်းလန်းဆန်းဆန်းမရှိရှာပါဘူး။စစ်ရဲ့အနိဋ္ဌာရုံ၊ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေကများလွန်းလို့လူတယောက်ကိုကြည့်ရင်စစ်ရေးအမြင်နဲ့သတိထားကြည့်တဲ့အကြည့်ကသူတို့ကျင့်သားရနေကြပြီ။မိခင်ဖခင်ရဲ့ချစ်ခြင်းနဲ့ထွေးပွေ့ယုယမှု၊စောင့်ရှောက်မှုကိုမရရှာတဲ့သူတို့ရဲ့ဘဝကိုသနားပြီးသနားနေရပါတော့တယ်။သားအငယ်လေးကတော့အင်းစိန်အကျဉ်းထောင်ထဲကမိခင်ကိုတခေါက်သာမြင်ဖူးပြီးဖခင်ကိုတခါမှမမြင်ဖူးပါဘူး။

၂၀၀၂ခုမှာတော့ဦးစောနီအောင်ကိုကလေးအကျဉ်းထောင်ကနေမိုင်းဆက်ထောင်ကို ရွှေ့ပြောင်းခံလိုက်ရပါတယ်။မိဘဆွေမျိုးတွေစိတ်ပူသွားပြီးဘယ်လိုတွေ့ရင်ကောင်းမ လဲလို့ကျမကိုအကြံတောင်းပါတယ်။ထောင်ဝင်စာတွေ့ရမယ့်သူကအကျဉ်းကျသူနဲ့အ တူသန်းခေါင်စာရင်းဝင်ဖြစ်ရမယ်။မှတ်ပုံတင်ပါရမယ်လို့အကျဉ်းထောင်တာဝန်ရှိသူမျာ းကသတ်မှတ်ထားတာပါ။ဦးစောနီအောင်သားအကြီးကဆယ့်ငါးနှစ်ရှိပါပြီ။ဒါပေမယ့်မှ တ်ပုံတင်မရှိသေးပါဘူး။သန်းခေါင်စာရင်းကကက်သမျှင်ရွာစစ်ပွဲမှာမီးလောင်တဲ့အထဲ ပါသွားပြီတဲ့။ပြာပုံဖြစ်သွားတဲ့ရွာပျက်စာရင်းဖြစ်သွားတာမို့သန်းခေါင်စာရင်းလည်းပြန် လျှောက်လို့မရပါဘူး။ဒီတော့ကျမတို့ICRCကိုအရင်သွားကြပါတယ်။ICRCကိုမှတ်ပုံတ င်သန်းခေါင်စာရင်းအထောက်အထားမပြနိုင်ပေမယ့်ICRCကတဆင့်သားနှစ်ယောက် ဆီဦးစောနီအောင်ပို့လိုက်တဲ့စာပြတာနဲ့အဆင်ပြေပါတယ်။နောက်တခုကအရေးကြီးပါ တယ်။အဲဒါကတော့မိုင်းဆက်ထောင်ကိုဘယ်လိုသွားရမလဲ။ဘာနဲ့သွားမလဲဆိုတာပါပဲ အဲဒီ့အချိန်ကပုံပါကျောင်နဲ့စစ်ဖြစ်နေတဲ့အချိန်ပါ။ထိုင်းကိုယိုးဒယားလို့ခေါ်ပြီးသတင်းစာ ထဲမှာထိုင်းကိုတိုက်ခိုက်တဲ့ဆောင်းပါးဒေါက်တာမတင်ဝင်းရေးနေတဲ့အချိန်ပါပဲ။နောက် ယိုးဒယားပစ္စည်းမှန်သမျှဖမ်းမယ်ဆိုပြီးအချို့မှန့်ကိုရန်ကုန်မြစ်ထဲမှာသင်္ဘော၊မော်တော် ပေါ်တင်ပြီးအကြီးအကျယ်ရေမျှောနေတဲ့အချိန်ပေ့ါ။

မိုင်းဆက်ကိုလေယာဉ်လမ်းတခုပဲသွားလို့ရပါတယ်။မိုင်းဆက်လေယာဉ်ကတပတ်မှာ နှစ်ရက်ပဲဆင်းပါတယ်။စနေ၊အင်္ဂါနှစ်ရက်ပါ။မိုင်းဆက်အသွားခရီးကရန်ကုန်မှာနေတာ မို့လေယာဉ်လတ်မှတ်မရမချင်းကိုယ့်အိမ်မှာစောင့်ရတာအပန်းမကြီးပေမယ့်မိုင်းဆက် မှာလေယာဉ်လက်မှတ်တလလောက်စောင့်ရရင်ဘယ်လိုလုပ်မလဲလို့တွေးပူရပါတယ်။ ကားလမ်းရှိပေမယ့်မိုးတွင်းအချိန်မို့ကားလမ်းတွေပိတ်ပါတယ်။နောက်ပြီးစောမြင့်အော င်ကလူငယ်အရွယ်မို့စစ်တပ်ကပေါ်တာဆွဲရင်မလွယ်ဘူးလို့သတိပေးကြပါတယ်။နယ် ဝေးထောင်ဝင်စာကိုကျမလိုက်ပို့တဲ့သူမှန်သမျှအသက်အရွယ်ကြီးရင့်သူများပါ။

အခုတော့ထောင်ဝင်စာတခါမှမတွေ့ဖူးတဲ့၁၅နှစ်သားကလေးရဲ့ဘဝလုံခြုံမှုကိုပါတာဝန် ယူရမယ်ဆိုတဲ့အသိကကျမစိတ်ပင်ပန်းရတဲ့ခရီးပါပဲ။

လေးစားရတဲ့သောတရှင်များရှင့်

အရွယ်နဲ့မမျှတဲ့ဘဝဒဏ်ရာတွေနဲ့လူငယ်လေးတယောက်ကိုဦးဆောင်ပြီးမိဘနဲ့သားသမီး ချစ်ခြင်းကိုပုံဖော်ဖို့ကျမကြိုးစားရတဲ့ထောင်ဝင်စာခရီးကကျမတဘဝစာမေ့မရနိုင်တဲ့ခ ရီးပါပဲ။

မိုင်းဆက်လေယာဉ်လက်မှတ်ရဖို့ကမ်းနားလမ်းလေယာဉ်ရုံးကိုတပတ်နစ်ကြိမ်သွားရပါ တယ်။မနက်ရှစ်နာရီအရောက်သွား။နေ့လည်နစ်နာရီအထိစောင့်။လက်မှတ်မရဘူးဆို တာသိရင်အိမ်ပြန်။တလကြာမှလေယာဉ်လက်မှတ်ရခဲ့ပါတယ်။ဝမ်းသာတာများမပြော ပါနဲ့တော့။ပြုံးရွှင်ခြင်းကင်းတဲ့စောမြင့်အောင်တောင်ပြုံးပြုံးရွှင်ရွှင်နဲ့"ဘုရားသခင်ဆီမှာ သားနေ့တိုင်းဆုတောင်းတယ်။အပါးနဲ့အမြန်ဆုံးတွေ့ရပါစေ"တဲ့။ဒီလောက်ဆုတောင်းန ည်းသလားလို့ကျမပြောတော့သူဘာမှပြန်မပြောတတ်ရှာဘူး။ဒီဆုတောင်းလေးကလ ည်းသူ့မိသားစုဘဝတွေနဲ့ရင်းထားရတာမို့လား။

ကျမတို့လေယာဉ်ကွင်းကိုရောက်တော့မနက်ငါးနာရီ။လေယာဉ်ထွက်ချိန်ကဂုနာရီဆို ပေမယ့်ကြိုရောက်ရပါတယ်။စောမြင့်အောင်မှာမှတ်ပုံတင်မရှိလို့လေယာဉ်ကွင်းဧည့် ခန်းထဲရောက်ဖို့လ.ဝ.က၊အကောက်ခွန်ဂိတ်တွေကျော်ဖြတ်တဲ့အခါကျမတို့စိုးရိမ်စိတ် နဲ့ရင်ထဲမှာလေယာဉ်အင်ဂျင်စက်မောင်းနေသလိုပါပဲ။ကံကောင်းချင်တော့ကျမတို့ချော ချောမွေ့မွေ့ဧည့်ခန်းထဲရောက်သွားပါတယ်။လေယာဉ်ကွင်းမှာနေ့လည်၁၂နာရီအထိ လေယာဉ်စောင့်ခဲ့ရပါတယ်။မြန်မာတနိုင်ငံလုံးသွားနေရတာလေယာဉ်နစ်စီးထဲမို့လေ ယာဉ်စောင့်ရတာပါ။စက်ချို့ယွင်းတာကိုလက်ပူတိုက်ပြင်ထားတဲ့လေယာဉ်ကိုကျမတို့ အသက်စွန့်ပြီးစီးခဲ့ရတယ်။ရန်ကုန်မန္တလေး-ဟဲဟိုး-နမ့်စမ်အဆင်းအတက်လုပ်ပြီးမှမိုင်း ဆတ်ကိုရောက်ပါတယ်။မိုင်းဆတ်အတွက်နမ့်စမ်-ဟဲဟိုးမှာကုန်စိမ်းတွေသားငါးတွေ ဘုရားပန်းတွေတင်ပါတယ်။ကျမတို့လေယာဉ်ကကုန်စိမ်းတင်တဲ့သီရိမင်္ဂလာဈေးကား လိုဖြစ်နေပါတော့တယ်။

မိုင်းဆတ်လေယာဉ်ကွင်းကိုညနေသုံးနာရီမှာရောက်ပါတယ်။မိုင်းဆတ်လေဆိပ်ရော က်လို့လေယာဉ်ပေါ်ကဆင်း။လေဆိပ်ဧည့်ခန်းထဲဝင်လိုက်တဲ့အခါမြင်ရတဲ့မြင်ကွင်းကို

ကျမမမေ့နိုင်သေးပါဘူး။ဒဏ်ရာရတဲ့စစ်သားတွေလေဆိပ်ကြမ်းပြင်မှာအတုံးအရုံးပိုးလိုးပက်လက်။ကျမတို့ကိုနှိပ်စက်ညှင်းပန်းတဲ့သူတွေအတိဒုက္ခရောက်တာကိုမြင်ရပေမယ့်ကျမတို့မပျော်ရွှင်ပါဘူး။ဒဏ်ရာရစစ်သားတွေကိုကျော်ပြီးကျမတို့မြို့ထဲတည်းခိုခန်းကိုသွားဖို့ကားငှားပါတယ်။ကျမတို့ငှားလာတဲ့ကားဆရာကပဲထောင်ကိုလမ်းညွှန်ပြီးလိုက်ပို့ပါတယ်။ထောင်ကမြို့နဲ့ဝေးပါတယ်။ထောင်ရောက်တော့ထောက်လှမ်းရေးခွင့်ပြုချက်နဲ့မှတွေ့ရမယ်ဆိုပြီးထောင်ဝင်စာပေးမတွေ့ပါဘူး။ဒီလောက်ဒုက္ခခံလာပြီးမှထောင်ဝင်စာမတွေ့ရရင်မပြန်ဘူးလို့ကျမစိတ်ဆုံးဖြတ်လိုက်တယ်။ကားဆရာကိုအကျိုးအကြောင်းပြောပြီးထောက်လှမ်းရေးတပ်ကိုပို့ခိုင်းရပါတယ်။

ထောက်လှမ်းရေးတပ်မှူးကကျမတို့နှစ်ယောက်ကိုမေးစရာရှိတယ်ဆိုပြီးကားကိုပြန်လွှတ်လိုက်ပါတယ်။ကျမလည်းထိတ်ခနဲဖြစ်သွားတယ်။"သူတို့ကလူသက်နဲ့ခေါ် တာ၊ငါတို့ကနတ်သက်နဲ့နေခဲ့ရတယ်"လို့ပြောတဲ့ဘွားကြည်စကားကိုသွားသတိရမိတယ်။သူတို့ခဏဆိုတာ၁၄နှစ်လည်းဖြစ်နိုင်တယ်မို့လား။ကျမကိုဦးစောနီအောင်နဲ့ဘာတော်သလဲမေးပါတယ်။မုန်မုန်ဖြေလို့လည်းခြိမ်းခြောက်သေးတယ်။ထောင်ဝင်စာအသားတံဆိပ်ဖြစ်နေရတဲ့ကျမသွေးတွေပူနွေးသွားတယ်။"ကျမကဦးစောနီအောင်အမရဲ့သူငယ်ချင်း၊ကျမမှာသားတယောက်ရှိတယ်။မိခင်စိတ်နဲ့ဒီကလေးကိုလိုက်ပို့တာ။ဒီကလေးကသူ့အဖေနဲ့တွေ့ခွင့်မရတာဆယ်နှစ်ကျော်ပြီ။အမေကလည်းထောင်ကလွတ်ပြီးမကြာခင်သေသွားတယ်။ခုသူ့ဒေါ် တွေနဲ့နေတယ်။ဒါ့ကြောင့်သားအဖချင်းတွေ့ဆုံခွင့်ရပါစေဆိုတဲ့ဆန္ဒနဲ့သားသမီးချင်းကိုယ်ချင်းစာစိတ်နဲ့လိုက်ပို့တာပါ။တခြားဘာရည်ရွယ်ချက်မှမရှိဘူး"။ထောက်လှမ်းရေးကကျမကိုယ်ရေးရာဇဝင်အကုန်ယူပါတယ်။ပြီးတော့စောမြင့်အောင်ကိုထပ်မေးတယ်။စောမြင့်အောင်က"အပါးနဲ့ကျနော်မတွေ့ရတာဆယ်နှစ်ရှိပြီ။အမိုးကလည်းထောင်ကလွတ်ပြီးသိပ်မကြာဘူး။ဆုံးသွားတယ်။သန်းခေါင်စာရင်းကလည်းရှာမီးလောင်တဲ့အထဲပါသွားတယ်။အဲဒီ့နေ့ကကျနော်တို့စာသင်ခန်းထဲမှာ။သေနတ်ကျည်ဆံတွေမှန်မှာဆိုးလို့ဆရာမကခုံအောက်သွင်းထားတယ်။သေနတ်သံပုံးသံတွေတိတ်သွားပြီးရှာမီးလောင်တော့တာပဲ။အမိုးကညီလေးချီပြီးကျနော့်ကိုလာခေါ် တယ်။ပြီးတော့ဘုန်းကြီးကျောင်းကိုသွားတယ်။အပါးကိုအဲဒီ့ထဲကမတွေ့ရတာ။အမိုးကိုစစ်တပ်ကဖမ်း

သွားတော့ညီလေးကဖလသားမို့ခေါ် လာခဲ့တဲ့။ကျနော့်ကိုတော့ဘုန်းတော်ကြီးကအလှူ ခံလို့ထားခဲ့တယ်။အမိုးပါသွားတော့ကျနော်မငိုရဲဘူး။ငိုရင်ကျနော့်ကိုတခြားကလေး တွေလိုဘက်နက်နဲ့အထိုးခံရမှာစိုးလို့။အမိုးကတော့စိတ်မချလို့သားအဒေါ် တွေကိုအ ကြောင်းကြားဖို့အထပ်ထပ်မှာသွားတယ်။သားကိုဖလလောက်ကြာမှအဒေါ် တို့ရှာတွေ့ တယ်။အမိုးလည်းအပါးစိတ်နဲ့သေရတာလို့အဖီးကပြောတယ်။ခုလည်းအပါးကိုတွေ့ချင် လို့ဒီကအန်တီကိုလိုက်ပို့ခိုင်းရတာပါ”။

စောမြင့်အောင်ကမျက်ရည်တွေနဲ့သူတို့ကိုပြောပြတော့မေးမြန်းသူတွေအားလုံးတွေသွ ားပါတယ်။စကားအများကြီးတခါမှမပြောဖူးတဲ့ကလေး၊သူ့ဘဝကိုပြန်တူးဆွပြီးဖခင်ကို တွေ့ဖို့ကြိုးစားတာဘယ်လောက်များနာကြင်လိုက်မလဲ။ကျမတို့ကိုထောက်လှမ်းရေးက တည်းခိုခန်းပြန်ပို့ပေးပြီးအထက်ကိုအကြောင်းကြားပေးမယ်လို့ပြောပါတယ်။နောက် နေ့မနက်ထောင်ဝင်စာတွေ့ဖို့တည်းခိုခန်းကိုထောက်လှမ်းရေးကလာခေါ် ပါတယ်။ကျမ တို့ကိုထောက်လှမ်းရေးကိုယ်တိုင်ထောင်ဝင်စာတွေ့ဖို့ဧည့်ခန်းမှာစီစဉ်ပေးပါတယ်။ဦး စောနီအောင်ကိုထောင်တာဝန်ရှိသူတွေကိုယ်တိုင်ခေါ် လာတဲ့အချိန်မှာသူ့ခန္ဓာကိုယ်ပိ န်ပိန်လေးနဲ့မမျှအံ့ဩတကြီး“ဖိုးခွား”လို့ခေါ် လိုက်တဲ့အသံကထောင်ကသူတွေရောထေ ာက်လှမ်းရေးပါဆို့နင့်ကြေကွဲသွားကြတယ်။တုန်ရီနေတဲ့ဦးစောနီအောင်ကိုအပါးလို့ ခေါ်ပြီးရှိုက်ကြီးတငင်ငင်ငိုကြွေးလိုက်တဲ့သားအဖ၂ယောက်ကိုကြည့်ပြီးအားလုံးငြိမ်သ က်သွားပါတော့တယ်။ရှိုက်ငင်နေတဲ့သားအဖ၂ယောက်တော်တော်နဲ့စကားမပြောနိုင် ကြပါဘူး။သူတို့သားအဖကိုကြည့်ပြီးကျမတသက်မွန်မြတ်တဲ့အလုပ်တွေပြည့်စုံသွားသ လိုခံစားမိပြီးကြည်နူးသွားရပါတယ်။

ထောက်လှမ်းရေးကဒီမြင်ကွင်းကိုမြင်တော့တာဝန်ကိုဖယ်ပြီးလူသားစိတ်နဲ့ဦးစောနီ အောင်တို့သားအဖနဲ့ကျမကိုဧည့်ခန်းထဲမှာထမင်းလက်ဆုံစားခွင့်ပြုပါတယ်။ကျမဆယ် နှစ်ထောင်ဝင်စာခရီးမှာအကျဉ်းသားတယောက်နဲ့အတူထောင်ဧည့်ခန်းမှာထမင်းလက် ဆုံစားခွင့်ရခဲ့တာအဲဒီ့တကြိမ်ပါပဲ။ဦးစောနီအောင်နဲ့သူ့သားကိုစကားဝအောင်ပြော၊မော မှပြန်လို့ထောက်လှမ်းရေးကခွင့်ပြုခဲ့ပါတယ်။ဦးစောနီအောင်ကမိဘဆွေမျိုးတွေဘယ် သူတွေရှိသေးလဲ။ဘယ်သူတွေသေကုန်ပြီလဲ။သားငယ်လေးကကော။သူ့ကိုဖခင်တ

ယောက်လိုသတ်မှတ်ရဲ့လားလို့မေးရာတယ်။ထောင်ဝင်စာအပြန်မှာစောမြင့်အောင်အတွက်သိုးမွှေးနဲ့ထိုးထားတဲ့ဘောကန်ဖိနပ်လေးပေးလိုက်ပါတယ်။

လေးစားရတဲ့သောတရှင်များရှင့်

မြန်မာပြည်တွင်းစစ်မီးလျှံထဲမှာကျမတို့ပြည်သူလူထုမိသားစုဘဝတွေလောင်မြိုက်ခံနေရပါတယ်။ဒီထဲကဘဲကျမတို့ဘဝတွေကိုအကြိမ်ကြိမ်ပြန်ပြီးတည်ဆောက်နေကြရပါတယ်။သောတရှင်များမျှဝေခံစားနိုင်ကြပါစေ။

ကျေးဇူးတင်ပါတယ်။ကျမ....နှင်းပန်းအိမ်ပါ။

၁၅။လေးစားရတဲ့သောတရှင်များရှင်

နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ဝေးလံခေါင်သီတဲ့အကျဉ်းစခန်းတွေဆီထောင်ဝင်သွားတွေနေရတဲ့မိသားစုတွေဒုက္ခကိုရေဒီယိုကနေတဆင့်ကျမကြားနေရပါတယ်။၁၉၉၈ထဲကထောင်ဝင်စာတွေ့ခဲ့တဲ့ကျမထောင်ဝင်စာနဲ့ကင်းကွာတာလပိုင်းမျှရှိသေးတဲ့အတွက်အကျဉ်းကျမိသားစုတွေရဲ့ဒုက္ခကိုကိုယ်တိုင်ခံစားနေရသလိုခံစားနေရဆဲပါ။လောကဓံဘယ်လိုကွေ့ကွေ့လောကဓံကြောင့်မပျံတဲ့ငှက်မရှိသလိုလူတွေကလဲလောကဓံကိုမျက်ရည်လူးတဲ့လက်တွေနဲ့ကာကွယ်ပြီးမသေမခြင်းရှုန်းကန်ကြရပါတယ်။

ထောင်ဝင်စာဆိုတာတနေ့တရက်ကိစ္စမဟုတ်ပါဘူး။ကိုယ့်မိသားစုမလွတ်မခြင်း၊နှစ်ချီပြီးတွေ့ရတဲ့ထောင်ဝင်စာပါ။ထောင်ထဲကသူကောအပြင်ကမိသားစုပါတမိုးအောက်မှာအတူပြန်ဆုံမယ့်ရက်ကိုနေဝင်နေထွက်တွက်ချက်နေရပါတယ်။ထောင်ထဲကသူကလဲသောကနဲ့ဆန္ဒပေါင်းပြီးထောင်ဝင်စာမျှော်ရသလို၊အပြင်ကလူကလဲသောကနဲ့ဆန္ဒပေါင်းပြီးထောင်ဝင်စာတွေ့ကြရပါတယ်။ထောင်ဝင်စာတွေ့ချိန်ကတော့မိသားစုအလွမ်းကြေရတဲ့နေ့ပါပဲ။ဒီအချိန်လေးကတော့သိပ်ကိုတန်ဖိုးကြီးပါတယ်။

ကျမတို့ခွန်အားတွေနဲ့ငွေကြေးတွေနဲ့လမ်းခရီးအခက်အခဲတွေကိုကျော်လွှားရန်းကန်ပြီးသွားကြရပါတယ်။မြန်မာပြည်မြေပုံရဲ့အထက်မှာရှိသူကိုအောက်ပို့၊အောက်မှာရှိသူကိုအထက်ပို့တဲ့အခါအကျဉ်းကျမိသားစုတွေကိုဆင်နဲ့ဆွဲရမ်းလိုက်သလိုပါပဲ။

စစ်ကိုင်းတိုင်းကလေးမြို့နယ်ထိုမာကျေးရွာကအဖွဲ့ချုပ်မြို့နယ်အတွင်းရေးမှူးဦးဘမင်းပထမအကြိမ်ထောင်၇နှစ်ကျစဉ်ကမန္တလေးထောင်မှာ၄နှစ်နေရပြီးထောင်တွင်းပြစ်ဒဏ်နဲ့မြစ်ကြီးနားအကျဉ်းထောင်ကိုပို့လိုက်ပါတယ်။ဦးဘမင်းဇနီးသားဖွားဆရာမဒေါ်တင်လှိုင်သားသမီး၆ယောက်ကိုတစ်ဦးထဲစောင့်ရှောက်တာဝန်ယူရပြီးဦးဘမင်းကိုထောင်ဝင်စာတွေ့ဖို့ကြိုးစားရပါတယ်။အိမ်ထောင်ဦးစီးစီးပွားရှာဖွေနိုင်သူကထောင်ကျတော့မိခိုသူတွေဒုက္ခရောက်ပါတော့တယ်။ဒေါ်တင်လှိုင်ကကျေးလက်သားဖွားဆရာမမို့စက်ဘီးတစီးနဲ့ရွာစဉ်လှည့်ဆေးကုပါတယ်။ဆေးကိုပြန်လာရင်ဝက်စာကြိုဝက်စာကျွေးနဲ့တနေကုန်နားရတယ်မရှိပါဘူး။

သားအငယ်ဆုံးလေး၂နှစ်မှာဦးဘမင်းထောင်ကျပါတယ်။မန္တလေးထောင်ကိုထောင်ဝင်စာသွားတွေ့ရင်ကလေးငယ်ကိုခေါ်သွားရပါတယ်။ကလေးမြို့ကနေကလေးဝ၊ကလေးဝချင်းတွင်းမြစ်ကူး၊မဟာမြိုင်တောဖြတ်၊မုံရွာ၊မုံရွာကနေမန္တလေးအဆင့်ဆင့်သွားရတဲ့ခရီးကကလေးငယ်နဲ့အတော်မလွယ်တဲ့ကိစ္စပါ။ခုလိုမှန်လုံတိုက်ရိုက်ကားတွေမရှိသေးပါဘူး။ဘယ်လိုသွားသွားကားလမ်းကောင်းမယ်၊ကားကောင်းမယ်ဆိုတညနဲ့နှစ်ရက်ကြာပါတယ်။

ထောင်ဝင်စာရောက်တော့သားလေးကိုဒီမှာမင်းအဖေဆိုပြီးသားကိုအဖေနဲ့ဒေါ်တင်လှိုင်ကအောင်သွယ်ပါတယ်။သံတိုင်တွေကြားသံဇကာနှစ်ထပ်နောက်ကဦးဘမင်းကိုကြည့်ပြီးကလေးက ` "သားအဖေမဟုတ်ဘူး။သားအဖေမဟုတ်ဘူး"လို့အော်ငိုပါတယ်။ကလေးကိုကြည့်ပြီးဦးဘမင်းလဲစိတ်ထိခိုက်သွားတယ်။ဒါကြောင့် ` "မင်းပင်ပန်းတယ်။နောက်လာမတွေ့နဲ့"လို့မှာလိုက်ပါတယ်။အပြန်ခရီးမှာတော့ကလေးက ` "အမေ့အဖေကသားတို့နဲ့ဘာလို့လိုက်မလာတာလဲ"တဲ့။

ဒေါ်တင်လှိုင်ကကလေးငယ်နဲ့မို့ခဏခဏမတွေ့နိုင်ဘူး။ဒါကြောင့်ဦးဘမင်းညီဦးဘဝင်းကအကိုဖြစ်သူကိုတလှည့်ထောင်ဝင်စာတွေ့ပါတယ်။မင်းကင်းမြို့နယ်တောင်တွင်းချောင်ဆိုတဲ့ရွာလေးကနေလာရတာပါ။အဲဒီ့တုန်းကမုံရွာ-ယာကြီးလမ်းမရှိသေးပါဘူး။

ကလေးမြို့လာချင်ရင်မုံရွာသွားချင်ရင်မင်းကင်းမြို့ကိုလာရပါတယ်။တောင်တွင်းချောင်ရွာနဲ့မင်းကင်းက၂၄မိုင်ဝေးပါတယ်။၂၄မိုင်ခရီးကိုခြေလျင်လျှောက်ရတာပါ။မနက်၄နာရီလျှောက်ရင်မင်းကင်းမြို့ကိုညနေ၄နာရီရောက်ပါတယ်။အဲဒီ့ရွာကလူတွေယာကြီးလမ်းပေါက်မှကားကိုမြင်ဘူးကြတယ်လို့ပြောပါတယ်။မင်းကင်းမှညအိပ်ပြီးနောက်နေ့သင်္ဘောဖြစ်ဖြစ်၊မော်တော်တခုခုစီးပြီးမုံရွာသွားရပါတယ်။မုံရွာကမှမန္တလေးဆက်သွားရတာပါ။ရိုးသားတဲ့ကျေးလက်ပြည်သူများမို့စစ်အာဏာရှင်ရဲ့ကောလဟာလတွေကြားပြီးတိုင်းပြည်တနေ့တော့ကောင်းလာမှာကောင်းလာမှာဆိုတဲ့စိတ်တွေနဲ့ မတရားမှုတွေကိုခေါင်းငုံခံနေရသူတွေပါ။ဒါကြောင့်ဦးဘမင်းကိုမြင်တော့သူမရိုတင်ကဲဆိုရှာတယ်။

``အကိုမင်းကွာသူတို့ကိုခံချရအောင်မင်းဘာလက်နက်ရှိလို့တုန်း"လို့ထောင်ဝင်စာမှာပြောတော့ဦးဘမင်းက``ဘဝင်းမင်းနောက်မလာနဲ့"လို့ပြောလွှတ်လိုက်တယ်။နွားရာဝဲစွဲဆိုတဲ့မြန်မာစကားပုံလိုပါပဲ။ဦးဘမင်းကိုမန္တလေးထောင်ကနေမြစ်ကြီးနားထောင်ကိုရွှေ့လိုက်တယ်။အဲဒီ့အချိန်မှာICRCရောက်ခါစပါ။ကျမနဲ့ရန်ကုန်ကိုလိုက်ခဲ့။ရန်ကုန်ကနေမြစ်ကြီးနားထောင်လိုက်ပို့ပေးမယ်ဆိုပြီးဦးဘမင်းသမီးအကြီးလေးကိုခေါ်ခဲ့ပါတယ်။ရန်ကုန်ရောက်တော့ICRCကိုသွားတွေ့ပြီးမြစ်ကြီးနားကိုထောင်ဝင်စာသွားတွေ့မယ်ပြောရပါတယ်။ICRCကလမ်းစရိတ်ပေးပြီးလမ်းခရီးအဆင်ပြေအောင်လေယာဉ်နဲ့သွားခိုင်းပါတယ်။မြစ်ကြီးနားလေယာဉ်လက်မှတ်ကမလွယ်ပါဘူး။ပြည်တွင်းလေကြောင်းလိုင်း၊မြန်မာ့မီးရထားများကခရီးသွားပြည်သူတွေအတွက်လေယာဉ်ဆို၅စောင်၊မီးရထားဆို၃ရက်ကြိုဝယ်တာတောင်၁၄-၅စောင်ဘဲရောင်းပါတယ်၊ဒါကြောင့်လေယာဉ်လက်မှတ်ရုံးမှာခဏခဏပြန်ရတော့ခရီးသည်တွေကပြည်သူစီးဖို့လုပ်မနေနဲ့စစ်တပ်လေယာဉ်၊ထေ၁က်လှမ်းရေးလေယာဉ်သာကြေငြာလိုက်တော့လို့ပြောယူရတဲ့အထိပါ။

ကျမတို့ဒလနီးပါးလေယာဉ်လက်မှတ်တန်းစီခဲ့ရပါတယ်။လေယာဉ်လက်မှတ်ရတော့အဘွားဒေါ်ကြည်ကြည်ကဦးဘမင်းအတွက်ထောင်ဝင်စာပစ္စည်းတွေအိတ်ကြီး၂လုံးစာထည့်ပေးပါတယ်။ဦးဘမင်းကိုအဘွားမမြင်ဘူးပေမယ့်စစ်အာဏာရှင်ကိုတော်လှန်သူမှန်သမျှအဘွားလေးစားတယ်တဲ့။ ``"သူတို့ကငါတို့ကိုထောင်ထဲမှာသေအောင်ထားတာငါတို့ကမသေအောင်နေရမယ်။နေခြင်းသည်တိုက်ခြင်းပဲ"လို့မှာလိုက်ပါတယ်။မြစ်ကြီးနားထောင်ရောက်တော့ထောင်တာဝန်ရှိသူတွေကပြစ်ဒဏ်နဲ့ပြောင်းလာတာမို့ထောင်ဝင်စာပေးမတွေ့နိုင်ဘူးလို့ပြောပါတယ်။အကျဉ်းထောင်ဆိုတာလွတ်လပ်မှုတွေကိုသတ်ပစ်တဲ့နေရာပါ။ထောင်ဝင်စာဆိုတာချက်ပြုတ်ကျွေးလှော်သွား။ထောင်ရောက်ပါဆယ်ပေးထောင်ဝင်စာတွေ့ဆိုတဲ့ရိုးရိုးရှင်းရှင်းအတွေးကိုကျမတို့အကျဉ်းကျမိသားစုတွေမတွေးနိုင်ပါဘူး။ထောင်တွင်းပြဿနာဘာများဖြစ်နေမလဲ။နာမကျန်းဖြစ်နေလား။ထောင်တွင်းညှဉ်းပန်းမှုတွေဖြစ်နေလား။ထောင်ဝင်စာမှတွေ့လို့ရပ့ါမလားဆိုတဲ့စိုးရိမ်ပူပန်မှုတွေနဲ့ထောင်ဝင်စာတွေ့ရတာပါ။

ကျမတို့ကလေးမြို့ကနေရန်ကုန်၊ရန်ကုန်ကနေမြစ်ကြီးနားအဆင့်ဆင့်လာခဲ့ရတဲ့ခရီးပင်ပန်းမှုကိုမထောက်ညှာ၊မေတ္တာစိတ်ကိုယ်ချင်းစာစိတ်နည်းပါးလိုက်ကြတာ။ကျမတို့ထောင်ဝင်စာတွေ့ဖို့ဘယ်သူ့ကိုပြောရမလဲပြောမယ်လို့ဘယ်လိုမှပြောမရခဲ့ပါဘူး။နောက်ဆုံးကျမတို့ချက်ပြုတ်ကျွေးလှော်လာတဲ့ဟင်းပါဆယ်တွေကိုလက်ခံပေးဖို့နဲ့ဦးဘမင်းကလက်ခံရရှိကြောင်းလက်မှတ်ထိုးပေးဖို့တောင်းဆိုခဲ့ရပါတယ်။ဦးဘမင်းကလဲထောင်ဝင်စာတွေ့ခွင့်မရတဲ့အတွက်ပါဆယ်ရရှိကြောင်းလက်မှတ်ထိုးမပေးနိုင်ဘူးလို့ငြင်းလွှတ်လိုက်တယ်။ညနေထောင်ဝင်စာပိတ်ခါနီးမှထောက်လှမ်းရေးကနောက်လထောင်ဝင်စာတွေ့နိုင်တယ်ပြောမှဦးဘမင်းပါဆယ်ရရှိကြောင်းလက်မှတ်ထိုးပေးလိုက်ပါတယ်။

လေးစားရတဲ့သောတရှင်များရှင်

လူ့ရဲ့သာမာန်အသားကနူးညံ့ပါတယ်။ထိခိုက်နာကျင်မှုတွေဒဏ်ရာတွေရဲ့နောက်မှာအသားတက်လာတဲ့အနာရွတ်တွေကကြမ်းတမ်းလာတာမြွတာပါပဲ။ဒဏ်ရာကနက်လေအနာရဲတ်ကပိုထူလေပါ။ဒီဘဝဒဏ်ရာကအကျဉ်းကျသူရောအကျဉ်းကျမိသားစုမှာပါရ

ခဲ့ပါတယ်။ကျမတို့အားလုံးထောင်ဆိုတဲ့အရာများနဲ့ကင်းချင်သူပါ။ထောင်ဆိုတာမနေအပ်မသွားအပ်တဲ့နေရာ။ဒါပေမယ့်ကျမတို့သွားနေရတယ်။သွားရတာမှနီးနီးလေးမဟုတ်ပါဘူး။မိုင်ရာချီတဲ့၊မိုင်ထောင်ချီတဲ့ခရီးတွေပါ။ဒီထောင်ဝင်စာခရီးကလည်းသမိုင်းဖြတ်သန်းမှုခရီးလို့ဆိုချင်ပါတယ်။ခရီးကြမ်းကိုဖြတ်ပြီးလူမှုဒုက္ခကိုရင်ဆိုင်ရဲအောင်ကျမတို့ကိုပိုပြီးရဲဝံ့အောင်ဘဝကသင်ပေးလိုက်တာပါ။အဘွားလူထုဒေါ် အမာပြောတဲ့“ငါ့သမီးထောင်ဆိုတာနိုင်ငံရေးအကျဉ်းသမားတွေကိုမွေးထုတ်ပေးတာ”ဆိုတဲ့စကားကိုလည်းကျမအမှတ်ရမိတယ်။

မြစ်ကြီးနားထောင်မှာဦးဘမင်းသမီးထောင်ဝင်စာမတွေ့ရဘဲပြန်ခဲ့ရတော့ဒေါ် တင်လှိုင်ကိုမြစ်ကြီးနားထောင်လိုက်တွေ့ဖို့ကျမခေါ် ခဲ့တယ်။ကျမကရန်ကုန်ကနေကလေးထောင်သွားထောင်ဝင်စာတွေ့။ဒေါ် တင်လှိုင်ကကလေးမြို့ကနေရန်ကုန်လာICRCသွား၊မြစ်ကြီးနားထောင်အထိလိုက်တွေ့နေရတဲ့အဖြစ်ကစနစ်ကြောင့်ပါပဲ။ဒေါ် တင်လှိုင်ကိုအဖွဲ့ချုပ်ရုံးခေါ် သွားတော့ဒေါ် အောင်ဆန်းစုကြည်ကနွေးနွေးထွေးထွေးကြိုဆိုပါတယ်။ဒေါ် တင်လှိုင်ကသူ့ကိုဒေါ် အောင်ဆန်းစုကြည်ကတရင်းတနီးအားပေးဆက်ဆံတော့သူ့ခံစားနေရတဲ့ဒုက္ခတွေတဝက်သက်သာသွားတယ်လို့ပြောပါတယ်။ဒေါ် တင်လှိုင်ကို“သားသမီးဘယ်နှစ်ယောက်လဲ”လို့မေးပါတယ်။“သားသမီး၆ယောက်ရှိပါတယ်”ဆိုတော့အန်တီကအံ့သြသွားပြီး၆ယောက်တောင်လား၊သားသမီး၆ယောက်ကိုပြုစုပြီးထောင်ရတဲ့တာဝန်ဘယ်လွယ်ပါ့မလဲ။ဒီကြားထဲထောင်ဝင်စာလဲတွေ့ရသေးတယ်။ဂုဏ်ယူပါတယ်ဆရာမလို့ပြောပါတယ်။ဒေါ် အောင်ဆန်းစုကြည်ပေးလိုက်တဲ့စိတ်ဓာတ်ခွန်အားတွေနဲ့ကျမတို့မြစ်ကြီးနားကိုထောင်ဝင်စာတွေ့ဖို့ဒုတိယအကြိမ်ရောက်ခဲ့ပါတယ်။အဲဒီ့အခေါက်မှာကျမတို့ထောင်ဝင်စာတွေ့ခွင့်ရခဲ့ပါတယ်။

မြစ်ကြီးနားကအပြန်မှာလေယာဉ်လက်မှတ်မလွယ်လို့ကျမတို့ရထားနဲ့မန္တလေးကိုပြန်ဖို့စီစဉ်ရပါတယ်။ရထားလက်မှတ်ကလဲသိပ်ကိုခက်ခဲပါတယ်။တညလုံးမအိပ်ဘဲလက်မှတ်ရုံရှေ့မှာတန်းစီရတာပါ။ကျမတို့ကိုမြစ်ကြီးနားမြို့ခံမိတ်ဆွေကကူညီလိုက်တဲ့အတွက်လက်မှတ်ရခဲ့ပါတယ်။မနက်၅နာရီမြစ်ကြီးနားမြို့ကစထွက်တဲ့ရထားကနောက်နေ့မန

က်၄နာရီမှမန္တလေးကိုရောက်ပါတယ်။မြစ်ကြီးနား-မန္တလေးရထားလမ်းကကဆုန်ပေါက်နေတဲ့မြင်းပေါ် တက်စီးရသလိုပါပဲ။

မနက်၄နာရီဆိုတော့ကျမတို့တည်းခိုခန်းသွားရင်ငွေကုန်မယ်။မီးရထားရိပ်သာထဲမှာရထားစီးခရီးသည်တွေ၊ရထားဈေးသည်တွေငှားအိပ်၊နားနေတဲ့ရိပ်သာလေးမှာဖျာငှားပြီးနေမယ်လို့ဆုံးဖြတ်ရတယ်။ဖျာတချပ်၁၅ကျပ်ပေးပြီးတနေကုန်နားလို့ရပါတယ်။၂၀၁၁ခုနှစ်ကမို့မီးရထားရိပ်သာလေးရှိသေးတယ်။ဒေါ် တင်လှိုင်ကမန္တလေး-ကလေးကားကိုနေ့လည်၂နာရီမှာစီးရမယ်။ကျမကမန္တလေး-ရန်ကုန်ဒဂုံမန်းညနေ၃:၁၅မှာစီးရမယ်ဆိုတော့မီးရထားရိပ်သာလေးကအဆင်ပြေပါတယ်။ပင်ပန်းပေမယ့်မတတ်နိုင်ဘူး။ငွေကုန်သက်သာဖို့ကအရေးကြီးတယ်ပေါ့။

ကျမတို့အထုပ်လေးချပြီးစကားပြောနေတုန်းမီးရထားရဲကလက်နှိပ်ဓာတ်မီးနဲ့ထိုးပြီးဘာလုပ်နေတာလဲမေးပါတယ်။ကျမတို့ကလည်းမြစ်ကြီးနားရထားကခရီးသည်တွေ၊ညနေဒဂုံမန်း၃:၁၅စီးဖို့ဒီမှာနားနေတာပြောတော့ရထားလက်မှတ်နဲ့မှတ်ပုံတင်ပြခိုင်းပါတယ်။ကျမတို့ရထားလက်မှတ်နဲ့မှတ်ပုံတင်ပြတော့မှတ်ပုံတင်ကိုမီးရထားရဲကယူလိုက်တယ်။မှတ်ပုံတင်ကကျမတို့အကျဉ်းကျမိသားစုတွေအတွက်သူများထက်ပိုပြီးအရေးကြီးပါတယ်။ဒါ့ကြောင့်ခါးပိုက်နှိုက်ရင်၊ကျပျောက်ရင်ငွေပဲပျောက်ပါ။မှတ်ပုံတင်မပျောက်ပါစေနဲ့လို့ဆုတောင်းရတဲ့အထိ။ခုမှတ်ပုံတင်ယူ၊ထွက်သွားတဲ့ရဲကိုဘာလို့မှတ်ပုံတင်ပြန်မပေးတာလဲလို့မေးတော့ထောက်လှမ်းရေးသွားခေါ် ပြီးပြန်လာမယ်တဲ့။မှောင်နေတော့ကျမတို့လိုက်လဲမလိုက်ရဲဘူး။ဒေါ် တင်လှိုင်ရဲ့ဝန်ထမ်းကဒ်ပါပါသွားတယ်။သိပ်မကြာဘူးစစ်ဂျာကင်နဲ့လူတယောက်နဲ့မီးရထားရဲပြန်လာတယ်။“ဒီမှာဆရာ၊ကျနော်ပြောတဲ့နှစ်ယောက်၊မှောင်ရိပ်ခိုမှုနဲ့ကျနော်မှတ်ပုံတင်သိမ်းထားတယ်”တဲ့။ကျမရင်ထဲငါတို့ကိုနှိပ်စက်တာအားမရလို့ဂုဏ်သိက္ခာပါထပ်ပြီးစော်ကားလာတယ်ဆိုတဲ့စိတ်နဲ့မခံချင်စိတ်၊ဒေါသစိတ်ရောသွားတယ်။သူကဆက်ပြောသေးတယ်။စခန်းကိုလိုက်ခဲ့ပါတဲ့။

“ဘာလို့လိုက်ရမှာလဲ၊မလိုက်နိုင်ဘူး၊ကျမတို့မြစ်ကြီးနားရထားစီးလာတဲ့ခရီးသည်တွေ၊ဒီမှာအထုပ်အပိုး၊ထမင်းချိုင့်၊ဆွဲခြင်း။ကျမကမြစ်ကြီးနားရန်ကုန်လက်မှတ်တခါတည်း

ယူလာတာ။ဒီကဆရာမကြီးကကလေးမြို့ကိုပြန်မှာ၊ဘူတာကြီးတခုလုံးမီးပြတ်နေတာ၊ ကျမတို့ကမှောင်ရိပ်မခိုလို့ဘယ်မှာခိုရမလဲ၊မိုးမလင်းသေးဘူး၊အလင်းရောင်မရှိဘူး၊ဒီ ထောက်လှမ်းရေးကဘယ်တပ်ကလဲ၊ကိုယ်ပိုင်နံပါတ်ပြော၊ကျမတို့ဘယ်မှမလိုက်နိုင်ဘူ း၊လိုအပ်ရင်အဘွားလူထုဒေါ် အမာဖုန်းနံပါတ်ပေးလိုက်မယ်၊ဖုန်းဆက်မေးနိုင်တယ်၊ဒီမှ ာရန်ကုန်မြစ်ကြီးနားလေယာဉ်လက်မှတ်၊ကျမတို့မြစ်ကြီးနားထောင်မှာနိုင်ငံရေးအကျဉ် းသမားဦးဘမင်းကိုထောင်ဝင်စာသွားတွေ့တာ"ဆိုပြီးလက်မှတ်အကုန်လုံးထုတ်ပြလို က်ပါတယ်။

ဒီတော့မှကျမတို့ကိုမှတ်ပုံတင်ပေးပြီးပြန်သွားတယ်။ကျမတို့အသံကြားပြီးခရီးသည် တွေလည်းနိုးကုန်ကြတယ်။သိပ်မကြာဘူး။စစ်ဂျာကင်နဲ့လူပြန်လာတယ်။"ဆရာမတို့ ကျနော်ကကားသမားပါ၊ဒီမှာကမီးရထားရဲနဲ့ကင်းလို့မရတော့သူခေါ် တဲ့နောက်လိုက်ခဲ့ ရတာ"လို့ပြောပြီးတောင်းပန်သွားတယ်။ကျမတို့ကိုငွေညှစ်ချင်လို့လုပ်တာလို့ပြောသွား သေးတယ်။ဒေါ် တင်လှိုင်ကကျမတယောက်တည်းဆိုဘယ်လွယ်မလဲလို့ပြောပါတယ်။ လမ်းခရီးမှာမထင်မှတ်တဲ့ဒုက္ခအခက်အခဲတွေလည်းရှိတတ်တယ်။

ဒီလိုနဲ့နှစ်ခေါ့တော့ဦးဘမင်းပြန်လွတ်လာပါတယ်။တနေ့ထိုမာရွာကိုကျမထောင်ဝင်စာ ကအပြန်ရောက်သွားတော့ဝက်သားပေါက်တဲ့အချိန်ပါ။ဝက်တွေကိုအညစ်အကြေးသ န့်စင်ပေးပြီးတောင်းထဲထည့်ရင်းနဲ့ဦးဘမင်းကပြောတယ်။"မတင်လှိုင်ရေဝက်၁၁ကော င်ဆိုတော့ကျုပ်ထောင်ကျရင်၂နှစ်စာတော့ဖူလုံပါတယ်"တဲ့။နိုင်ငံရေးသမားမို့ထောင် ကျရင်ဆိုတဲ့အတွေးကစိတ်ထဲအမြဲထည့်ထားရတာမို့လား။စက်တင်ဘာအရေးအခင်း မှဦးဘမင်းထောင်၂နှစ်ထပ်ကျပါတယ်။ကလေးမြို့စက်တင်ဘာသံဃာလှုပ်ရှားမှုမှာဦး ဆောင်ပါဝင်သူဆိုပြီးထောင်၂နှစ်ချတာပါ။သူနဲ့အတူမိုက်ကယ်ဝင်းကျော်၊ဦးညိုမြ၊ဦးမြ င့်သိန်းတို့လည်းပါပါတယ်။သူတို့အားလုံးကျမတို့ကလေးအကျဉ်းကျမိသားစုတွေကိုလူ သားစိတ်နဲ့ကူညီစောင့်ရှောက်ခဲ့သူများဖြစ်ပါတယ်။ဒေါ် တင်လှိုင်ကတော့ဦးဘမင်းကို ထောင်ဝင်စာတွေ့ရင်းဝက်မွေးနေရတုန်းပါ။

ကြွေးတင်ဝက်မွေးမဟုတ်ဘဲထောင်ဝင်စာတွေနိုင်ဖို့ဝက်မွေးနေရပါတယ်။ သောတရှင်များမျှဝေခံစားနိုင်ကြပါစေ။

ကျေးဇူးတင်ပါတယ်။ကျမ....နှင်းပန်းအိမ်ပါ။

၁၆။လေးစားရတဲ့သောတရှင်များရှင့်

ရှင်လိုင်ပြန်တဲ့နေ့၊ထောင်ကလွတ်တဲ့နေ့ဆိုတာဘဝမှာအပျော်ဆုံးနေ့လို့ဗမာစကားပုံရှိပါတယ်။ထောင်ကလွတ်ရင်မိသားစုရော၊အကျဉ်းကျသူရောပျော်ရွှင်ကြပြီးစကားတွေပြောမကုန်အောင်ဖြစ်ကြရပါတယ်။ထောင်ကလွတ်ပြီးကြိုဆိုမယ့်ဝိုင်းဝန်းပျော်ရွှင်ကြမယ့်မိသားစုမရှိတဲ့သူတွေရဲ့ဘဝကလည်းကြေကွဲစရာလည်းကောင်း၊ရင်နင့်စရာလည်းကောင်းလှပါတယ်။ဒီလိုအဖြစ်အပျက်မျိုးနဲ့ရင်ဆိုင်ခဲ့ရတဲ့နိုင်ငံရေးအကျဉ်းသူဒေါ် ရီရီဝင်း၂၀၀၇နိုဝင်ဘာ၁၅ရက်နေ့မှာထောင်ကလွတ်လာပါတယ်။

ထောင်ကျစဉ်တလျှောက်လုံးထောင်ဝင်စာတွေ့မယ့်လူမရှိတဲ့သူမရဲ့မိန်းမသားဘဝကလည်းကြေကွဲစရာကောင်းပါတယ်။မိသားစုအားလုံးကနိုင်ငံရပ်ခြားရောက်ပြီးသူတစ်ယောက်တည်းအကျဉ်းထောင်ထဲမှာအကျဉ်းကျခဲ့ရပါတယ်။ဒေါ် ရီရီဝင်းကမွန်ပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ဝင်တယောက်ပါ။သမီးငယ်နဲ့အတူအိမ်ဆိုင်လေးဖွင့်ပြီးအသက်မွေးရတဲ့ဒေါ် ဒေါ် ရီရီဝင်းအိမ်မှာNLDရုံးခန်းဖွင့်ထားပါတယ်။အဖွဲ့ချုပ်ဗဟိုကတိုင်းနဲ့ပြည်နယ်အစည်းအဝေးတက်ရောက်ပြီးပြန်လာတိုင်းအာဏာပိုင်ကခဏခဏမေးမြန်းခံရသူပါ။သူထောင်ကျပုံနဲ့ထောင်တွင်းဖြစ်စဉ်တွေအကြောင်းအခုလိုပြောပြပါတယ်။

"၂၀၀၄ဂျွန်၆ရက်နေ့မှာရပ်ကွက်လူကြီးနဲ့အတူမော်လမြိုင်ထောက်လှမ်းရေးကခဏလိုက်ခဲ့ပါ။မေးစရာရှိလို့ဆိုပြီးလာခေါ် ပါတယ်။ဒီလိုပဲခဏခဏလာခေါ် ပြီးပြန်လွှတ်တယ်ဆိုတော့ဟိုးတုန်းကအတိုင်းပဲလို့ကျမထင်မိတာပေါ့။ဒါပေမယ့်ဒီတခါတော့ထူးခြားတယ်။ကျမအိမ်ကိုဓာတ်ပုံရိုက်တယ်။ရဲမေနှစ်ယောက်ကအိမ်ထဲကိုအသေးစိတ်ရှာတယ်။

ရှာပြီးတော့လိုက်ခဲ့ဖို့ခေါ်တယ်။ဒီတော့ကျမကလည်းကလေးလက်ဆွဲပြီးခေါ်ခဲ့တာပေါ့။ သူတို့ကကလေးထားခဲ့ဖို့ပြောတယ်။ဆွေမျိုးသားချင်းမရှိတဲ့နေရာမှာကလေးမထားနိုင်ဘူးလို့ပြောတော့ခေါ်ခွင့်ပေးတယ်။အိမ်ကိုသော့ခတ်ပြီးရပ်ကွက်လူကြီးကသိမ်းထားလိုက်တယ်။ကျမကိုကျမမိသားစုအကြောင်းကျမမသိတဲ့အကြောင်းတွေမေးတော့တာပဲ။ ညနှစ်နာရီကျော်အထိကျမထမင်းမစားရဘူး။သမီးလေးကိုလှမ်းကြည့်လိုက်တော့ကုလားထိုင်ပေါ်မှာခေါင်းလေးစောင်းပြီးအိမ်ပျော်နေတယ်။တကိုယ်လုံးလည်းခြင်တွေကိုက်နေတာသီးလို့ပဲ။

နောက်နေ့နေ့လယ်လောက်မှာကျမတို့သားအမိကိုကားနဲ့လာခေါ်တဲ့သူကကျမကိုလက်ထိပ်ခတ်လိုက်တော့ကျမသမီးလေးလန့်သွားပြီးအော်ငိုလိုက်တာအခန်းတခုလုံးဟီးသွားတယ်။ပြီးတော့ကျမမျက်နှာကိုအဝတ်နဲ့စီးပြီးကားပေါ်ကိုတင်လိုက်တယ်။ထောက်လှမ်းရေးရုံးရောက်တော့ကျမသမီးလေးကိုဆက်ခေါ်သွားလို့မရဘူး။ထားခဲ့ရမယ်လို့ပြောတယ်။ကျမမျက်နှာပေါ်ကစည်းထားတဲ့အဝတ်ကိုဖယ်ပေးပြီးသမီးကိုမှာစရာရှိတာမှာလို့ပြောပါတယ်။သမီးလေးကိုအမျိုးတွေဆီဆက်သွယ်နိုင်အောင်လိပ်စာပေးပြီးအဒ္ဒရယ်ကိုဂရုစိုက်ဖို့အထပ်ထပ်မှာရတယ်။ဘယ်လိုဘဲမှာမှာဘယ်လိုဘဲပြောပြောကျမသမီးလေးကိုစိတ်မချနိုင်ခဲ့ဘူး။၁၂နှစ်သမီးလေးကိုတယောက်ထဲထားခဲ့ရတဲ့အဖြစ်ကကျမရင်ထဲမချိနိုင်အောင်ပါပဲ။

ကျမလက်ထိတ်နဲ့ကားပေါ်တက်တော့ကျမသမီးလေးမငိုနိုင်တော့ဘူး။ရှိုက်ရှိုက်ပြီးအုတ်နံရံလေးမှီကျန်ခဲ့တယ်။အဲဒီမြင်ကွင်းကကျမမျက်လုံးထဲကမထွက်နိုင်အောင်ခံစားခဲ့ရတယ်။ကျမကိုအောင်သပြေစစ်ကြောရေးစခန်းမှာ၁လနီးပါးကြာစစ်ဆေးပြီးအင်းစိန်ထောင်ကိုပို့လိုက်တယ်။ကျမနေရတဲ့အင်းစိန်အချုပ်တိုက်မှာမီးဖွင့်လို့ရပေမယ့်အမှောင်ချထားတယ်။ကျမကအမှောင်ထဲကနေအပြင်ကအချုပ်သူတွေသွားလာနေတာတွေ့ရတယ်။ဘယ်သူနဲ့မှအဆက်အသွယ်မရခဲ့ဘူး။ထမင်းလာကျွေးရင်အမှောင်ထဲမှာဘဲလက်နဲ့စမ်းပြီးစားရတယ်။စားရတာလဲအမဲရွတ်ပြုတ်လေးတဖတ်နှစ်ဖတ်ဝါးမရဘူး။၂လကြာတော့လူကတော်လာတယ်။အမှောင်ထဲကနေလှမ်းကြည့်ရင်အချုပ်သူတွေမိသားစုနဲ့တွေ့ပြီးပြန်လာရင်ငှက်ပျောသီးတွေ။မုန့်တွေစားနေတာမြင်ရင်ကျမသိပ်စားချင်တာပဲ

ကျမအဖြစ်ကဘာနဲ့တူသလဲဆိုတော့တရိစ္ဆာန်တကောင်ကိုအမှောင်ခန်းထဲချုပ်ထားသလိုပဲ။အလင်းထဲကအခန်းတွေချိတ်ထားတဲ့ငှက်ပျောသီးတွေတဖြည်းဖြည်းဝါမှည့်လာရင်တတံတွေးမျိုချရတယ်။ဘယ်သူမှန်းမသိဘူး။အဘက်ခန်းကသကြားလုံးလေးတွေမိလ္လာခွက်နားပစ်ချလိုက်ရင်ကျမမရှုံနိုင်ဘူး။ကောက်စားရတယ်.။

အမှောင်ခန်းထဲမှာတနေ့တော့ရုံးထွက်ဆိုပြီးလာခေါ်တယ်။ရုတ်တရက်အလင်းရောင်အောက်ရောက်တော့ကျမမျက်လုံးချက်ခြင်းပြန်ပိတ်လိုက်ရတယ်။အလင်းရောင်ကိုကျမကြည့်လို့မရသေးဘူး။အင်းစိန်အထူးရုံးမှာရုံးထွက်ရတယ်။NLDရှေ့နေဦးဉာဏ်လင်း၊ဦးအောင်သိန်း၊ဒေါ်ခင်ဌေးကြွယ်တို့ကကျမအမှုကိုရှေ့နေလိုက်ပေးတယ်။အမှုလိုက်မယ့်ရှေ့နေတွေနဲ့ကျမစကားပြောခွင့်မရခဲ့ပါဘူး။ကျမကိုပုဒ်မ၃ခုတပ်တယ်။၁၇(၁)၁၃(၁)အရေးပေါ်၅ညနဲ့တရားစွဲဆိုအမှုရင်ဆိုင်နေစဉ်မှာဘဲကျမသမီးလေးနဲ့တခါတွေ့ခွင့်ရတယ်။

ကျမနဲ့နေရတဲ့သေဒဏ်ကျခံနေရတဲ့သီလရှင်နှစ်ပါးလုံးဝထောင်ဝင်စာမရှိပါဘူး။မိသားစုကထောင်ဝင်စာလာမတွေ့နိုင်တဲ့သူတွေပါ။ကျမတို့ကိုအန်တီဒေါ်မေဝင်းမြင့်ကဝေငှကျွေးတယ်။ညနေကိုထောင်ကကြက်ဥတစ်လုံးပေးတယ်။မနက်ဆိုဘာမှစားစရာမရှိဘူး။ကော်ဖီမစ်လေးထုတ်ရှိရင်တယောက်တငုံဝေမျှပြီးသောက်ရတယ်။ကျန်းမာရေးကလဲနလုံးသွေးတိုးဖြစ်လာတော့ထောင်တွင်းဆေးခန်းမှာဘဲပြရတယ်။ဆေးကိုအမြဲစွဲသောက်ရတယ်။မိသားစုထောင်ဝင်စာမရှိတော့သိပ်ကိုခက်ခဲတယ်။ထောင်ကိုကြိမ်ဆေးဝယ်ဖို့ဆေးထောက်ပံ့ပေးဖို့လစောင့်ရတယ်။အဆင့်ဆင့်ထောက်ခံချက်တွေပေးပြီးမှဆေးသောက်ခွင့်ရတယ်။

ကျမနဲ့အမှုတွဲတူထောင်ဝင်စာထွက်တဲ့နေ့မှာကျမသမီးငယ်လာကြောင်းသိရတယ်။ဒါပေမယ့်အိမ်ထောင်စုစာရင်းမရှိလို့ထောင်ဝင်စာတွေ့ခွင့်မရခဲ့ဘူးတဲ့။ကျမအိမ်မှာပစ္စည်းတွေသိမ်းစဉ်အခါကအိမ်ထောင်စုစာရင်းပါသွားတယ်။၁၂နှစ်ကလေးငယ်ကိုအမေနဲ့တွေ့ခွင့်မပေးဘူး။ထောင်အရာရှိတွေကိုချက်ခြင်းအကြောင်းကြားဖို့ခွင့်တောင်းပေမယ့်မရခဲ့ဘူး။၁လပိုင်းရောက်တော့ကျမအိပ်နေတုန်းကျမသမီးလေးကိုအိပ်မက်မက်ခဲ့တ

ယ်။သမီးလေးကအုတ်တံတိုင်းအမြင့်ကြီးပေးကနေလက်ပြနုတ်ဆက်နေတဲ့ပုံမျိုးမက်တာ။နောက်တနေ့ထောင်ဝင်စာသူငယ်ချင်းထွက်တော့သတင်းတခုပါလာတယ်။ကျမသမီးလေးထောင်ဝင်စာတွေ့ရင်းအဝေးပြေးကားဂိတ်မှာပျောက်သွားတယ်လို့ကြားရတယ်။ထောင်ဝင်စာတွေ့ခွင့်မရဘဲပြန်သွားရတဲ့ကျမသမီးလေးဘယ့်လောက်များခံစားရမလဲ။ထောင်အရာရှိတွေကိုကလေးကိစ္စစုံစမ်းပေးပါလို့ဘယ်လိုဘဲပြောပြောမရခဲ့ပါဘူး။အိပ်မပျော်ညတွေနဲ့အိမ်လွမ်းစိတ်တွေ၊သမီးကိုပူတဲ့စိတ်တွေကကျမကိုနှလုံးရောဂါဖြစ်အောင်ထပ်မံကူပံ့ခဲ့တယ်။

လမ်းခရီးအွန္တရာယ်သမီးရဲ့ဘဝလုံခြုံရေး...အို..ကျမရင်ထဲလောင်မြိုက်နေတဲ့အပူကြီးကမီးအဖြစ်ကူးသွားရင်အင်းစိန်ထောင်တခုလုံးပြာကျသွားနိုင်တယ်။

လေးစားရတဲ့သောတရှင်များရှင်

သတင်းလဲပျောက်အလင်းလဲပျောက်ခဲ့ရတဲ့ဒေါ်ရီရီဝင်းတစ်ယောက်ဘဝဆိုတာဒုက္ခနဲ့သုခရောနေတာ။ဆိုးတာဘဲဖြစ်ဖြစ်ကောင်းတာဘဲဖြစ်ဖြစ်လှုပ်ရှားရုန်းကန်နေတာဘဝလို့ခံယူပြီးအကျဉ်းထောင်ထဲကနေဘဲစိတ်ကူးနဲ့သမီးပျောက်ရှာနေရပါတယ်။

``"ထောင်ဆိုတာအနာဂတ်ကိုလဲတွေးလို့မရဘူး။အတိတ်ကိုလဲမတွေးဘဲပစ္စုပ္ပန်ဘဲတည့်တည့်ကြည့်နိုင်မှဖြစ်မယ်ဆိုတာကျမကိုဘဝကသင်ပေးလိုက်တယ်။ထောင်ဝင်စာမရှိတဲ့သူတွေကများတဲ့အတွက်ကျမကဘဲစတင်ပြီးသေဒဏ်ကျခံနေရတဲ့၃ယောက်အပါအဝင်ကြက်ဥ၂၂လုံးကို၂ပုံစံပေးဖို့တောင်းဆိုခဲ့တယ်။ကြက်ဥ၁လုံးပိုရနိုင်ဖို့ကျန်းမာရေးဌာနရဲ့ထောက်ခံချက်နဲ့ထောင်မှူးထောင်ပိုင်အဆင့်ဆင့်တင်ပြပြီးမှရခဲ့ပါတယ်။

နွေရာသီရောက်လာတော့တနေကုန်ပူနေတဲ့အခန်းထဲမှာသော့ပိတ်ထားတော့ခေါင်းတွေမူးပြီးအန်ကြတယ်။ညဘက်ရောက်တော့တစ်နေ့ကုန်ပူထားတဲ့အရှိန်နဲ့တိုက်ခန်းကျဉ်းလေးထဲမှာအပူတွေပျံနေတာပေ့ါ။အိပ်နိုင်ဖို့အတွက်ကွပ်ပစ်လေးကိုရေပတ်တိုက်

ပြီးငုတ်တုတ်ထိုင်ငိုက်ရတယ်။အေးလာတဲ့အချိန်လဲရောက်ရောဝန်ထမ်းအရာရှိမတွေ
လာစစ်တော့ထပြီးထိုင်နေရတာပါပဲ။နွေရာသီရောက်မှာကျမတို့ကြောက်မိတယ်။

၂၀၀၇စက်တင်ဘာမှာမအကျတိုက်ကနိုင်ငံရေးအကျဉ်းသူတွေကိုညတွင်းခြင်းနစ်တို
က်ပေါင်းထားလိုက်တယ်။နေရာတွေအရမ်းကြပ်ပြီးဒုက္ခရောက်တာမပြောပါနဲ့တော့။
ထောင်အရာရှိတွေအဝင်အထွက်များလာပြီးကျမတို့ရေချိုးချိန်နဲ့တိုက်နေရင်အထဲပြန်ဝ
င်ပေးရတယ်။သူတို့ပြန်မှဆက်ချိုးရတော့ကျမတို့ထဲမှာဖျားတဲ့သူတွေဖျားကုန်ရော။
အောက်တိုဘာလမှာစမြိုးဆက်ကျောင်းသူမမီးမီးကိုကျမတို့အရင်နေခဲ့တဲ့အခန်းမှာ
ပြောင်းရွှေ့ထားတယ်၊ကျောင်းသူလေးတွေတော်တော်များများထောင်ထဲရောက်လာ
ကြတယ်။ကျောင်းသူလေးတွေကထောင်ဆိုတာနဲ့မတန်တဲ့ကလေးတွေပါ။ကျမအနေနဲ့
သားသမီးခြင်းကိုယ်ချင်းစာမိတယ်။သူတို့ကိုစစ်ကြောဖို့ညအချိန်မတော်လာခေါ် ။မန
က်မှပြန်ပို့လုပ်နေတာကိုမိဘတွေမြင်ရင်ရင်ကျိုးကြမယ်။လူတစ်ယောက်နစ်နစ်မြိုက်မြို
က်အိပ်ပျော်နေချိန်မှာအထိတ်တလန့်အနိုးခံရတာငရဲကျတာပါပဲ။ကျမတို့ကသူတို့ကို
အာဏာပိုင်လာခေါ် ရင်မျက်လုံးနဲ့ဘဲကြည့်ပြီးအားပေးရတယ် .။သူတို့ဒုက္ခကိုကိုယ့်ဒုက္ခ
ထက်ပိုပြီးခံစားရပါတယ်။

ကျောင်းသူလေးတွေရဲ့မိဘတွေဟာသူတို့သားသမီးတွေဒီနေရာရောက်နေတာမသိကြ
ဘူး။ရပ်ကွက်ထဲမှာသားပျောက်၊သမီးပျောက်ရှာနေတဲ့မိခင်ဖခင်တွေအသံညံ့နေတော့
မယ်။သေသလားရှင်သလား၊မသေမရှင်မီးရှို့ခံရရင်ဆိုတဲ့အတွေးတွေနဲ့ကြိတ်ပြီးငိုရှိုက်
နေမယ့်အသံတွေအပြင်မှာကမ္ဘာပျက်မတတ်ဖြစ်နေကြပြီလို့ကျမခံစားနိုင်ပါတယ်။သူ
တို့လေးတွေဒီနေရာရောက်နေတာကိုအပြင်ကလူတွေသိအောင်ကျမတို့မစွမ်းဆောင်နို
င်တဲ့အတွက်အတော့်ကိုစိတ်ပျက်ရပါတယ်။သူတို့ငတ်နေတာကိုကျမတို့မကြွေးနိုင်။ကျ
မတို့ကိုယ်တိုင်စားစရာမရှိနဲ့၊ထောင်ဝင်စာမရှိတဲ့အကျဉ်းသူတယောက်ကအရာရာကိုရ
င်ဆိုင်မယ်ဆိုပေမယ့်မိသားစုထောင်ဝင်စာတွေ့ဖို့ခေါ် လိုက်တဲ့အချိန်မှာမိသားစုမရှိတဲ့
ကျမတို့သိစိတ်ကတင်းထားပေမယ့်မသိစိတ်ကတော့်တော့်ကိုခံစားရပါတယ်၊ထောင်ဝ
င်စာဆိုတဲ့အချိန်မှာပျော်ပျော်ရွှင်ရွှင်ထွက်သွားတဲ့သူတွေပြန်လာတော့အဖေကဘယ်
လို၊အမေကဘယ်လို၊သားသမီးတွေကဘယ်ပုံဆိုပြီးသူတို့ပြောဆိုနေကြတာကိုကြည့်

ပြီးကျမတို့ပါပျော်လာရတယ်။ထောင်ဝင်စာဆိုတာမိသားစုအကြောင်းကိုသိခွင့်ရပြီးအလွမ်းကြေရတဲ့အချိန်မို့လား။သူတို့ကွယ်ရာမှာကျမတို့ဝမ်းနည်းရတယ်။မိသားစုကအဝေးကိုရောက်နေ။ဆွေမျိုးသားချင်းကထောင်ဝင်စာတွေ့ခွင့်မရတဲ့ကျမခုတွေးခုမျက်ရည်ကျတယ်။

နိုဝင်ဘာလထဲမှာကုလသမဂ္ဂကလာတွေ့တယ်။စက်တင်ဘာအရေးအခင်းမှာသေဆုံးစာရင်းနဲ့ကျောင်းသားကျောင်းသူတွေရှိမရှိလာတွေ့တာ။အချိန်ပိုင်းအတွင်းထောင်ကထမင်းဟင်းအိုးတွေစတီးအိုးဖြစ်သွားပြီ။ရေနွေးထမင်းတွေလဲချက်ခြင်းပြောင်းသွားတယ်။နိုဝင်ဘာ၁၅ရက်နေ့မှာကျမကိုအထုတ်တွေပြင်ပါလို့လာပြောတယ်။အန်တီဒေါ်မေဝင်းမြင့်နဲ့အားလုံးကကျမကိုထောင်ပြောင်းသလားမသိဘူးဆိုပြီးအားပေးကြတယ်။အပြင်ရောက်တော့မှကျမလွတ်ပြီဆိုတာသိရတယ်။ထောင်အပြင်ခန်းမဆောင်မှာသူတို့အကျဉ်းသားတွေကိုကောင်းမွန်စွာထားကြောင်းမစားရဝါခမန်းပြောတော့တာပဲ။ပြောင်လိမ်ပြောင်စားဆိုတာသူတို့ကိုပြောတာ။တဆက်ထဲမှာကျမတို့ကလဲပြောစရာရှိပါတယ်ဆိုပြီးထပြောခဲ့တယ်။ ``"ထောင်မှာအကျဉ်းသားတွေကိုလူကြီးလာမယ်။အလှူရှင်လာမယ်၊ကြံ့ခိုင်ဖွံ့ဖြိုးရေးအမျိုးသမီးတွေ၊ထောင်မှူးထောင်ပိုင်သင်တန်းဆင်းတွေလာရင်မိုးလင်းထဲကအခန်းထဲကမထွက်ရဘဲတံခါးသော့ခတ်ပြီးထိုင်စောင့်နေရတာ။ကလေးအမေတွေဆိုကလေးငိုတာချော့မရဘဲပိုက်ဆာလို့ကြွေးစရာမရှိနဲ့ထပ်ပြီးမနှိပ်စက်ပါနဲ့"လို့ပြောခဲ့တယ်။

ကျမနဲ့အတူလွတ်တဲ့သူတွေကဦးဖုန်းအောင်၊ဥပဒေကျောင်းသားသက်နောင်စိုး၊ထွန်းလင်းကျော်တို့ပါပဲ။သက်နောင်စိုးကကျမကိုသူ့အမဆိုပြီးလက်တွဲထားတယ်။ကျမတို့အင်းစိန်ထောင်ရဲ့အပြင်ဘက်ကိုရောက်ပြီးကားလမ်းကူးတော့ကားလမ်းမကူးရဲကြဘူး။လူတွေအများကြီးကိုမမြင်ရတာကြာတော့စိတ်ထဲတမျိုးကြီးပဲ။ကားငှါးပြီးကျမတို့NLDရုံးချုပ်ကိုလာခဲ့ကြတယ်။ရုံးရောက်တော့ရုံးကသူတွေကကျမတို့ကိုကြည့်ပြီးဝမ်းသာသွားကြတယ်။ICRCကိုလိုက်ပို့ပေးကြတယ်။

အိမ်ရောက်တော့ကျမကိုဝမ်းသာအားရပြေးပြီးကြိုမယ့်မိသားစုမရှိပါဘူး။ချိတ်ပိတ်ထားတဲ့အိမ်တံခါးကိုအာဏာပိုင်ဆီသော့တောင်းပြီးဖွင့်ဝင်ခဲ့ရတယ်။ကြိုဆိုသူမယ့်အထီးကျန်ကျမရဲ့အိမ်တွင်းပစ္စည်းတွေကိုကြွံခိုင်ရေးကလူတွေခွဲဝေယူကြတာဘာမှမရှိတော့ဘူး။ကျမအမနဲ့မောင်လေးရှိတဲ့မြို့ကိုသွားတော့ကျမမောင်လေးဘုန်းကြီးဝတ်နဲ့မဟုတ်ဘဲလူဝတ်ဖြစ်နေပြီ။ဘာဖြစ်လို့ဘုန်းကြီးဘဝကထွက်လိုက်တာလဲမေးတော့ကျမသမီးလေးကိုသွားခေါ်တာအမှတ်၅ထောက်လှမ်းရေးကဘုန်းကြီးကိုလူမှတ်ပုံတင်မရှိလို့ဆိုပြီးထောင်၃လချလိုက်တယ်။

ကျမထောင်ကလွတ်လာတော့ကျမသားနဲ့သမီးတွေဟိုးအဝေးမှာအိမ်ထောင်ကျကုန်ပြီတဲ့။တော်လှန်ရေးသမားဘဝဟာအိမ်ထောင်ရေး၊လူမှုရေး၊စီးပွားရေးပျက်မယ်ဆိုတာကြိုတင်သိထားပြီးသားပါ။ဒါပေမယ့်မိသားစုရဲ့နွေးထွေးတဲ့မေတ္တာကိုတော့မျှော်လင့်မိတယ်ဆိုတာရိုးသားစွာဝန်ခံပါရစေ”

လေးစားရတဲ့သောတရှင်များရှင်

ကျမတို့မြန်မာပြည်ရဲ့အမျိုးသမီးများကမိသားစုရဲ့လူမှုဒုက္ခတွေကိုတင်ဖြေရှင်းနေကြတာမဟုတ်ဘဲတိုင်းပြည်ရဲ့ကံကြမ္မာကိုပါရွက်ပိုးထားကြသူများပါ.............။

သောတရှင်များမျှဝေခံစားနိုင်ကြပါစေ

ကျေးဇူးတင်ပါတယ်။ကျမနှင်းပန်းအိမ်ပါ